
www.burmeseclassic.com




# မင်းဂူ

ကုံကော်နီ

အာင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၈၉၃/၂၀၀၄(၈)


မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၁၇/၂၀၀၄(၁၁)

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၅)၊ သီတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁)၊ ဆက်သွယ်ရေးဝန်၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅ ၊ ၀၉ ၈၀ ၃၅၅၈၁ ၊
၀၉ ၅၀ ၂၁၃၅၄ ။
aungmyinpub@myanmar.com.mm

ဒုတိယအကြိမ်-၂၀၀၄ ခုနှစ် ၊
(ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်





ရေတွင်းပျက်ကြီး၏ အတွင်းဘက်နံရံမှာ မြှုပ်ထားသော သံကိုင်းတွေကို အားပြုပြီး တစ်ထစ်ချင်း ခိုဆင်းလာခဲ့သည်။ အောက်ကို တစ်ဆင့် ဆင်းပြီးတဲ့အခါတိုင်း အပေါ်က သံကိုင်းများသည် ထူးဆန်းစွာ ကွယ်ပျောက်ကုန်သည်။ အောက်ကိုသာ ဆက်ဆင်းနိုင်ပြီး အပေါ်ကို ပြန်မတက်နိုင်တော့သည့် သဘော။

အထက်ကို မော့ကြည့်တော့ တွင်းနှုတ်ခမ်းဝကို ဖျဖျသာ မြင်ရသည်။ အလင်းရောင် ဝိုင်းဝိုင်းကလေးကို ကြည့်ရတာ လပြည့်ညနှင့် တူနေ၏။ အောက်ကို ငုံ့ကြည့်ပြန်တော့ အဆုံးမရှိအောင် မှောင်မည်းနေသလို ထင်ရ၏။

ထိုအခိုက်မှာပင် ဆွဲခိုထားသော သံကိုင်းမှာ အရည်ပျော်သလို ဖြစ်ပြီး ပျော့အိ တွဲကျလာသည်။ ရော်ဘာကွင်းလို တဖြည်းဖြည်း ရှည်လာပြီး ကိုယ်အလေးချိန်ကို မခံနိုင်ဘဲ ပြတ်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ခန္ဓာကိုယ်သည် အောက်သို့ ပြုတ်ကျသွား၏။ သို့ရာတွင် တရှိန်ထိုးမဟုတ်၊ လေထီးနှင့် ဆင်းရသကဲ့သို့ ဖြည်းညင်းစွာ ဆင်းသွားသည်။

အောက်ရောက်သောအခါ ကျောက်တုံးတစ်တုံးပေါ် ခြေချမိသည်။ ရေတွင်းထဲမှ ရေမှာ ရေသေမဟုတ်၊ စမ်းချောင်းကလေးလို စီးဆင်းနေသည်။ တွင်းနံရံတွေကလည်း အလုံပိတ်မဟုတ်ဘဲ ပတ်လည်မှာ လိုဏ်ခေါင်းတွေ အသွယ်သွယ် ရှိနေ၏။ လိုဏ်ခေါင်းတစ်ခု၏ အဝမှာ မြားပုံသဏ္ဌာန် လမ်းညွှန်ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည်။ စာသားကတော့. . .

"အ. ထ. က(၁)သို့"

ထိုအခါ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာပြီး စိုးရိမ်သွားမိ၏။ ဒီနေ့ ကျောင်းဖွင့်ရက်ပါလား။ ဒုက္ခပဲ။ လွယ်အိတ်လည်း ပါမလာဘူး။ ကျောင်းဝတ်စုံလည်း မဝတ်ခဲ့ရဘူး။ ကျောင်းပြေးလို့လည်း မဖြစ်။ အတန်းပိုင်ဆရာမက စည်းကမ်းကြီးသည်။ ထင်. . စာတွေလည်း မကျက်ရသေး။ အိမ်စာတွေလည်း မလုပ်ရသေး။

ပထမ ကျောင်းတက် ခေါင်းလောင်းထိုးသံ ကြားရသည်။ ကျောင်းတောင် နောက်ကျနေပြီ။ လိုဏ်ဂူထဲ ဝင်ပြီး လမ်းကြောင်းတစ်လျှောက် အားကုန်ပြေးသည်။ ရှေ့ကို မျှော်ကြည့်တော့ ဂူပေါက်ဝမှာ အတော် ဝေးသေးသည်။ ပြေးရတာလည်း သိပ်မကောင်းလှ။ လမ်းက ရေတွေ စိုစွတ်ပြီး ချောနေသည်။

လိုဏ်ဂူသည် ရုတ်တရက် ကျဉ်းမြောင်းသွား၏။ လေးဘက် ထောက်ပြီး ဝင်ရသည်။ တဖြည်းဖြည်း ထပ်ပြီးကျဉ်းမြောင်းလာသဖြင့် ဝမ်းလျားမှောက်ပြီး မိကျောင်းသွား သွားရ၏။ မလှုပ်သာ မလွန့်သာ တရွေ့ရွေ့ တိုးသွားပြီးမှ ဂူပေါက်ဝကို ရောက်





သည်။ ဂူဝမှာ ခေါင်းပြူကြည့်လိုက်သောအခါမှာတော့ ရှေ့မှာ ခါးထောက်ပြီး မားမားကြီး ရပ်ရင်း စူးစူးရဲရဲ စိုက်ကြည့်နေသော ကျောင်းအုပ်ဆရာကြီးကို တွေ့လိုက်ရလေသည်။

ဒီလိုအချိန်မှာ အိပ်မက်က လန့်နိုးဖို့ ကောင်းပြီဟု အိပ်မက်ထဲမှာပင် တောင့်တလိုက်မိသေးသည်။ တကယ်လည်း ဖျတ်ခနဲ လန့်နိုးလာသည်။ တကယ်မဟုတ်မှန်း သိပြီး စိတ်သက်သာရာရသွား၏။ ထိုအတူ တကယ်ပဲ ဖြစ်ခဲ့သလိုလို ရင်တွေ တုန်နေဆဲလည်း ဖြစ်၏။

အမှန်တော့ သူသည် ကျောင်းသားဘဝက လွန်မြောက်ခဲ့တာ အနှစ်နှစ်ဆယ် ပတ်ဝန်းကျင်လောက်တောင် ကြာမြင့်ခဲ့ပြီ။

◈ ◈

၂

"ခုတလော ရေတွင်းပျက်ကြီးအကြောင်း ခဏခဏ အိပ်မက် မက်တယ်ကွ"

ဟု ကျော်ဇင်ဦးက ပြောသည်။ မင်းသီဟက. . .

"ဟေ. . . တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ ငါလဲ မက်တယ်ကွ၊ ငါကျတော့ ရေတွင်းဘေးက ကံ့ကော်ပင်ကြီးကို မက်တာကွ"

"ဟုတ်လား၊ ကံ့ကော်ပန်းတွေကော ပွင့်နေလား"

"ပွင့်တာပေါ့ကွ၊ ငါက ကံ့ကော်ပန်းတွေ တက်ခူးတာ"

"ဘယ်သူ့ကို ပေးဖို့ ခူးတာလဲ"

"ဒါတော့ မသိဘူးကွ၊ အဲဒီတုန်းက ငါက ငယ်သေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



"အံမယ်. . . အိပ်မက်ထဲမှာတောင် နှုတ်ချင်နေသေးတယ်"

"ဆက်နားထောင်စမ်းပါဦး၊ ငါလဲ ကံ့ကော်ပန်းတွေ ခူးပြီး အပင်ပေါ်က ဆင်းလာတော့ အောက်မှာ ဘယာကြော်သည် တစ်ယောက် ရောက်နေတာ တွေ့တယ်၊ အဲဒီဘယာကြော်သည်က ဘယ်သူ ဖြစ်နေလဲ သိလား"

"ဘယ်သူလဲ"

"ခင်ဆွေသန်းကွ"

"ဟေ. . . ဘဲခေါင်းကို ပြောတာလား"

"အေးပေါ့"

"ဟာ. . . ဘဲခေါင်းက အခု ဌာနခွဲမှူးတောင် ဖြစ်နေပြီပဲ ဟာ၊ ဘယာကြော် ရောင်းရမှာလားကွ"

"မင်းကလဲ အိပ်မက်ပါဆိုမှ သူ မက်ချင်တာ မက်မှာပေါ့ မင်းတောင်မှ ဒီအရွယ်ကြီး ရောက်မှ ကျောင်းသား ပြန်ဖြစ်သွားတယ်လို့ မက်သေးတာပဲ"

"ကဲပါ. . . ဆက်ပြောပါဦး"

"ငါလဲ ဘယာကြော်နံ့က မွှေးတော့ စားချင်လာရော ပိုက်ဆံကလဲ မပါဘူးကွ၊ ဒါနဲ့ ငါက တောင်းစားတော့ သူက မပေးဘူးကွ၊ ကံ့ကော်ပန်းနဲ့ လဲမယ်လို့ ပြောတယ်၊ ငါကလဲ ကံ့ကော်ပန်းတွေက နန်းမွှေးကို ပေးဖို့ စိတ်ကူးထားတော့ ဘယ်လဲချင်မလဲ"

"ဒါနဲ့ ခုနပြောတော့ ဘယ်သူ့ပေးရမှန်း မသိဘူးဆို၊ ခုကတော့ နန်းမွှေး ပေးမလို့ ဖြစ်သွားပြန်ပြီ"

"အိပ်မက်ပါ ဆိုမှကွာ၊ အဲဒီအချိန်ကျတော့ နန်းမွှေးကို သတိရသွားပြီ ထားပါတော့၊ ဒါနဲ့ ငါလဲ ဘယာကြော်တွေ လှပြီ





ထွက်ပြေးတာပေါ့"

"ဘဲခေါင်းက နောက်က လိုက်တဲ့အချိန်မှာ မင်း လန့်နိုးတာ မဟုတ်လား"

"မဟုတ်သေးဘူးကွ၊ ဘဲခေါင်းက မလိုက်ဘူး၊ ခုန်ဆွခုန်ဆွ လုပ်ရင်း အော်ပြီး ကျန်ခဲ့တာ၊ ဒါပေမယ့် အဲဒီဘယာကြော်လဲ ငါ မစားလိုက်ရဘူး"

"ဘာဖြစ်လို့"

"စားမယ် လုပ်နေတုန်း ခွေးချီသွားလို့ကွ၊ ဒီကြားထဲ ဘယ်က ပေါ်လာမှန်း မသိပါဘူး၊ မျောက်တစ်ကောင်က ငါ့လက်ထဲက ကံ့ကော်ပန်းတွေ လုယူပြီး ဝါးစားနေပါရော၊ ငါက မျောက်ပါးစပ်ထဲက ကံ့ကော်ပန်းတွေ အတင်းဆွဲထုတ်နေတုန်း လန့်နိုးတာပဲ"

"ဒါနဲ့ နေစမ်းပါဦး၊ ဘဲခေါင်းက မတွေ့တာ ကြာပြီ မဟုတ်လား၊ ဘာကြောင့် အိပ်မက်ထဲ ပါလာရတာလဲ"

"ဒီလိုကွ. . . ဟိုတလောက ကိစ္စတစ်ခု ရှိလို့ သူတို့ရုံးကို ရောက်သွားသေးတယ်၊ နန်းမွှေးက အဲဒီရုံးမှာ ဘဲခေါင်း ရှိတယ်၊ အကူအညီလိုရင် သွားတောင်းလို့ မှာလိုက်တာလေ၊ အဲဒါကွာ. ."

ထိုရုံးက စည်းကမ်းကြီးဟန် တူသည်။ အဝင်ဝတွင် ဧည့်လက်မှတ် လုပ်ရသည်။ စာရေးက တွေ့ဆုံလိုသည့် ဝန်ထမ်း အမည်ကို မေးသည်။ ဘဲခေါင်း၏ နာမည်ရင်း ခင်ဆွေသန်း ဆိုတာကို မေ့သွား၏။ သူ ခေါင်းကုတ် စဉ်းစားသည်။ စာရေးက သူ့ကို မော့ကြည့်ရင်း ရေးဖို့ စောင့်နေသည်။

"ဒီလိုဗျာ. . . နာမည်က ပါးစပ်ဖျားလေးတင် မေ့နေလို့၊ တိုင်းဗျာ၊ အမျိုးသမီးပဲ၊ လည်ပင်းရှည်ရှည်၊ သူ့ခေါင်းက ဘေးတိုက် ကြည့်ရင်၊ အဲ. . . ဟို. . . ဘဲခေါင်းနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com

စာရေးသည် မျက်မှောင်ကုတ်လိုက်ပြီး. . .

"ဆရာက စီအိုင်ဒီကလား"

လှုပ်ပုံသဏ္ဍာန်ကိုသာ ပြောပြီး စုံစမ်းနေသဖြင့် ရုပ်ရှင်တွေထဲကလို ထင်မှတ်သွားဟန် တူ၏။ 'ခတ်ပုံပါလာရင်တော့ ပိုပြီးရှာရလွယ်မယ် ထင်တယ်' ဟု ဆက်ပြောနေသေးသည်။ စုံထောက်ဝတ္ထုတွေလည်း အတော်ဖတ်ပုံရ၏။

"ဟာဗျာ. . . မဟုတ်ပါဘူး၊ သူက ကျွန်တော့် ငယ်သူငယ်ချင်းပါ"

ငယ်သူငယ်ချင်းဆိုပြီး နာမည် မမှတ်မိဆိုတာ ယုတ္တိမရှိဟု ထင်စရာ ဖြစ်နေသည်။ ထို့ကြောင့်. . .

"ဒီလိုပါ. . . သူက အခု နာမည်ပြောင်းထားတယ်တဲ့. . . ဒါကြောင့်"

"ဒါဆို အရင်နာမည်က ဘာတဲ့လဲ"

စမိမှတော့ မထူးဘူးဆိုပြီး. . .

"ဘဲခေါင်းတဲ့"

"ဟာဗျာ. . . နာမည်ကြီးကလဲ"

ရုတ်တရက် စိတ်ကူးရသွားသဖြင့်. . .

"သူက ဒီရုံးမှာ ဌာနခွဲမှူးလေ၊ အမျိုးသမီးပဲ"

ဒီတော့မှ. . .

"အမျိုးသမီး ဌာနခွဲမှူးက တစ်ယောက်ပဲ ရှိတာပဲ၊ ဒေါ်ခင်ဆွေသန်းကို ပြောတာလား"

"ဟာ. . . ဟုတ်တယ် ဟုတ်တယ်၊ သူပဲ"

ခင်ဆွေသန်း(ခေါ်)ဘဲခေါင်းကို တွေ့ပြီးနောက် သူ့အလုပ်ကိစ္စကို အစမှ အဆုံးတိုင် ကူညီပေးလိုက်သည်။





"နောက် သိပ်မကြာဘူးကွ၊ မြို့ထဲက ရွှေဘုံသာလမ်းထိပ်မှာ ဘဲခေါင်းနဲ့ သွားဆုံတယ်၊ သူ့ငယ်နာမည် ဘဲခေါင်းလို့ ငါက ရုံးစာရေးကို ပြောလိုက်မိတာ တစ်နည်းနည်းနဲ့ သူ ပြန်ကြားပုံရတယ်၊ အဲဒါကွာ ငါ့ကို ရေရေလည်လည် ဟောက်တော့တာပဲ"

"ဟုတ်လည်း ဟုတ်တာပဲ၊ သူက အရာရှိ ဖြစ်နေတာကို၊ မင်းက ငယ်ငယ်က နာမည်ပြောင် သွားဖော်တာကိုး"

"ဒါနဲ့. . . ငါလဲ သူ ကျေနပ်အောင် ချော့မော့ပြီး ဘယာကြော်သုပ်ဆိုင် တွေ့တာနဲ့ ဝယ်ကျွေးလိုက်ရတယ်၊ ဒါကို စိတ်စွဲပြီး အိပ်မက်ထဲမှာ သူက ဘယာကြော်သည် ဖြစ်သွားတာ ထင်တယ်ကွ"

"မင်းအိပ်မက်အကြောင်းကိုလဲ ဘဲခေါင်းကို ကြုံရင် ပြောပြလိုက်ဦးပေါ့"

"မလုပ်ပါနဲ့ကွာ၊ ဘဲခေါင်း ဘယ်လောက် စွာတယ်ဆိုတာ မင်း သိသားပဲ၊ အခုတောင် ခေါက်ထီးနဲ့ တရွယ်ရွယ် လုပ်နေတာ"

ကျော်ဇင်ဦးက ရယ်လိုက်ပြီး ဘီယာခွက်ကို ယူ၍ လက်ကျန် ရှင်းလိုက်သည်။ ဖန်ကရားထဲမှာလည်း ကုန်နေပြီ။

"ဟော့ကောင်၊ နောက်တစ်ဂျား မှာရအောင်"

မင်းသီဟက. . .

"တော်ပါတော့ကွာ၊ မင်းကလဲ"

"ငါ မဝသေးဘူးကွ"

"မင်း အဲဒီအတိုင်းပဲ၊ အစားလဲ ကြီးတယ်၊ အအိပ်လဲ ကြီးတယ်၊ စကားလဲ များတယ်၊ သောက်ရင်လဲ များများသောက်ချင်တယ်"

"တစ်ခါတစ်လေပါကွာ"


www.burmeseclassic.com

www.burmeseclassic.com


"ပြီးတော့ မင်းကို ငါက အိမ်လိုက်ပို့ရဦးမယ်၊ ဟိုရောက်တော့ မင်းမိန်းမ တီနိယာက ငါ့ကိုပဲ အပြစ်ပြောတာ"

"အေး. . . ဝိုင်းဝိုင်းကို မင်း အဲဒီလို တီနိယာလို့ သွားခေါ်ရင် ပိုတောင် စိတ်ဆိုးဦးမယ်"

"မင်းလဲ နန်းမွေးကို ချိုင်းမွေးလို့ ခေါ်တာပဲ"

ကျော်ဇင်ဦးက ထပ်ပြီးတောင်းဆိုသဖြင့် ဘီယာတစ်ခွက်စီ ထပ်မှာသောက်ကြသည်။

"ခုလို ဘီယာလေးနဲ့ ငြိမ့်နေရတဲ့ အချိန်မျိုးမှာ စိုးချစ်ကို သတိရတယ်ကွာ၊ တစ်ရက်လောက်တော့ ဒီကောင့်ကိုပါ ချိန်းပြီး ဆုံရအောင်"

ဟု မင်းသိဟက တမ်းတသည်။ ကျော်ဇင်ဦးက. . .

"ဒီကောင်ကြီး ဘီယာမသောက်ဘူးကွ၊ ရမ်တို့ ဝီစကီတို့လဲ မကြိုက်ဘူး၊ ဘီအီးပဲ သောက်တာ"

"မင်းနဲ့ ဆုံသေးလား"

"အမြဲမဟုတ်တောင် ဒီကောင် မြို့ထဲက မဂ္ဂဇင်းတိုက်တွေ လာရင်း ဝင်ဝင်လာတတ်တယ်"

"သူက ကဗျာပဲ ရေးသလား၊ တခြား ဘာမှ မလုပ်ဘူးလား"

"စိတ်လိုတဲ့အခါမှာတော့ မြန်မာစာ ကျူရှင်လေးဘာလေး ပြတတ်တယ်၊ ဒါလဲ စီးပွားဖြစ် မဟုတ်ပါဘူး"

"တော်တော်ကော သောက်နေလား"

"အရက်သမားကြီးလုံးလုံး ဖြစ်နေပြီလို့တော့ ပြောလို့မရဘူးပေါ့ကွာ၊ ညနေတိုင်းလိုလိုတော့ သောက်တာပဲ"

"ဒီကောင် ခုထိ လူပျိုကြီး လုပ်နေတုန်းပဲနော်၊ အစွဲအလမ်းတော့ တော်တော်ကြီးတဲ့ကောင်ပဲ"

"ငါ တစ်ခု စဉ်းစားမိတယ်ကွ၊ ဒီကောင်လဲ ငါတို့ မက်တဲ့ အိပ်မက်မျိုး မက်မလား မသိဘူး"

"မင်းဟာက ဘာဆိုင်လို့လဲကွ၊ ငါတို့ မက်တာနဲ့ သူက မက်ရမှာလား"

"မပြောနိုင်ဘူးလေ၊ မင်း စဉ်းစားကြည့်ပါလား၊ မင်းနဲ့ငါနဲ့တောင် မတိုင်ပင်ဘဲနဲ့ အဲဒီအကြောင်းတွေ အိပ်မက်မက်ကြသေးတာပဲ၊ ရေတွင်းပျက်ကြီးနဲ့ ကဲ့ကော်ပင်ဟာ စိုးချစ်အတွက် ပိုပြီး ပတ်သက်မှု ရှိနေတယ်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com


စိုးချစ်သည် အမှန်တကယ်ပင် အိပ်မက်မက်လေသည်။

သူသည် ငှက်တစ်ကောင်လို လေထဲမှာ ပျံဝဲနေသည်။ အောက်ကို ငုံ့ကြည့်လိုက်သောအခါ မြေပြင်ပေါ်မှ အရာတွေအားလုံးကို သေးငယ်လှစွာ ပြားပြားဝပ်နေတာ မြင်ရသည်။ ကံ့ကော်ပင်ကြီး တစ်ပင်သာလျှင် ထီးထီးမားမားကြီး ထိုးထွက်နေသည်။ ကံ့ကော်တွေက ပင်လုံးကျွတ်အောင် ပွင့်နေကြ၏။

သူက ကံ့ကော်ပင်၏ အကိုင်းတစ်ကိုင်းပေါ်ကို ဆင်းသက်နားလိုက်သည်။ အကြီးဆုံး အလှဆုံး ကံ့ကော်ပွင့်ကို လိုက်ရှာသည်။ တွေ့ပြီ၊ လှလိုက်တဲ့ အပွင့်။ ထူးထူးခြားခြားပါပဲ၊ အချိုပန်းကန်တစ်ချပ်စာလောက် ရှိသော ကံ့ကော်ပွင့်ကြီး။

သူ ခူးဆွတ်လိုက်သည်။ ထို့နောက် မြေပြင်ပေါ်ကို ခုန်ချသည်။ လေဟာနယ်ထဲမှာလိုပင် မြေပြင်ပေါ်သို့ ညင်သာပေါ့ပါးစွာ ဆင်းသက်သည်။

မိန်းကလေးတစ်ယောက် လျှောက်လာနေတာကို မြင်ရသည်။ ရေတွင်းပျက်ကြီး၏ ဘောင်ကို မှီရင်း အဆင်သင့် စောင့်နေလိုက်၏။ အနားရောက်သောအခါ သူက ကံ့ကော်ပန်းကို ပေးသည်။ မိန်းကလေးက ခေါင်းခါသည်။

သူက လက်ထဲကို အတင်းထည့်ပေးလိုက်သည်။ မိန်းကလေးက ကံ့ကော်ပန်းကို လွှင့်ပစ်လိုက်၏။ ကံ့ကော်ပန်းသည် ရေတွင်းပျက်ကြီးထဲ ကျသွားသည်၊ သူ ရေတွင်းပျက်ကြီးထဲ ငုံ့ကြည့်သည်။ ကံ့ကော်ပန်းသည် ရဟတ်တစ်ခုလို ချာချာလည်ပြီး ကျသွားသည်။ ရေပြင်နှင့် ထိသောအချိန်မှာပင် ရေတွေ ပွက်ပွက်ဆူပြီး အခိုးအငွေ့တွေ ထွက်လာသည်၊ လှိုင်းတံပိုးတွေ ထနလာသည်။

နောက်ကို ပြန်လှည့်ကြည့်သောအခါ စောစောက မိန်းကလေးကို မတွေ့ရတော့၊ လမ်းတစ်လျှောက် ခြေရာတွေသာ ထင်ကျန်ခဲ့သည်။ ခြေရာအတိုင်း လိုက်သွားသောအခါ ကံ့ကော်ပင်ခြေရင်းမှာ အဆုံးသတ်သည်။ အပင်ပေါ် မော့ကြည့်သည်။ ကံ့ကော် တစ်ပွင့်မှတစ်ပွင့် ကူးပြီး ပျံလိုက်သွားလိုက် လုပ်နေသော လိပ်ပြာလေးတစ်ကောင်ကိုသာ တွေ့ရသည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

ဒီအိပ်မက်မျိုး မက်သူ နောက်တစ်ယောက် ရှိသေးသည်။

အိပ်မက်ထဲမှာ ကံ့ကော်ပင်ကြီးက မြေမှာ ပေါက်နေခြင်း မဟုတ်၊ ရေတွင်းပျက်ကြီးထဲက ထိုးထွက်နေခြင်း ဖြစ်၏။ ကံ့ကော်ပွင့်က တစ်ပွင့်တည်းသာ ကျန်တော့သည်။ အနားကပ်သွားပြီး ခူးမယ် လုပ်တော့ ကတ်ပြားလေးတစ်ခု ချိတ်ဆွဲထားတာ တွေ့ရသည်။

"ပိုင်ရှင်ရှိသည်၊ မခူးရ"

သူ စိတ်ပျက်ပြီး ပြန်အလှည့်တွင် သူ့ရှေ့မှာ တစ်စုံတစ်ယောက်က ရပ်စောင့်နေသည်။ ထိုသူ၏ မျက်နှာရှေ့မှာ ရေခိုးရေငွေ့တွေလို အရာများက ကာရံထားသဖြင့် ရှင်းရှင်းလင်းလင်း မမြင်ရ။ ထိုသူက. . .

"နင့်ဆန္ဒအတိုင်း ငါ့မျက်နှာကို ဘယ်တော့မှ မမြင်မတွေ့စေရပါဘူးလို့ ကတိပေးခဲ့တာကို ယုံပြီမဟုတ်လားဟင်"

ဟု ပြောသည်။ မျက်နှာကို မမြင်ရပေမယ့် အသံကိုတော့ ကြားရတာပဲ။ သည်အသံကို မှတ်မိသည်။ ထိုသူက. . .

"နင့်ကို ငါ ပန်းပေးပါတယ်"

ဆိုပြီး ကံ့ကော်တစ်ပွင့် လှမ်းပေးသည်။ သူ့လက်ထဲက ကံ့ကော်ပွင့်သည် အဖြူရောင် မဟုတ်၊ အနီရောင်။

ရဲရဲနီနေသော ပန်းတစ်ပွင့်။

ကံ့ကော်နီ။





ဒီရေတွင်းပျက်ကြီးနှင့် ကံ့ကော်ပင်တို့ကို သူတို့သည် ဘာကြောင့်များ စိတ်မှာ ဒီလောက် စွဲလမ်းနေကြရပါသလဲ။ ဘာကြောင့်များ အိပ်မက်ထဲအထိ စိုးမိုးခြင်း ခံနေကြရပါသလဲ။

နောက်ကြောင်းရာဇဝင်တော့ ရှိရပေမည်။

www.burmeseclassic.com


ကျောင်းကို သွားမည့် ဖြတ်လမ်းမှာ မြေနီလမ်းကလေး ဖြစ်၏၊ ထိုနေရာတစ်ဝိုက်တွင် ဟိုအရင်က စိုက်ခင်းတွေ ရှိခဲ့သည်။ ခုတော့ တဲအိမ်ကလေးတွေ ဟိုနားတစ်စု ဒီနားတစ်စသာ ရှိတော့သည်။

လမ်းကလေး၏ ဘေးတစ်နေရာတွင် ရေတွင်းပျက်ကြီး တစ်တွင်း ရှိ၏၊ တွင်းဘေးမှာ ကံ့ကော်ပင်ကြီး အုပ်မိုးနေသည်။ ထိုနေရာသည် တဲအိမ်စုတွေနှင့် နည်းနည်းလှမ်းသဖြင့် လူပြတ်သည်။

ရေတွင်းကြီးသည် အသုံးမပြုတာ ကြာပြီဖြစ်သဖြင့် အုတ်ေတာ် ယိုယွင်းပျက်စီးနေပြီ။ ရေတွင်းဘောင်၏ တစ်စိတ်တစ်ပိုင်းသည် အပေါ်ယံ တစ်ပေလောက် ပဲ့ထွက်နေပြီး အက်ကြောင်းလိုက်နေသည်၊ ဘောင်၏ သုံးပုံနှစ်ပုံလောက်ကတော့ အပေါ်ယံ အင်္ဂတေတွေ ကွာကျနေသည့်တိုင် ခိုင်ခိုင်ခံ့ခံ့ ရှိနေဆဲ ဖြစ်၏။

ရေတွင်းကြီးမှာ သာမန် အိမ်သုံးရေတွင်းတွေနှင့် မတူဘဲ ထူးထူးခြားခြား ကြီးမားသည်၊ ပေါင်၏ ဖြက်ကပင် နှစ်ပေလောက် ရှိပြီး လူတစ်ယောက် တောင်းကောင်း တက်လှဲ့လို့ရသည်။

ဒီရေတွင်းကြီးသည် အရင်က စိုက်ခင်းတွေ ရေလောင်းဖို့ တူးထားခြင်း ဖြစ်မည်ဟု တချို့က ခန့်မှန်းသည်။ တချို့ကတော့ စိုက်ခင်းအတွက်ဆိုလျှင် သည်လောက် ခံ့ခံ့ညားညား လုပ်ထားစရာ မလို၊ ဖြစ်နိုင်တာက တစ်ချိန်တုန်းက ဒီနေရာမှာ ရွာကြီးတစ်ရွာ ရှိလိမ့်မည်။ ဒီရေတွင်းကြီးကတော့ တစ်ရွာလုံး သုံးကြဖို့ တူးထားခြင်း ဖြစ်ရမည်ဟု မှတ်ချက်ချသည်။

တချို့ကလည်း ဒီနေရာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိခဲ့ပြီး ကျောင်းရေတွင်း ဖြစ်နိုင်သည်ဟု ကောက်ချက်ဆွဲသည်၊ သူဌေးကြီး တစ်ဦးဦး၏ နွေရာသီ ဥယျာဉ်ထဲက ရေတွင်းကြီးဟု ဆိုသူလည်း ရှိ၏၊ ဘယ်သူမှတော့ တိတိကျကျ မပြောနိုင်၊ အနီးအနားတစ်ဝိုက်ရှိ တဲအိမ်စုမှ လူတွေကလည်း သူတို့ ဒီရောက်မလာခင်ကတည်းက ဒီရေတွင်းကြီး ရှိနှင့်ပြီး ဖြစ်သည်ဟု ပြောကြသည်။

ကံ့ကော်ပင်ကြီးသည်လည်း ထို့အတူပင် ဖြစ်၏။ ရေတွင်းနားက ကံ့ကော်ပင် ဖြစ်သောကြောင့် ရေဓာတ် ကောင်းကောင်းရလို့လား မသိ၊ ပွင့်ပြီဆိုလျှင် တစ်ပင်လုံး ဖွေးဖွေးလှုပ်အောင် ပွင့်ကြသဖြင့် အပင်ပေါ် နှင်းခဲတွေ ကျနေသလား အောက်မေ့ရသည်၊ နောက်ပြီး ထူးခြားတာက ဒီအပင်ကြီးသည် တခြားအပင်တွေထက် နှစ်ပတ်သုံးပတ်လောက် စောပြီး ပွင့်တတ်ခြင်းပင် ဖြစ်၏။

ထို့ကြောင့် ရေတွင်းပျက်ကြီးနှင့် ကံ့ကော်ပင်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာတစ်ဝိုက်မှာ အဓိကရလို ဖြစ်နေလေတော့သည်။

◈ ◈ ◈

ရေတွင်းပျက်ကြီးနှင့် ပထမဆုံး စတင် ပတ်သက်သူက ကျော်ဇင်ဦး ဖြစ်၏။

သူတို့သည် လေးတန်းအောင်ကြပြီးနောက် အထက်တန်း ကျောင်းကြီးကို ပြောင်းကြရသည်။ ထိုအခါ ကျောင်းသွားကျောင်း ပြန် ဒီဖြတ်လမ်းကို အသုံးပြုကြသည်။

ကျော်ဇင်ဦးသည် ရေတွင်းပျက်ကြီးနား ရောက်တိုင်း စိတ် ထဲက မရိုးမရွ ဖြစ်ရသည်။ ဒီရေတွင်းကြီးကို သူ စိတ်ဝင်စားသည်။ သေသေချာချာ လေ့လာချင်သည်။

ရေတွင်းနားက ဖြတ်လျှောက်တိုင်း လှည့်ကြည့်လှည့်ကြည့် လုပ်တတ်သည်။ တချို့နေ့တွေမှာ လှစ်ခနဲ ပြေးသွားပြီး တွင်းပေါင် ပေါ် ဝမ်းလျားထိုးတက်ပြီး အောက်ကို ငုံ့ကြည့်သည်။ ပေါင်က ကျယ်နေသဖြင့် အောက်ခြေကို မြင်ရလောက်သည်အထိ မရောက် ဘဲ ဖြစ်နေ၏။ ဒီကြားထဲမှာ သူငယ်ချင်းတွေက. . .

"ဟေ့ကောင်. . . တွင်းထဲ ပြုတ်ကျနေဦးမယ်"

ဆိုပြီး လိုက်လိုက်ဆွဲကြသေးသည်။ ထို့ကြောင့် ကျော်ဇင်ဦး မှာ အားမလိုအားမရ ဖြစ်နေ၏။

သူတို့သည် အရင်က မူလတန်းကျောင်းကလေး ပတ်ဝန်း ကျင်နှင့် ရပ်ကွက်အတွင်းမှာသာ ကျင်လည်ခဲ့ရသည်။ ငါးတန်း





ရောက်လို့ ကျောင်းကြီးကို ပြောင်းတော့မှ ဒီဘက်ကို ရောက်ဖူး ခြင်း ဖြစ်၏။ ထို့ကြောင့် အစပိုင်း တစ်လလောက်မှာ သိပ်အတင့် မရဲကြသေး။ လမ်းသွားလျှင် သေသေဝပ်ဝပ် ကုပ်ကုပ်ကလေးတွေ။ မျက်လုံးက ဟိုကြည့်ဒီကြည့် ရွဲ့တွဲ့တွဲ့ ဖြစ်နေကြ၏။

နောက်ပိုင်း အသားကျလာတော့မှ ကဲလာကြခြင်းဖြစ်၏။ သူတို့ထဲမှာ ကျော်ဇင်ဦးက အဆိုးဆုံး။ လမ်းသွားလျှင် ကောင်း ကောင်း မသွား။ ခဲလုံးတွေ ကောက်ပြီး ဟိုပစ်ဒီပစ် လုပ်ချင်လုပ် သည်။ လမ်းဘေးက ချုံတွေ သစ်ပင်ငယ်တွေကို တုတ်တစ်ချောင်း နှင့် လျှောက်ရမ်းချင် ရမ်းသည်။

စိုးချစ်ကတော့ ခြေလှမ်းနှေးသည်။ သူက တွေးရင်းငေး ရင်း ခပ်ဖြေးဖြေး လျှောက်တတ်သူ ဖြစ်၏။ ဒါကို ကျော်ဇင်ဦးက စိတ်မရှည်။ ထို့ကြောင့် ရှေ့ကနေ ခပ်သွက်သွက် အပြေးတစ်ပိုင်း သွားပြီးမှ တစ်နေရာရာမှာ ထိုင်စောင့်နေတတ်သည်။

"မင်းဟာက ဘာထူးလဲကွ၊ ရှေ့က မြန်မြန်သွားမယ်ဆိုလဲ တစ်ခါတည်း ကျောင်းရောက်အောင် သွားပေါ့၊ ခုတော့ ပြေးပြီး တော့လဲ ပြေးသေးတယ်၊ ပြီးတော့လဲ ပြန်ထိုင်စောင့်နေသေးတယ်၊ နောက်ဆုံးတော့ ကျောင်းကို တူတူပဲ ရောက်တာပဲ"

ဟု မင်းသီဟက ပြောသည်။ ကျော်ဇင်ဦးက. . .

"ဒီကောင် လေးတိလေးကန်နဲ့ လျှောက်နေတာ ငါ စိတ်မ ရှည်ဘူးကွာ၊ ဒါပေမယ့် တစ်ယောက်တည်းလဲ မသွားချင်ဘူး၊ ဒါ ကြောင့် စောင့်နေတာ"

ကျော်ဇင်ဦးသည် ဟိုရက်တွေက ရေတွင်းပျက်ကြီးကို လေ့လာချင်လျက်နှင့် အောင့်ထားခဲ့ရသည်။ တစ်ရက်မှာတော့ ကျောင်းမတက်ခင် ဘီတန်းက ကောင်တွေနဲ့ ကျားထိုးဖို့ ချိန်းထား



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် စောစော ထွက်လာခဲ့ကြသည်။ ရေတွင်းကြီးနှင့် မလှမ်းမကမ်း အရောက်တွင် ကျော်ဇင်ဦးက ထုံးစံအတိုင်း ရှေ့က ပြေးသည်။ ရေတွင်းပျက်ကြီးဆီ တန်းပြေးပြီး ပေါင်ပေါ် ကွယ်တက်လိုက်၏။ ဆောင့်ကြောင့်ထိုင်ပြီး ရေတွင်းထဲ ငုံ့ကြည့်သည်။

"ဟော့ကောင်တွေ အောက်မှာ ရေတွေ ရှိသေးတယ်ကွ၊ ဒါပေမယ့် သန့်တော့ မသန့်ဘူး၊ သစ်ရွက်ဆွေးတွေနဲ့"

ဟု အော်ပြောသည်။

"ဟော့ကောင်. . . ရေတွင်းထဲ ပြုတ်ကျနေဦးမယ်"

မင်းသီဟက လှမ်းသတိပေးသည်။ ကျော်ဇင်ဦးက လွယ်အိတ်ကို ပေါင်ပေါ် ပစ်ချပြီး. . .

"မကျပါဘူးကွ၊ ရေတွင်းပေါင်က အကျယ်ကြီးပဲ၊ ဒီပေါ်မှာ လမ်းလျှောက်လို့တောင် ရတယ်၊ ကြည့်"

ဆိုပြီး ရေတွင်းပေါင်ပေါ် ပတ်လျှောက်ပြသည်။

"သတိထားဦး ဟော့ကောင်"

စိုးချစ်က ပြောသော်လည်း ကျော်ဇင်ဦးက ဂရုမစိုက်၊ လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်း၍ လေယာဉ်ပျံဝဲသလို လုပ်ပြနေသေးသည်။ သူသည် စိုးချစ်တို့ဘက် လှည့်ကြည့်ပြီး 'ဟား ဟား' ဟု ရယ်လိုက်၏။ ထိုအခိုက်မှာပင် သတိတစ်ချက် လွတ်သွားသည်။

ရေတွင်းဘောင်၏ တစ်နေရာတွင် တစ်ပေလောက် ပဲ့ထွက်ပြီး အက်ကြောင်းလိုက်နေသော နေရာရှိသည်။ ကျော်ဇင်ဦးသည် ဟိုကောင်တွေဘက် လှည့်ကြည့်လိုက်သောအခိုက်နှင့် ပဲ့ထွက်နေသောနေရာကို ခြေအချ အံကိုက်ဖြစ်သွားသည်။ ထိုအခါ ဟန်ချက်ပျက်ပြီး ယိုင်ထွက်သွား၏။





"ဟာ. . . ဟာ"

မင်းသီဟ လှမ်းအော်လိုက်စဉ်မှာပင် ကျော်ဇင်ဦးသည် ယိမ်းထိုးပြီးနောက် ရေတွင်းထဲ ဝုန်းခနဲ ပြုတ်ကျသွားလေသည်။

"ဟာ. . . ကျပြီ. , . ကျပြီ"

စိုးချစ်နှင့် မင်းသီဟတို့ ရေတွင်းဆီ ပြေးသည်။ ပေါင်ပေါ် ခုန်တက်ပြီး အောက်ကို ငုံ့ကြည့်လိုက်သောအခါ ,ကျော်ဇင်ဦးကို မမြင်ရ. . . ။

"နစ်သွားပြီကွ"

မင်းသီဟ စိုးရိမ်သံဖြင့် ပြောလိုက်စဉ်မှာပင် ကျော်ဇင်ဦး ရေထဲမှ ယက်ကန်ယက်ကန် ပြန်ပေါ်လာသည်။ သူသည် နည်းနည်းပါးပါး ရေကူးတတ်သည်။ ကျွမ်းကျွမ်းကျင်ကျင်တော့ မဟုတ်၊ ရေမနစ်ရုံ ခြေလှုပ်လက်လှုပ်သာ ဖြစ်၏။ သူသည် တဝုန်းဝုန်း ကူးခတ်နေရင်းက 'ငါ့ကို ကယ်ကြပါဦး၊ ငါ့ကို ကယ်ကြပါဦး' ဟု ကြောက်လန့်တကြား အော်နေသည်။

စိုးချစ်တို့ ဘာလုပ်ရမှန်းမသိ၊ မင်းသီဟက. . .

"ဝါးလုံးကွ၊ ဝါးလုံး ချပေးရင် ရမယ်"

ဆိုပြီး ဟိုဟိုဒီဒီ ကြည့်သည်။ ဘာမှမတွေ့၊ ထို့ကြောင့်. .

"မင်း သေသေချာချာ စောင့်ကြည့်နေ၊ ငါ တဲအိမ်စုတ လူကြီးတွေ သွားခေါ်မယ်"

ဆိုပြီး ရေတွင်းပေါင်ပေါ်မှ ခုန်ချပြီး ပြေးထွက်သွားသည်။

စိုးချစ်က ရေတွင်းထဲ ငုံ့ကြည့်ပြီး. . .

"ဘေးက နံရံကို ကိုင်ပြီး မှေးထားကွ"

ဟု လှမ်းပြောသည်။ ရေတွင်းနံရံကလည်း ရေညှိတွေနှင့်ချော်နေသည်။ အားပြုမှီတွယ်လို့ မရ၊ ရေတွင်းနံရံမှာ သံကိုင်းတွေ


www.burmeseclassic.com

www.burmeseclassic.com

ရှိသော်လည်း အပေါ်ပိုင်း ဆယ့်လေးငါးပေလောက်မှာသာ ကျန်တော့သည်။ အောက်ပိုင်းတွေက ဆွေးပြီး ပြတ်ကျကုန်ပြီ။

"ငါ လက်ပန်းကျနေပြီကွ"

ကျော်ဇင်ဦး အော်သည်။ စိုးချစ်က. . .

"ကိုယ်ဖော့ထားကွ၊ ဟိုကောင် လူကြီးတွေ သွားခေါ်နေတယ်"

"မရတော့ဘူးကွ၊ မောလာပြီ"

"တောင့်ထားပါကွ"

"မရဘူးကွ၊ ငါ. . . ငါ နစ်တော့မယ်"

ပြောရင်းဆိုရင်းမှာပင် ကျော်ဇင်ဦး နစ်သွားသည်။ ရေအောက် ကြမ်းပြင် ရွှံ့မြေကို ခြေထောက် ထိမိသောအချိန်မှာပင် ကျော်ဇင်ဦး အကြီးအကျယ် ဝမ်းသာသွားသည်၊ တကယ်တော့ ရေက သုံးပေလောက်သာ နက်သည်၊ စောစောကတည်းက မတ်တတ် ရပ်နေလိုက်လျှင် ခုလိုတောင် ပင်ပန်းမှာ မဟုတ်။ ရေထဲ ပြုတ်ကျပြီးနောက် ကြောက်အားလန့်အားနှင့် ကူးခတ်နေမိသောကြောင့် ရေက တိမ်တိမ်လေး ဖြစ်ကြောင်း သတိမထားမိခြင်း ဖြစ်၏။

"ငါ့လခွေး၊ ရေက တိမ်တိမ်လေးကွ"

ဟု ကျော်ဇင်ဦးက ဝမ်းသာအားရ အော်ပြောလိုက်သည်၊

တဲအိမ်စုက လူကြီးတွေ ရောက်လာပြီး ကျော်ဇင်ဦးကို ဆယ်တင်ရသည်၊ လူကြီးတစ်ယောက်က ခါးမှာ ကြိုးစကို ချည်ပြီး တွင်းထဲ ဆင်းသည်။ ကျော်ဇင်ဦးကို ကုန်းပိုးသည်၊ အပေါ်က လူတွေက တစ်ဘက်ကြိုးစကို ထိန်းပြီး ဆွဲပေးရသည်။ တွင်းထဲက လူကြီးက ကြိုးကို အားပြုပြီး တွင်းနံရံကို ကန်၍တက်လာသည်၊





အပေါ်ရောက်လာတော့မှ ကျော်ဇင်ဦးကို တစ်ယောက်တစ်ပေါက်စီ ဝိုင်းဆူကြလေတော့သည်၊

"မင်းတို့ကောင်တွေက ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေး မသွားဘူး၊ တော်တော် ကမြင်းချင်တဲ့ကောင်တွေ၊ တွင်းထဲကို တိုက်ရိုက်ကျလို့ပေါ့၊ နံရံနဲ့ ခေါင်းနဲ့သာ ဆောင့်မိသွားရင် တစ်ခါတည်း မသာပေါ်သွားမယ်၊ ဘာမှတ်သလဲ"

ကျော်ဇင်ဦးမှာ မျက်နှာငယ်ကလေးနှင့် ငုံ့ခံနေရသည်၊ လူကြီးတွေ ထွက်သွားတော့မှ စပ်ဖြဲဖြဲ ဖြစ်လာသည်။

"ခုမှ မျက်ခွက် ပြောင်မနေနဲ့၊ စောစောတုန်းကတော့ ကြောက်ချီးပန်းပြီး ငယ်သံပါအောင် အော်နေပြီးတော့"

ဟု မင်းသီဟက ဟောက်လိုက်သည်၊ စိုးချစ်က. . .

"အဲဒါက အရေးမကြီးဘူး၊ မင်းအဝတ်အစားတွေ အကုန်စိုကုန်ပြီ၊ ဘယ်လိုလုပ်မလဲ"

"အေး. . . ဟုတ်သားပဲ"

ဒါကို ခုမှ သတိရကြသည်။

"အိမ်ပြန်လဲလိုက်ပေါ့"

မင်းသီဟက အကြံပေးသည်၊

"ဘယ်ဖြစ်မလဲကွ၊ အိမ်က ဘာဖြစ်တာလဲ မေးရင် ခက်မယ်"

"ကျောင်းကို ဒီအတိုင်း သွားရင်လဲ ဝိုင်းဟားကြမှာပဲ၊ အဲ. . ဟေ့ကောင်တွေ၊ ငါ တွင်းထဲ ပြုတ်ကျတဲ့အကြောင်း ကျောင်းမှာ လျှောက်မပြောကြနဲ့နော်"

"အေးပါ. . . မပြောပါဘူး၊ အခု အကျီတွေ လုံချည်တွေ ရေစိုနေတာ ဘယ်လိုလုပ်ကြမလဲသာ စဉ်းစားကြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



စိုးချစ်က တွေးနေရာမှ. . .

"တစ်ခုပဲ ရှိတယ်၊ မင်းအဝတ်အစားတွေ ချွတ်ပြီး နေပူလှန်းထားလိုက်၊ အချိန်တွေ ရသေးတာပဲ"

"ဘာ. . . ငါက အဝတ်အစားတွေ ချွတ်လှန်းတော့ ကိုယ်တုံးလုံးနဲ့ နေရမှာလား"

"အောက်ခံ ဘောင်းဘီ မပါဘူးလား"

"မပါဘူးကွ၊ အဲ. . . မင်းတို့ဆီမှာ ပါရင် ခဏပေးဝတ်လေ"

"ငါတော့ မပါဘူး"

"ငါလဲ အောက်ခံဘောင်းဘီ ဝတ်မလာဘူး"

"ဒါဆိုရင်တော့ မလွယ်ဘူး"

"ကဲ. . . ဟောကောင် မထူးဘူး၊ ချွတ်သာချွတ်ပြီး နေပူလှန်းထားလိုက်တော့"

"ဟာကွာ"

"ဟာကွာ လုပ်မနေနဲ့၊ ဒီတစ်လမ်းပဲ ရှိတာ"

"ဟုတ်တယ်ကွ၊ သိပ်မကြာပါဘူး၊ နေကလဲ ပြင်းနေတာပဲ"

ဟိုနှစ်ကောင်က ဝိုင်းတိုက်တွန်းသဖြင့် ကျော်ဇင်ဦး အင်္ကျီချွတ်သည်၊ ပြီးတော့. . .

"အင်္ကျီကို အရင်လှန်းမယ်ကွာ၊ အင်္ကျီခြောက်မှ ပုဆိုးလှန်းမယ်၊ ဒါဆို ပုဆိုးမခြောက်ခင် အောက်ပိုင်းကို အင်္ကျီနဲ့ ပတ်ထားလို့ရတယ်"

"ဖြစ်မလားကွ၊ တစ်လှည့်စီ လှန်းတော့ အချိန်နှစ်ဆ ပိုကြာတာပေါ့၊ ကြာတယ် ဟောကောင်၊ ပုဆိုးပါ ချွတ်"

"ငါက. . . ဟိုဒင်းကြီးနဲ့"





"ဟောကောင်. . . မင်းလုပ်နေတာနဲ့ အချိန်တွေ စားနေပြီ၊ ကဲ. . . ဒီလိုလုပ်၊ ကံ့ကော်ပင်ကြီးနောက်မှာ သွားချွတ်၊ ပြီးတော့ ငါတို့ဆီ ပစ်ပေးလိုက်၊ ပြီးရင် ပင်စည်နောက်မှာပဲ ကွယ်ပြီးနေ"

ကျော်ဇင်ဦးက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေစဉ် မင်းသီဟက 'သွားစမ်းပါဟ' ဆိုပြီး တွန်းလွှတ်သဖြင့် ခေါင်းကုတ်ရင်း ထွက်သွားသည်။ ကံ့ကော်ပင်နောက်သို့ ဝင်ကွယ်၍ ပုဆိုးကို ချွတ်ပြီး လှမ်းပစ်ပေးသည်၊

"မင်းတို့ အကျင့်တော့ မယုတ်နဲ့နော်၊ ငါ့အဝတ်အစားတွေ ယူပြီး လစ်မပြေးနဲ့ဦး"

ဟု စိတ်မချဟန်ဖြင့် လှမ်းပြောသေးသည်၊ စိုးချစ်နှင့် မင်းသီဟတို့က ကျော်ဇင်ဦး၏ ပုဆိုးနှင့် အင်္ကျီတို့ကို ရေတွင်းပေါင်ပေါ်မှာ လှန်းပေးသည်၊

ကျော်ဇင်ဦးက ကံ့ကော်ပင် နောက်ကွယ်မှ မကြာခဏ ခေါင်းပြူထွက်ပြီး 'မခြောက်သေးဘူးလား' ဟု မေးမေးနေသည်၊

"ချက်ချင်းတော့ ခြောက်မလားကွ"

"နည်းနည်းသွေ့ရင် တော်ပြီကွာ၊ ဝတ်ထားရင်းနဲ့ ခြောက်သွားမှာပဲ"

"အေးပါကွ၊ အောက်က အုတ်အပူနဲ့ဆိုတော့ ခဏလေး ခြောက်. . . အဲ"

မင်းသီဟ ပြောရင်းက စကားမဆက်နိုင်ဘဲ ဖြစ်သွားသည်။ ခပ်လှမ်းလှမ်းမှ လျှောက်လာနေသော ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့ကို မြင်လိုက်ရသောကြောင့်ပင် ဖြစ်လေ၏။

"စိုးချစ် ပြဿနာပဲကွ၊ နန်းမွှေးတို့ လာနေပြီ"

"ဟေ. . . ဟုတ်တယ်ဟ၊ နေဦး. . . ငါတို့ ဟန်မပျက်



www.burmeseclassic.com

www.burmeseclassic.com



နေမှ ဖြစ်မယ်၊ ဟော့ကောင် ကျော်ဇင်ဦး၊ လုံအောင် ပုန်းနေနော်၊ ခေါင်းကြီး ထွက်ထွက်ပြီး မကြည့်နဲ့၊ လူလာနေတယ်”

ဟု ကျော်ဇင်ဦးဆီ လှမ်းသတိပေးသည်။ အရေးထဲ ကျော်ဇင်ဦးက ‘ဘယ်သူတွေလဲကွ’ ဟု အသံပေးနေသေးသည်။

“ဝိုင်းဝိုင်းနဲ့ နန်းမွှေးကွ”

“ဟိုက်. . . သောက်ခွပဲ”

ဝိုင်းဝိုင်းနဲ့ နန်းမွှေးတို့သည် ရေတွင်းနား ရောက်လာသည်။

နန်းမွှေးက. . .

“နင်တို့ ကျောင်းမသွားသေးဘူးလား၊ ဘာလုပ်နေကြတာလဲ”

“သွားမှာပေါ့ဟ၊ ကျော်ဇင်ဦး မလာသေးလို့ စောင့်နေတာ”

မင်းသီဟက လိမ်သည်။ ထိုစဉ်မှာပင် ဝိုင်းဝိုင်းက ရေတွင်းပေါင်ပေါ် လှမ်းထားသော ကျော်ဇင်ဦး၏ အဝတ်အစားများကို တွေ့သွားသည်။ ရေတွင်းနားကို လျှောက်လာပြီး. . .

“အဲဒါတွေက ဘာတွေလဲ”

လက်ညှိုးထိုးပြီး မေးသည်။

“ဘာမှ မဟုတ်ပါဘူးဟ”

“ဘာမှ မဟုတ်ဘဲနဲ့ ဒီအဝတ်အစားတွေက ဘာလို့ လှန်းထားရတာလဲ”

နန်းမွှေးကလည်း. . .

“နင်တို့ ဘာတွေ မဟုတ်တာ လုပ်ထားလဲ”

ဟု ဝင်၍ စစ်ဆေးနေပြန်သည်။





“ဘာမှ မဟုတ်ဘူးဆိုရင် ဒါတွေက ဘယ်သူ့ဟာတွေလဲ”

“ဟို. . . ကျော်ဇင်ဦး. . . အဲ. . . မဟုတ်ပါဘူး”

မင်းသီဟက လွှတ်ခနဲ ပြောမိပြီးမှ ချက်ချင်း ဘူးကွယ်သည်၊ ဝိုင်းဝိုင်းသည် မသင်္ကာ ဖြစ်သွား၏။ စောစောက ပြောတော့ ကျော်ဇင်ဦးကို စောင့်နေတာတဲ့၊ ခုကျတော့ ဒီအဝတ်အစားတွေဟာ ကျော်ဇင်ဦးရဲ့ ဟာတွေလို့ ပြောနေပြန်ပြီ။ ပြီးတော့ ခုမှ တစ်ခု သွားသတိရမိ၏။ လွန်ခဲ့တဲ့ တစ်နာရီလောက်က ကျော်ဇင်ဦးသည် အိမ်ရှေ့က ဖြတ်သွားရင်း ‘ဝိုင်းဝိုင်းရေ ပြားပြားရေ ငါ ကျောင်းသွားနှင့်ပြီဟေ့’ ဟု နောက်သွားသေးသည်။ ထိုစဉ်က ကျောင်းဝတ်စုံနှင့်။

ကျော်ဇင်ဦးနှင့် ဝိုင်းဝိုင်းတို့သည် တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း နေကြသူများ ဖြစ်၏။ ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်တွေ ဖြစ်သောကြောင့် တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ် ရှိကြသည်။

ခုလက်ရှိအနေအထားက ကျော်ဇင်ဦး တစ်စုံတစ်ခု ပြဿနာ ဖြစ်နေသလို ထင်ရသည်။ ဟိုနှစ်ကောင်ကို ကြည့်လိုက်တော့လည်း တစ်ယောက်ကို တစ်ယောက် ကြည့်နေကြပုံမှာ မလုံမလဲ ဖြစ်နေကြဟန် ရှိ၏၊ ဝိုင်းဝိုင်း မသင်္ကာ ဖြစ်လာပြီး. . .

“နင်. . . နင်တို့ ကျော်ဇင်ဦးကို ဘာလုပ်လိုက်ကြသလဲဟင်”

ဟု မေးလိုက်သည်။ မင်းသီဟက ဖျာဖျာသလဲ. . .

“ဟာ. . . ဘာမှမလုပ်ပါဘူး၊ ဘာမှမလုပ်ပါဘူး”

“ဘာမှမလုပ်ဘူး ဆိုပြီးတော့ ဒီအဝတ်အစားတွေက ဘာလဲ၊ ဒါ. . . ကျော်ဇင်ဦးဟာတွေ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com

ဟု နန်းမွှေးကပါ ဝင်ပြောသည်။ မင်းသီဟတို့မှာ ဘာ ပြန်ပြောရမှန်းမသိဘဲ ကြောင်တွေလည်း ပျက်နေသည်။ ထိုစဉ်မှာ

"ဘာဖြစ်နေကြတာလဲဟေ့"

တုတ်ကြီး ရောက်လာပြီး မေးသည်။ ဝိုင်းဝိုင်းမှာ ငိုတော့ မည့် မျက်နှာနှင့်. . .

"သူတို့နှစ်ယောက် ကျော်ဇင်ဦးကို ဘာလုပ်လိုက်သလဲ မသိဘူး၊ ဒီမှာ အင်္ကျီတွေပဲ တွေ့တော့တယ်"

"ဟာ. . . မဟုတ်ပါဘူး၊ ဒီအင်္ကျီက ဟိုဥစ္စာပါ"

မင်းသီဟက ဗလုံးဗထွေး ငြင်းသည်။

တုတ်ကြီးသည် ပခုံးကို တွန့်လိုက်၏။ သူသည် မိုးဝေ၏ စုံထောက် တင်မောင်ဆွေ ဝတ္ထုတွေကို စွဲစွဲလမ်းလမ်း ဖတ်သူ ဖြစ်၏။ ပြီးမှ. . .

"ဒါ ကျော်ဇင်ဦးရဲ့ အဝတ်အစားတွေဆိုတာ သေချာ လား" ဟု မေးသည်။

စိုးချစ်က ယောင်ယောင်ကန်းကန်းဖြင့်. . .

"မသေချာဘူး" ဟု ဖြေသည်။

"ဒါဖြင့် ဘယ်သူ့ဟာတွေလဲ"

"မသိဘူး"

မင်းသီဟက စကားမှားပြန်သည်။ တုတ်ကြီးက ရေတွင်း ဘောင်ပေါ်မှာ ဖြန့်လှန်းထားသော အဝတ်အစားတွေကို သေသေ ချာချာ ကြည့်သည်။ အင်္ကျီကို ယူပြီး နမ်းကြည့်၏။

"အင်း. . . ရွှံ့ပုတ်စော်လိုလို နံ့တယ်"

"ဘာ. . . ရွှံ့ပုတ်စော်"

နန်းမွှေးတ ရေရွတ်ရင်း သူ့အရပ်ရှည်ရှည်ကြီးနှင့် ရေ





တွင်းထဲ ကဲကြည့်ဖို့ ကြိုးစားသည်။ ထိုစဉ်မှာ တုတ်ကြီးက. . .

"ဟော. . . တွေ့ပြီ၊ ဒီမှာ သဲလွန်စ"

ဟု ပြောပြီး အင်္ကျီ၏ အောက်ဘက် အနားစွန်းပေါ်မှာ အမှတ်အသား ပြုထားသော စာလုံးသုံးလုံးကို လက်ညှိုးနှင့် ထောက်ပြသည်။

"တွေ့လား. . . ကေဇက်အိုတဲ့၊ ဒါ ကျော်ဇင်ဦးနာမည် အတိုကောက်ပဲ"

"ဟုတ်တယ် ဟုတ်တယ်၊ ကျော်ဇင်ဦးတို့ အမေက ခုလိုပဲ သူ့အင်္ကျီတွေပေါ်မှာ ကွမ်းရွက် ခံရေးပြီး အမှတ်အသား လုပ်ထား တတ်တယ်"

ဝိုင်းဝိုင်းက ထောက်ခံပြောဆိုပြီးနောက် ဟိုနှစ်ကောင် ဘက် လှည့်၍ မျက်နှာချင်း ဆိုင်လိုက်သည်။

"နင်တို့ မှန်မှန်ပြောစမ်း၊ ကျော်ဇင်ဦး ဘယ်မှာလဲ၊ နင်တို့ ဘာလုပ်လိုက်သလဲ"

ဝိုင်းဝိုင်းမှာ အသံတွေ တုန်နေသည်။ မျက်လုံးကလည်း ပြူးလာသည်။ ဟိုနှစ်ကောင်ဆီသို့ တိုးကပ်သွားသည်။ သူ့ပုံစံမှာ ထုတော့ ရိုက်တော့မည့်ပုံ။ ဟိုကောင်တွေ လန့်ပြီး နောက်ဆုတ်ရင်း

"မဟုတ်ဘူး မဟုတ်ဘူး၊ သူ့ဘာသာ. . ."

သူတို့ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေစဉ် တုတ်ကြီးက နောက် ထပ် သဲလွန်စတစ်ခုကို တွေ့သွားပြန်သည်။

"ဒီမှာ လာကြည့်ကြစမ်းဟေ့"

မိုးဦးကျကာစ ဖြစ်သောကြောင့် မြေကြီးက နည်းနည်း ပျော့နေသည်။ ထို့ကြောင့် မြေပြင်ပေါ်မှာ ဖိနပ်ရာ များစွာကို ထင်ရှားစွာ တွေ့နေရသည်။ တုတ်ကြီးက ဆောင့်ကြောင့်ထိုင်၍


www.burmeseclassic.com

www.burmeseclassic.com



ခြေရာတွေကို ကြည့်ရင်း. . .

"လတ်လတ်ဆတ်ဆတ် ခြေရာတွေပဲ၊ ဟိုဖက်ကို လျှောက်သွားတယ်လို့ ညွှန်ပြနေတယ်၊ တွေ့လား"

တုတ်ကြီး၏ စကားအဆုံးမှာပင် ဝိုင်းဝိုင်းက ခြေရာအတိုင်း လျှောက်ထွက်သွားပြီ။ ကုံကော်ပင် တည့်တည့်ဆီသို့။

"ဟာ. . ပြဿနာပဲ၊ ပြားပြား. . အဲ. . ဝိုင်းဝိုင်း၊ မသွားနဲ့ဟာ၊ မသွားနဲ့"

မင်းသီဟက ပြူးပြူးပြာပြာ လှမ်းအော်ပြီး တားသည်၊ ဝိုင်းဝိုင်းက ဂရုမစိုက်။ ရှေ့ဆက်လျှောက်သည်၊ စိုးချစ်က. . .

"နန်းမွေး. . ဝိုင်းဝိုင်းကို လိုက်ဆွဲပါဦးဟာ၊ ဟိုမှာ ဟိုကောင်က. . ."

နန်းမွေးမှာ စိုးချစ် ပြောတာကို သေသေချာချာ နားမထောင်နိုင်၊ ဝိုင်းဝိုင်းဆီကိုသာ စိတ်ဝင်စားစွာ ကြည့်နေသည်၊ သူပါ လိုက်သွားရ ကောင်းမလားဟု ချီတုံချတုံ ဖြစ်နေ၏၊ မတတ်သာတော့သဖြင့် စိုးချစ်က. . .

"ကျော်ဇင်ဦး. . . မင်းဆီ ဝိုင်းဝိုင်း လာနေပြီကွ"

ဟု လှမ်းအော်လိုက်သည်၊

ကျော်ဇင်ဦးသည် ကုံကော်ပင်နောက်မှာ ပြားနေအောင်ကပ်ပြီး ပုန်းနေရာက သူတို့ ပြောဆိုနေကြသံကို ကြားသည်၊ ဟိုကောင်တွေ ပြဿနာ တက်နေတာလည်း သိသည်၊ အသံပေးလိုက်ရ ကောင်းမလား စဉ်းစားမိသော်လည်း သူ့အခြေအနေကလူသိခံလို့ မဖြစ်သောကြောင့် ငြိမ်နေရခြင်း ဖြစ်၏။ ခုတော့ဝိုင်းဝိုင်းက သူ့ဆီ လာနေပြီဆိုတော့. . .

ကျော်ဇင်ဦးသည် ကုံကော်ပင်နောက်မှ ခေါင်းကလေး





ပြူထွက်လာပြီး. . .

"ဝိုင်းဝိုင်း မလာနဲ့၊ ငါ့ဆီ မလာနဲ့"

ဟု လှမ်းအော်သည်။ ဝိုင်းဝိုင်း ခြေလှမ်းတုံ့သွား၏။ ပြီးမှ

"နင်. . . ဘာဖြစ်နေတာလဲ၊ နင့်ကို ဘာလုပ်ထားလို့လဲ၊ ဘာမှမပူနဲ့၊ ငါလာပြီ"

ဝိုင်းဝိုင်း ရှေ့ဆက်လှမ်းသည်။ ကျော်ဇင်ဦးက ထိတ်ထိတ်ပျာပျာ။

"မလာနဲ့. . . မလာနဲ့ဆို"

စိုးချစ်နှင့် မင်းသီဟတို့ကလည်း 'မသွားနဲ့ မသွားနဲ့' ဟု ဆူဆူညံညံ ဝိုင်းအော်ကြသည်၊ တုတ်ကြီးနှင့် နန်းမွေးတို့ကတော့ ဘာတွေ ဖြစ်နေမှန်း မသိသဖြင့် ကြောင်ငေးနေကြ၏၊

ခုလိုဖြစ်လေ ဝိုင်းဝိုင်းက ပိုမသက်ာလေ ဖြစ်ပြီး. . .

"ကျော်ဇင်ဦး. . . နင် ဘာမှ မကြောက်နဲ့၊ နင့်ကို ငါ ရအောင် ကယ်မယ်"

ဟု အော်ပြီး ပြေးသွားတော့မည့်ဟန် ပြင်သည်၊ ကျော်ဇင်ဦးမှာ ဘယ်လိုမှ တားလို့မရမှန်း သိသဖြင့် ကုံကော်ပင်ကို ကျောခိုင်းပြီး ပြေးမိပြေးရာ စွတ်ပြေးလေတော့သည်၊

"ဟယ်"

"ဟာ"

တုတ်ကြီး၊ နန်းမွေးနှင့် ဝိုင်းဝိုင်းတို့၏ အသံများ ပြိုင်တူထွက်သွား၏၊ နန်းမွေးက မျက်နှာကို လက်ဖြင့် အုပ်ဆိုက်သည်၊ ဝိုင်းဝိုင်းက ဒီဘက်ကို ချာခနဲ လှည့်လိုက်၏။

ကျော်ဇင်ဦး တစ်ခုတော့ ကံကောင်းသွားသည်၊ ခပ်လှမ်းလှမ်းမှာ ချုံပုတ်တစ်ခု ရှိသဖြင့် အမြန်ဝင်ကွယ်လိုက်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သိပ်ထင်ထင်ရှားရှားကြီးတော့ မဖြစ်လိုက်။

ဘာပဲဖြစ်ဖြစ် ထိုနေ့မှစ၍ မိန်းကလေးတွေက ကျော်ဇင် ဦးကို ကွယ်ရာမှာ တုံးလုံးဟု ခေါ်ကြလေတော့သည်။

◈ ◈ ◈

ကျော်ဇင်ဦးမှာ ရှက်ပြီး သုံးရက်လောက် ကျောင်းမတက် ဘဲ နေသည်။ တခြားလူတွေဆို ပြောလို့ဆိုလို့ ရနိုင်သော်လည် တုတ်ကြီး၏ ပါးစပ်ကို ပိတ်ဖို့ကတော့ မဖြစ်နိုင်။ အထူးသဖြ သူ၏ စုံထောက်ပညာဖြင့် ဖော်ထုတ်လိုက်ပုံကို ကြွားချင်တာနှင့်ပဲ လျှောက်ပြောမှာ ကျိန်းသေသည်။

သို့ရာတွင် သူတို့မှာ ငါးတန်းကျောင်းသားကလေးတွေသာ ဖြစ်သောကြောင့် ကြာကြာရှက်မနေတော့။ နောက်ပိုင်းကျတော့ လည်း ပုံမှန်အတိုင်း ဖြစ်သွားလေသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ကျော်ဇင်ဦးက ထူးဆန်းတာ တစ်ခုပြောသည်။

"ဟေ့ကောင်တွေ... အဲဒီတုန်းက မင်းတို့ ငါ့ကို ရေတွင်း ထဲ တွန်းချလိုက်တာလား"

"ဟာတွာ... ဒီလောက် အန္တရာယ်ကြီးတာမျိုး ငါတို့ လုပ်ပါ့မလား"

"အေးလေ.. မင်း ပြုတ်ကျတဲ့အချိန်က ငါတို့တောင် ရေ တွင်းနား မရောက်သေးဘူး"





စိုးချစ်နှင့် မင်းသီဟတို့က ငြင်းချက်ထုတ်သည်။

"ဒါဆိုရင်တော့ ထူးဆန်းတယ်ကွ"

"ဘာဖြစ်လို့လဲ"

"အဲဒီတုန်းက ငါ့ကို တစ်ယောက်ယောက်က တွန်းချလိုက် သလိုပဲ"

"ဟင်... ဒါဆို"

ကျော်ဇင်ဦးမှာ သူ အရှက်ကွဲခဲ့တာကိုပဲ လက်တုံ့ပြန်ချင် လို့လား။ တကယ် အဲဒီအတိုင်း ဖြစ်ခဲ့သလားတော့ မသိ။ ထိုသ တင်းမှာ ပျံ့နှံ့သွားခဲ့ပြန်သည်။ လူကြီးတွေကလည်း ယုတ္တိရှိတာ မရှိတာ၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာ အပထား။ ကလေးတွေ ရေ တွင်းနား မသွားရဲရင် အန္တရာယ် ကင်းတာပဲဟု သဘောထားပြီး ယုံကြည်သယောင်ယောင် လေသံပစ်ကြသည်။

ဒီလိုနဲ့ ရေတွင်းပျက်ကြီးမှာ သရဲရှိသည်၊ တွန်းချတတ် သည်ဟု သတင်းထွက်သွားတော့သည်။ ညဘက်ဆိုလျှင် ရေတွင်း နားကို ဘယ်သူမှ မသွားရဲတော့။ ကျောင်းသွားကျောင်းပြန် ရေ တွင်းပျက်ကြီးနားက ဖြတ်သွားတဲ့အခါတိုင်း လှည့်မကြည့်ရဲဘဲ ခပ် သုတ်သုတ် လျှောက်ကြတာတို့ဘာတို့ ဖြစ်ကုန်သည်။ အကဲပိုချင်သူ အချို့က ညဘက်ကျလျှင် ရေတွင်းပျက်ကြီးနားက မီးရောင်တွေ မြင်ရသလိုလို စုန်းတောက်သလိုလို ပြောကြသည်။ ကြာတော့ ကလေးတွေသာမက လူကြီးတွေပါ ယုံချင်သလိုလို ဖြစ်လာ၏။

ဒီလိုနှင့် ရေတွင်းပျက်ကြီးမှာ အလိုလိုနေရင်း နာမည်ကြီး လာလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ကဗျာရေးနေရင်းက စကားလုံးတွေ စဉ်းစားလို့မရဘဲ
ဖြစ်လာသောအခါမျိုးတွင် ဒီနေရာမှာ လာထိုင်လေ့ရှိ၏။ သူ
အတွေ့အကြုံအရ ဒီနေရာမှာ လာထိုင်သည့်အခါတိုင်း ကဗျာရေး
စကားလုံးတွေ ရင်ထဲက ဖိတ်အန်ကျလာတတ်စမြဲ ဖြစ်၏။ ထို
ကြောင့် ကဗျာတွေ အများကြီး မွေးဖွားစေခဲ့သောနေရာဟု ပြော
နိုင်သည်။ ထို့အတူ ကဗျာဆိုသည်မှာ ဝေဒနာကို အခြေခံပြီး
ဖြစ်ပေါ်တတ်သောအရာဟု ဆိုလျှင်တော့ ဒီနေရာကလေးသည်
သူ့ကို ဝေဒနာတွေ ပေးခဲ့သောနေရာဟု သတ်မှတ်ရပါလိမ့်မည်

ခုချိန်မှာတော့ သူ့အတွက် အဖော်ဆိုလို့ ကဗျာနှင့် ယ
ကာသာ ရှိတော့သည်။ ကဗျာရေးခြင်း၊ စာဖတ်ခြင်း၊ တွေးတော
ငေးမောခြင်းနှင့် ညနေစောင်းလျှင် ယမကာ မှိုင်ခြင်းတို့မှာ သူ
နေ့စဉ်အလုပ်ပင် ဖြစ်၏။

သူက မိသားစုထဲမှာ တစ်ဦးတည်းသော ယောကျ်ားလေ





ဖြစ်၏။ ကျန်တာက မိန်းကလေးတွေချည်း ဖြစ်၏။ ထို့ကြောင့်
မိဘတွေက အလွန်ချစ်သည်။ အလိုလိုက်သည်။ အစ်မတွေ နှမ
တွေကလည်း ဦးစားပေးသည်။

သူတို့က အိမ်ထောင်ကျပြီးနောက် အိမ်ခွဲနေကြသည်။
စိုးချစ်ကတော့ လူပျိုကြီးအဖြစ်နှင့်ပဲ မိဘတွေနှင့်အတူ ကျန်ခဲ့
သည်။ မိဘတွေ ဆုံးသွားတော့ အစ်မတွေ နှမတွေက သူတို့နှင့်
အတူလာနေဖို့ ခေါ်ကြသည်။ စိုးချစ်က သူ့ဘာသာ လွတ်လွတ်
လပ်လပ် နေချင်တယ်ဆိုပြီး မိဘတွေ အိမ်မှာပင် ဆက်နေသည်။

သူ့အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်ကလေးဖြစ်၏။ အောက်
ထပ်ကို ရိုးသားအေးဆေးသော ညားကာစ လင်မယားကို အငှား
တင်ထား၏။ စပေါ်မရှိ၊ လခမရှိ။ သူ့အတွက် ထမင်းဟင်း တာ
ဝန် ယူရုံသာ ဖြစ်၏။ သူက ဟင်းချေးများသူ မဟုတ်။ များများ
စားစားလည်း မဟုတ်။ မနက်စာ ညစာအတွက် ပေါင်းပြီး ချိုင့်နှင့်
ထည့်ထားပေးရုံသာ ဖြစ်၏။

အစ်မတွေ ညီမတွေကလည်း အဆင်သင့်လျှင် ရောက်
လာတတ်သည်။ သူစားဖို့ ငါးပိကြော်၊ ဆတ်သားခြောက်၊ ငါးရံ့
ခြောက်ဖုတ်၊ ကြက်သားကြော်၊ ငါးသေတ္တာ စသည်တို့ ယူလာ
သည်။ ညီမအငယ်၏ ယောကျ်ားက သင်္ဘောသား ဖြစ်၏။ တစ်
ခေါက် ပြန်လာတဲ့အခါတိုင်း ဘလက်လေဘယ်ပုလင်းနှင့် သုံးဖို့စွဲဖို့
ငွေများ လာပို့တတ်သည်။

အစ်မ အကြီးဆုံးက စိုးချစ်ကို ငယ်ငယ်ကတည်းက အနှံ့
အတာ ခံခဲ့သူ ဖြစ်၏။ ခုထိလည်း တစ်ပတ်တစ်ခါ ရောက်လာ
တတ်ပြီး အိမ်ကို လှည်းကျင်းပေး၊ သူ ယူလာသော ဟင်းတွေနှဲ့
ထမင်းခူးခပ်ကျွေးပြီး အဝတ်ဟောင်းတွေ ယူသွားသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် လာတော့ လျှော်ပြီး မီးပူတိုက်ပြီး ပြန်ယူလာသည်။

တခြား အစ်မတွေ နှမတွေကလည်း ပုဆိုး၊ အင်္ကျီ၊ သွား
တိုက်ဆေး၊ ဆပ်ပြာကအစ သုံးဖို့စွဲဖို့ ငွေအထိ လာလာပို့ကြသည်။

ဒီတော့ သူ့မှာ စားဝတ်နေရေးအတွက် မပူရ။ သုံးဖို့စွဲဖို့
ငွေအတွက်လည်း မပူရ။ သူ့မှာ အပိုသုံးစရာလည်း မလို။ ဖြစ်သ
လိုဝတ်၊ ဖြစ်သလိုစား၊ ဖြစ်သလို နေတတ်သူ။ သူ့အဖို့ လက်ဖက်
ရည်ဖိုး၊ ညနေဖက်အတွက် ဘီအီးတစ်ပိုင်းဖိုးနှင့် အမြည်းဖိုး ရ
လျှင် လုံလောက်ပြီ။

ထို့ကြောင့် သူ့အနေနှင့် ငွေရှာသည့် သက်မွေးဝမ်း
ကျောင်း အလုပ်ကို လုပ်နေစရာမလို။ သူ ဝါသနာပါသော ကဗျာ
ဆရာအဖြစ်နှင့်သာ ရပ်တည်နေသည်။ နာမည်ကျော် ထိပ်တန်း
ကဗျာဆရာတစ်ယောက် မဟုတ်သည့်တိုင် စာပေသမားတွေ အ
ချင်းချင်း အသိအမှတ်ပြု လေးစားခံရသောအဆင့်မှာ ရှိ၏။ သူက
လည်း နာမည်ကြီးချင်လို့ ကဗျာရေးနေခြင်း မဟုတ်။ ကဗျာကို
မြတ်နိုးလို့၊ ကဗျာနှင့် မွေ့လျော်နေချင်လို့ ရေးနေခြင်း ဖြစ်၏။

သူက စာမူခရဖို့ အဓိက ထားသူလည်း မဟုတ်သဖြင့်
သိပ်များများလည်း မရေးဖြစ်။ တစ်လမှ နှစ်ပုဒ်သုံးပုဒ်လောက်သာ
ထွက်သည်။ တစ်ခါတစ်လေ အတွေးတွေသာ များပြီး တစ်လလုံး
လုံး ကဗျာတစ်ပုဒ်တောင် ဖြစ်မလာတာလည်း ရှိ၏။ ခံစားမှု
မပါဘဲလည်း ရေးလေ့မရှိ။ ထို့ကြောင့် သူ့ကဗျာတွေကို ကဗျာဆ
ရာ အချင်းချင်းကတောင် ဂရုတစိုက် စောင့်ဖတ်ကြရသည်။

သူ့ကလောင်နာမည်က "ကံ့ကော်နီ"။





ကားတစ်စီး ထိုးဆိုက်သံ ကြားရသည်။ သူ ကျောပေး
ထားရာဘက်မှာ လာရပ်သောကြောင့် လှည့်မကြည့်ဖြစ်။ ဒီဘက်
ကို ကားတွေ သိပ်လာလေ့မရှိ။ အထူးသဖြင့် ခုလို ရေတွင်းပျက်နှင့်
ကံ့ကော်ပင်နားကို တကူးတက လာစရာအကြောင်း မရှိသဖြင့်
ထူးခြားသည်ဟုရှိတော့ ထင်မိ၏။

ကားတံခါး ဖွင့်သံ၊ ပြန်ပိတ်သံ ကြားရသည်။ ထို့နောက်

"ဟဲ့. . အညွန့်ကလေးတွေချည်းပဲ ကိုးညွန့်ခူးနော်၊ ကြော်
နှာအဆာ ရွေးလို့ရအောင် ဆယ့်လေးငါးညွန့်လောက် ပိုပိုသာ
သာ ခူးလိုက်"

အမျိုးသမီးတစ်ယောက်၏ အသံကို ကြားရသည်။ ဒီအသံ
ကို သူ ကြားဖူးသည်။ ထို့ကြောင့် ရေတွင်းပေါင်ပေါ် ထိုင်ရာမှ
လှည့်ကြည့်လိုက်သည်။

အမျိုးသမီးကို ဘေးတိုက် အနေအထားမှ မြင်ရသည်၊
သုံးနည်းဝသည်။ မျက်မှန်တပ်ထားသည်။ အသက်သုံးဆယ့်ငါးနှစ်
လေးဆယ်ကြား သူနှင့် ရွယ်တူလောက် ရှိမည်။ မြင်ဖူးသလိုပဲဟု
တွေးနေတုန်း အမျိုးသမီးကလည်း သူ့ဘက် လှည့်ကြည့်သည်။
ကမျှ အပြန်အလှန် စိုက်ကြည့်မိပြီးနောက် တစ်ယောက်ကို တစ်
ယောက် ပြုံးတူ လက်ညှိုးထိုးလိုက်သည်။ အမျိုးသမီးက စ၍. . .

"ဟယ်. . . စိုးချစ်"

"ကြည်ကြည်စိန်၊ ကြည်ကြည်စိန် မဟုတ်လား"

စိုးချစ် ရေတွင်းဘောင်ပေါ်မှ ဆင်းပြီး ကြည်ကြည်စိန်နား
လျှောက်သွားသည်။

"စိုးချစ်ရယ်. . . ကြည့်စမ်း၊ ရုပ်ကို တော်တော် ဖမ်းယူနိုင်
တယ်၊ နင်က တော်တော် ပိန်သွားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလဲ တော်တော် ဝလာတယ်၊ မျက်မှန်ကလည်း တပ်ထားတော့ တော်တော် ခန့်လာတယ်၊ မင်းကတော် ရုပ်မျိုးပေါ့"

"ခုလို မြှောက်ပြောတဲ့အတွက် ကျေးစရာဆိုင်လည်း ဒီ အနီးအနားမှာ မရှိတော့ အခက်သားဟ"

"ဒါနဲ့ နင်က ဘာလာလုပ်တာလဲ"

ကြည်ကြည်စိန်က ကဲ့ကော်ပင်ပေါ် တက်နေသော ဒရိုင် ဘာကို လှမ်းမော့ကြည့်လိုက်ပြီးမှ. . .

"အိမ်က လူအတွက် ယတြာချေဖို့ ကဲ့ကော်ညွန့် လာခူး တာ"

"ကဲ့ကော်ညွန့်များဟာ၊ ဘယ်မှာခူးခူး ရရက်သားနဲ့ ဒီအ ထိ တကူးတက လာရသလားဟ"

"အေးဟာ၊ ထူးဆန်းတယ်လို့ ဆိုမလားပဲ၊ ယတြာချေဖို့ ကဲ့ကော်ညွန့် လိုတယ်ဆိုရော ဒီအပင်ကြီးကို ဖျတ်ခနဲ သတိရလိုက် မိတယ်၊ နောက်ပြီး ငါကိုယ်တိုင်ကလဲ ဒီကို လာကြည့်ချင်စိတ် ပေါက်နေမိတယ်၊ ဒီအပင်ကြီးကလည်း အခြားအပင်တွေထက် စောပွင့်တတ်တယ်ဆိုတော့ ပိုပြီးအစွမ်းထက်မှာပဲလို့ ထင်တာလဲ ပါတာပေါ့၊ ငါတွက်တာ မှန်တယ်ဟ၊ ဒီကိုလဲ ရောက်ရော နင့်ကို တွေ့တာပဲလေ"

"ငါ့ကို တွေ့တာနဲ့ ဘာဆိုင်လို့လဲ"

"နင်က အင်္ဂါသား မဟုတ်လား၊ ငါ့အိမ်က လူက အင်္ဂါသားပဲ"

"နင် ပြောသလိုဆို နင့်လူအတွက် ယတြာမကြေဘဲ ငါ့အ တွက် ကြေသွားဦးမယ်"

"နင့်အတွက်လဲ ယတြာချေလို့ရရင် ချေပေးချင်ပါတယ်





ဟာ၊ လူပျိုကြီးဘဝက ကျွတ်အောင်လေ"

စိုးချစ်က ပြုံးလိုက်ပြီး. . .

"ငါ ခုထိ မိန်းမ မရသေးဘူးဆိုတာ နင် ဘယ်လိုလုပ် သိလဲ"

"သိတာပေါ့၊ နင်က အစွဲအလန်း ကြီးတဲ့သူပဲ၊ သူ့ကိုမှ မရရင် ဘယ်သူ့ကိုမှ ယူမှာမဟုတ်ဘူးဆိုတာ လူတိုင်း သိတယ်"

ကြည်ကြည်စိန်က စကားလမ်းခင်းနေပြီ။ သူသည် ငယ် ငယ်ကတည်းက စပ်စုတတ်သူ၊ ပြောချင်တာ စွတ်ပြောတတ်သူ ဖြစ်၏၊ စကားလည်း အလွန်များသည်၊ စိတ်ရင်းကတော့ တော် တော် ကောင်းသည်၊ သူများကိုလည်း ကူညီချင်တတ်သည်၊ ကျောင်းမှာတုန်းက ပိုက်ဆံမရှိလျှင် သူ့ဆီကပဲ ချေးရသည်၊

ခုလည်း သူက အတိတ်ကို ပြန်တူးဖော်ဖို့ ဟန်ပြင်နေပြန် ၍ စိုးချစ်က ဘယ်လို စကားလမ်းလွှဲရပါ့မလဲ စဉ်းစားနေတုန်းမှာ ဒရိုင်ဘာသည် ကဲ့ကော်ပင်ပေါ်မှ ဆင်းလာသည်၊ လက်ထဲမှာ ကဲ့ကော်ညွန့်တွေ ကိုင်လာသည်၊

"ဒီလောက်ဆို ရမလား မမ"

ဟု လာမေးသည်၊ ကြည်ကြည်စိန်က လှည့်ကြည့်ပြီး. . .

"အေးအေး. . . ရပြီ၊ မင်း ကားပေါ်မှာ သွားစောင့်နေ"

ဒရိုင်ဘာက ခေါင်းညိတ်ပြီး ထွက်သွားသည်။ ကြည်ကြည် စိန်က ဒီဘက် ပြန်လှည့်ပြီး 'အဲဒီတော့ဟာ' ဟု စကားပြန်ကောက် မည် ပြုစဉ် စိုးချစ်က လမ်းလွှဲလိုက်၏။

"နေစမ်းပါဦး၊ နင် ဒီကို လာတာ သရဲခြောက်ခံရမှာ မကြောက်ဘူးလား"

ကြည်ကြည်စိန်က ရယ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"အေးဟာ အဲဒီအကြောင်းကို အိမ်မှာ မကြာခဏ ပြော
ဖြစ်တယ်၊ ကလေးတွေကဆိုရင် ပုံပြင်တစ်ခုလို ဖြစ်ပြီး ခဏခဏ
ပြန်ပြောခိုင်းတတ်တယ်ဟ"

ကျော်ဇင်ဦး ရေတွင်းထဲ ပြုတ်ကျတာ သရဲပဲ တွန်းချသ
လိုလို သတင်းထွက်ပြီးနောက် ဒီနားရောက်လျှင် ခပ်သုတ်သုတ်
သွားကြတာ၊ ကြက်သီးထသလိုလို ကျောချမ်းသလိုလို ဖြစ်ကြတာ
တွေ မြင်ရသောအခါ သူတို့အုပ်စုသည် နောက်ချင်ပြောင်ချင်စိတ်
ပေါ်လာသည်။

တစ်ရက်ကျတော့ ကျောင်းခန်းထဲမှာ မင်းသီဟက တစ်
တန်းလုံး ကြားလောက်အောင် အော်ကြီးဟစ်ကျယ် ပြောသည်၊
မနက်တ ကျောင်းကို အလာ ရေတွင်းပျက်ကြီးနားက ဖြတ်အ
လျှောက်တွင် တွင်းထဲက ရယ်သံကြီး ကြားရသဖြင့် ခွေးပြေးဝက်
ပြေး ပြေးလာရကြောင်း။ ထိုအခါ ကျော်ဇင်ဦးကလည်း 'ဒါကြောင့်
ပြောတာပေါ့ကွ၊ တစ်ယောက်တည်း မသွားပါနဲ့လို့၊ မင်းက ရှည်ပြီး
ရှေ့က ထွက်သွားတာကိုး' ဟု အတိုင်အဖောက် ညီအောင် ဝင်
ပြောသည်၊

ညနေကျောင်းဆင်းတော့ သူတို့အုပ်စုက အရင်ဦးအောင်
သွားပြီး ရေတွင်းပျက်ကြီးနောက်မှာ ပုန်း၍ အဆင်သင့် စောင့်နေ
ကြသည်၊ ဒီဘက်လမ်းအတိုင်း ပြန်သော ကျောင်းသားကျောင်းသူ
များမှာ သူတို့စကားကြောင့် တစ်ယောက်တည်း မပြန်ရဲကြဘဲ
အုပ်စုလိုက်သာ လာကြသည်။ ရေတွင်းပျက်နား ရောက်လျှင်လည်း
ခပ်သုတ်သုတ် လစ်ကြသည်၊ တချို့ ခပ်ရဲရဲ ကျောင်းသားတွေသာ
တစေ့တစောင်း ကြည့်သွားကြသည်။

မိန်းကလေးတွေကတော့ အနားရောက်လျှင် တစ်ယောက်





နှင့် တစ်ယောက် ပူးကပ်ကုန်ကြသည်။ တချို့ကလည်း အပြေးတစ်
ပိုင်း သွားကြသည်။ ဒါကို ချောင်းကြည့်ရင်း သူတို့က ကြိတ်ရယ်ကြ
သည်။

ကံဆိုးသူကတော့ ကြည်ကြည်စိန် ဖြစ်၏။ သူသည် မုန့်
စား ဆင်းချိန်တုန်းက ကျောင်းသွားကျောင်းပြန် တွဲဖက်ဖြစ်သော
သူငယ်ချင်းတွေနှင့် ရန်ဖြစ်ခဲ့သည်။ ရုပ်ရှင်မင်းသား ဝင်းဦးနှင့်
သွန်းဝင်း ဘယ်သူက ပိုချောသလဲ ငြင်းကြရာမှ ပြဿနာတက်ခြင်း
ဖြစ်၏။ သူက တစ်ဖက်၊ ကျန်သူငယ်ချင်းတွေက တစ်ဖက်။

ကျောင်းဆင်းတော့ စိတ်ကောက်ပြီး အဖော်တွေကို မ
စောင့်ဘဲ တစ်ယောက်တည်း ရှေ့က ထွက်လာမိ၏။ အစကတော့
သူငယ်ချင်းတွေကို စိတ်ဆိုးတာပဲ သတိရသည်။ ရေတွင်းပျက်ကြီး
နား ရောက်လာမှ သူတစ်ယောက်တည်းပါလား ဆိုတာ တွေးမိပြီး
ကြောက်လာသည်။ ရေတွင်းဘက် လှည့်မကြည့်ရဲဘဲ ခပ်သုတ်သုတ်
လျှောက်သည်။

ထိုစဉ်မှာ မင်းသီဟက မနက်ကတည်းက ဝှက်ထားခဲ့
သော အုန်းသီးခြောက်တစ်လုံးကို ရေတွင်းထဲ လှိမ့်ချလိုက်၏၊
အုန်းသီးက ရေထဲ အရှိန်နှင့် ကျပြီး လိုက်သံကြောင့် ဝုန်းခနဲ
အသံကြီး မြည်သွား၏။

ကြည်ကြည်စိန်မှ တုန်ခနဲ ဖြစ်သွားသည်။ ကျော်ဇင်ဦး
သည် နဂိုက အသံပြဲရတဲ့ကြားထဲ တမင် သြသြကြီး လုပ်ပြီး
'ဟားဟားဟား' ဟု ရယ်သံပေးလိုက်သည်။ ကြည်ကြည်စိန်မှာ
အံမလေး သောက်ပလုတ်တုတ်၊ လုပ်ကြပါဦး၊ ကျွတ်ပိသော' ဟု
အော်ရင်း ပြေးဖို့ပြင်သည်။ သို့ရာတွင် ထဘီနှင့် ခြေထောက်ကို
တုပ်မိနေသဖြင့် မပြေးနိုင်ဘဲ ဖြစ်နေရာမှ အကြောက်လွန်ပြီး


www.burmeseclassic.com

www.burmeseclassic.com

သတိမေ့သွား၏။

ဒီတော့မှ ဟိုတောင်တွေ ပြေးထွက်လာပြီး သတိရအောင် ဝိုင်းနှာနှပ်ယူရသည်။ ထိုညက ကြည်ကြည်စိန် ဖျားလေတော့သည်။

ထိုဖြစ်မှုကြောင့် ကျော်ဇင်ဦး၊ မင်းသီဟနှင့် စိုးချစ်တို့မှာ အိမ်က လူကြီးတွေ ဆူတာရိုက်တာလည်း ခံရသည်။ ကျောင်းမှာလည်း အတန်းပိုင်ဆရာမက ဆော်သေးသည်။ ကျောင်းအုပ်ကြီးကလည်း မုန့်စားဆင်းချိန်မှာ အိမ်သာတွေ ဆေးကြောဖို့ ပြစ်ဒဏ်ပေးခဲ့သေးသည်။

ကြည်ကြည်စိန်က ထိုအဖြစ်အပျက်မှာ မနေ့ကပင် ဖြစ်ပျက်ခဲ့ပုံမျိုးဖြင့် တခစ်ခစ် ရယ်နေပြီးမှ. . .

"အေးဟာ. . တစ်ခါတစ်ခါ ငယ်ငယ်က အကြောင်းတွေ ပြန်တွေးရတာ ပျော်စရာတစ်မျိုးပဲ၊ အင်းလေ. . . နင့်အဖို့တော့ လွမ်းစရာ ဖြစ်ချင် ဖြစ်နေမှာပေါ့"

ဟု အနှောင့်အသွား မလွတ်သော စကားကို ပြောပြန်သည်။ ထို့ကြောင့် စိုးချစ်က. . .

"ကဲကဲ. . . သွားတော့လေ၊ တော်ကြာ ကုံကော်ညွန့်တွေ ညှိုးကုန်လို့ ယကြာမချေလိုက်ရဘဲ နေဦးမယ်"

"အေးပါဟ. . . အဲ. . . ဒါနဲ့ နင်က နာမည်ကြီး ကဗျာဆရာ ဖြစ်နေပြီဆို"

"နာမည်ကြီးတော့ မဟုတ်ပါဘူးဟာ၊ သာမန်လောက်ပါပဲ နေစမ်းပါဦး၊ ငါ ကဗျာရေးနေတာ နင်က ဘယ်လိုလုပ် သိတာလဲ မတွေ့တာ ကြာပြီပဲဟာ"

"သိတာပေါ့၊ တလောက ဝိုင်းဝိုင်းနဲ့ တွေ့လို့ သူငယ်ချင်း



တွေအကြောင်း ပြောရင်း သူပြောလို့ သိတာ၊ အိမ်က လူကလဲ ကသိပ်ဖတ်တာလေ၊ နင့်ကဗျာတွေကိုလဲ ကြိုက်တယ်တဲ့၊ ဒါနဲ့ ငါက ကဗျာဆရာ ကုံကော်နီဆိုတာ ငါ့သူငယ်ချင်းပဲလို့ ကြွားရတာပေါ့၊ အိမ်က လူကတောင် နင့်ကို တွေ့ချင်တယ်လို့ ပြောနေသေးတယ်၊ တစ်ရက်လောက်တော့ နင့်ကို ဖိတ်ကျွေးဦးမယ်"

"ရပါတယ်ဟာ၊ ငါက ကဗျာရေးနေတာကို သိပ်လူသိခံချင်တာ မဟုတ်ဘူး"

"အို. . . ကိုယ့်သူငယ်ချင်းချင်း ခင်လို့ ကျွေးတာပဲဟာ၊ ဒါတော့ နင် ကြိုက်တတ်တာလဲ ပါမှာပါ၊ အိမ်က လူကလဲ ညနေတို နှစ်ပက်သုံးပက်တော့ သောက်တတ်တယ်လေ"

"ဟာ. . . ငါ သောက်တတ်တာပါ နင်က သိနေတာကိုး၊ ဝိုင်းဝိုင်းက အကုန်လျှောက်ပြောတာပဲ"

"ဟုတ်တယ်၊ နင် ခုထိ ဆွေးနေတုန်းပဲ ဆိုတာလဲ ပြောတယ်"

"ကဲ. . . ကဲ. . . သွားပါတော့ဟာ"

ဆိုပြီး နှင်လိုက်ရသည်။ ဒါတောင် မသွားခင်မှာ. . .

"ဝိုင်းဝိုင်း ပြောတာ ဟုတ်မှာပါ၊ အခုလဲ နင် ဒီနေရာမှာ အလွမ်းပြေ လာထိုင်ရင်း အရင်က အကြောင်းတွေ သတိရနေတာ ဟုတ်လား"

ဟု ပြောသွားသေးသည်။ သူက. . .

"ကဗျာရေးဖို့ စဉ်းစားနေတာပါဟာ"

ဟု ဖြောင့်ကွယ် ကွယ်လိုက်သည်။ တကယ်ဆိုတော့ ကဗျာ ဆိုတာကလည်း အလွမ်းဖြေခြင်းတစ်မျိုးပဲ မဟုတ်လား။

စောစောက ကြည်ကြည်စိန် ပြောသွားသော စကားတစ်



www.burmeseclassic.com

www.burmeseclassic.com

ခွန်းကို မှတ်မှတ်သားသား ဖြစ်မိ၏။ ငယ်ငယ်က အကြောင်းတွေကို ပုံပြင်လို ပြန်ပြန်ပြောရတယ်တဲ့။ သူ့အကြောင်းကိုရော၊ သူငယ်ချင်းတွေကြားထဲမှာ အလွမ်းပုံပြင်တစ်ပုဒ်လို ခုထိ ပြောစမှတ်ပြုနေကြဆဲများ ဖြစ်လေမလား။

. . . ၆၆၆ . . .





ခင်မေတင့်သည် စိုးချစ်ကို လှမ်းမြင်သောအခါ ဝမ်းသာသွားမိလေ၏။ ဒီနေ့ သူနှင့် ကျောင်းသွားဖော် ဖြစ်သော မေရီအောင်က ဖျားနေသည်။ တခြားလူတွေကို စောင့်ပြီးမှ တူတူလိုက်လို့လည်း မဖြစ်။ ဒီနေ့ သူတို့ ဘုရင့်နောင်အသင်း သန့်ရှင်းရေးအလှည့်ကျသဖြင့် ကျောင်းကို စောစောရောက်ရမည်။

ထို့ကြောင့် တစ်ယောက်တည်းပင် ထွက်လာခဲ့ရ၏။ လမ်းမှာ တခြားပြဿနာတော့မရှိ။ ဒီလမ်းခရီးမှာ လုမယ့်ယက်မယ့်လူ၊ အနှောင့်အယှက် ပေးမယ့်လူ မရှိ။ ကျောင်းသူမို့ ပိုပြီးတော့တောင် အန္တရာယ် ကင်းသေးသည်။ ဒီမြို့နယ်အတွင်းမှာ ကျောင်းဝတ်စုံဝတ်ထားသူဆိုလျှင် အားလုံးက စောင့်ရှောက်ကြတာချည်းပဲ။

ပြဿနာကတော့ ရေတွင်းပျက်ကြီးနားကနေ တစ်ယောက်တည်း ဖြတ်မလျှောက်ရဲခြင်းပင် ဖြစ်၏။ ခုတလော ရေတွင်းပျက်ကြီးနား ဖြတ်လျှောက်လျှင် နောက်က တစ်ယောက်ယောက် လိုက်

www.burmeseclassic.com

လာသော ခြေသံလိုလို ကြားရတတ်သည်ဟု သတင်းထွက်နေတော့ ပိုလန့်တာပေါ့။

ရေတွင်းပျက်ကြီးဆီ ဦးတည်သော မြေနီလမ်းလေးဘက် ချိုးကွေ့လိုက်စဉ်မှာပင် ရှေ့က ငိုက်စိုက်ငိုက်စိုက် လျှောက်သွားနေသော စိုးချစ်ကို လှမ်းမြင်လိုက်ရခြင်း ဖြစ်၏။ သူ့လည်း ဝမ်းသာသွားပြီး ခြေလှမ်း မြန်မြန်လျှောက်ရင်း စိုးချစ်ကို အမီလိုက်သည်။ သို့ရာတွင် စိုးချစ်၏ ခြေလှမ်းက ပိုသွက်သဖြင့် မမီတဲ့အပြင် ပို တောင် ကွာသွားသလို ဖြစ်နေသဖြင့်. . .

"စိုးချစ်. . . ဟဲ့. . . စိုးချစ်"

ဟု လှမ်းခေါ်သည်၊ စိုးချစ်က ဘာတွေ စဉ်းစားနေသလဲ မသိ၊ သူခေါ်တာကို မကြား။ နှစ်ခါသုံးခါ ထပ်ခေါ်မှ လှည့်ကြည့် သည်။

"စိုးချစ်. . . ငါ့ကို စောင့်ဦး"

ဟု အော်လိုက်တော့ စိုးချစ်က ရပ်နေသည်၊ သူ ခပ်သုတ်သုတ် လျှောက်သွားသည်။ အနားရောက်တော့. . .

"ဘာလဲဟေ့. . . ကတုံးမ"

ခါတိုင်းတုန်းကသာဆိုလျှင် သူ့ကို ကတုံးမ ခေါ်လျှင် အလွန်စိတ်ဆိုးသည်၊ ခုကျတော့ စိတ်ဆိုးဖို့ သတိမရဘဲ စိုးချစ်ကို တောင် မျက်နှာချိုသွေးလိုက်ရသေးသည်။

"ငါ အဖော်မရှိလို့ဟ၊ တစ်ယောက်တည်း သွားရမှာ ပျင်း တာနဲ့"

"လုပ်မနေစမ်းပါနဲ့ဟာ၊ နင် ကြောက်လို့ မဟုတ်လား"

ခင်မေတင့်က ပြုံးစိစိသာ လုပ်နေသည်။

"နင်တို့ မိန်းကလေးတွေ အဲဒါ ခက်တာပဲ၊ နေ့ခင်းကြောင်





တောင်ကြီး ဘယ်က သရဲက လာခြောက်မှာလဲဟ၊ ခြောက်ချင်လို့ ရှိရင်လဲ နှစ်ယောက် မကလို့ ဆယ်ယောက် စုပြီးသွားရင်လဲ ခြောက်မှာပဲ"

"တော်တော့ဟာ၊ အဲဒီအကြောင်း မပြောနဲ့"

"ဒါနဲ့ နင်က စောလှချည်လား"

"ဒီနေ့ ငါတို့အသင်း သန့်ရှင်းရေးနေ့လေ၊ နေပါဦး၊ နင်က ကော ဘာဖြစ်လို့ အစောကြီး လာရတာလဲ၊ ကျော်ဇင်ဦးတို့နဲ့ ရန်ဖြစ်ထားလို့လား"

"အံမယ်. . . နင်တို့ မိန်းကလေးတွေလို ထစ်ခနဲရှိ စိတ် ကောက်ကြ၊ မခေါ်ဘဲ နေကြတယ်များ ထင်နေလို့လား၊ ဒီကောင် တွေက ပိုက်ကျော်ခြင်း ခတ်ဖို့ အစောကြီးကတည်းက သွားကြပြီ၊ ငါက အိမ်မှာ ကိစ္စရှိနေလို့ ခုမှ အမီလိုက်ရတာ၊ နင့်ကို စောင့်ခေါ် နေရတာနဲ့ ပထမတစ်ပွဲတော့ လွတ်တော့မှာပဲ၊ ဒီလိုလုပ်ဟာ၊ ရေ တွင်းပျက်ကြီးကို ကျော်ပြီးရင် နင် တစ်ယောက်တည်း သွားရဲပြီပဲ ငါ ရှေ့က အရင်လစ်တော့မယ်"

"အေးပါ. . . ရပါတယ်၊ ရေတွင်းကျော်ကျော်ချင်းတော့ မလုပ်နဲ့ဟာ၊ နည်းနည်း လှမ်းတဲ့ထိတော့ စောင့်ပေါ့"

တကယ်တော့ ပိုက်ကျော်ခြင်းပွဲ လွတ်မှာစိုးတဲ့ ကိစ္စတစ်ခု တည်း မဟုတ်။ စိုးချစ်က ခြင်းခတ်တာကို ဟိုကောင်တွေလောက် သဲကြီးမဲကြီး ဝါသနာပါခြင်း မရှိ။ သူငယ်ချင်းတွေ လုပ်လို့ လိုက် လုပ်ခြင်းလောက်သာ ဖြစ်၏။ သူ တကယ် ဝါသနာပါတာက တဖတ်ခြင်းသာ ဖြစ်၏။

သူက ခင်မေတင့်နှင့် နှစ်ယောက်တည်း တွဲပြီး ကျောင်း ထဲ မဝင်လိုခြင်းသာ ဖြစ်၏။ ဘာရယ်တော့ မဟုတ်။ ဒီလိုတွဲသွား


www.burmeseclassic.com

www.burmeseclassic.com

ရတာ ရှက်စရာ ကောင်းသည်ဟု ထင်သည်။

"ခင်မေတင့်. . . ခုဆိုရင် ငါက နင့်ကို ကူညီလိုက်တဲ့ အတွက် ငါ့ကျေးဇူး နင့်အပေါ် တင်သွားပြီနော်"

"အံမယ် ဘာမှလဲ လုပ်ပေးရတာ မဟုတ်ဘဲနဲ့၊ အတူတူ လမ်းလျှောက်ရုံလေးပဲဟာ၊ ပြီးတော့ ကျောင်းသားကျောင်းသူ အ ချင်းချင်း ကူညီတာကို ကျေးဇူးရှင် လုပ်ချင်သေးလို့လား"

"ဘာမှ မဟုတ်လောက်ဘူး ဆိုရင်လဲ နင့်ဘာသာ တစ် ယောက်တည်း သွားတော့လေ"

"ကဲပါဟာ. . . ကျေးဇူးတင်ပါတယ် ကျေးဇူးရှင်ရယ်"

ခင်မေတင့်က ခပ်ငေါ့ငေါ့ပြောရင်း မျက်စောင်းထိုးသည်။ ခင်မေတင့်သည် သူ့ကို ဒီလိုပုံစံမျိုးဖြင့် ခဏခဏ မျက်စောင်းထိုး လေ့ ရှိ၏။ ထိုအခါမျိုးတွင် စိုးချစ် မနေတတ်။ ဒီလိုအကြည့်မျိုးကို လည်း သူ မကြိုက်။ ဒါတွေကြောင့်လည်း ခင်မေတင့်နှင့် ကျောင်း ထဲ နှစ်ယောက်တွဲ မဝင်လိုခြင်း ဖြစ်နိုင်၏။

"ကဲ. . . ဟုတ်ပြီ၊ ငါ့ကျေးဇူး နင့်အပေါ် တင်နေပြီဆို တော့ နင်က တစ်နည်းနည်းနဲ့ ကျေးအောင် ဆပ်ရတော့မယ်"

"နင်ဟာလေ၊ ဝတ္ထုတွေ ဖတ်ဖတ်ပြီးတော့ ပြောလိုက်ရင် အဲဒီလိုတွေချည်းပဲ၊ ကဲ. . . ပြောပါဦး၊ ဘယ်လို ကျေးဇူးဆပ်ရမှာ လဲ"

"ငါ့ကို စာကူးပေး"

"ဘာ. . ."

"အေး. . . ဟုတ်တယ်၊ ငါ့မှာ ပထဝီတွေ ကူးစရာ ရှိနေ တယ်"

"ပထဝီချိန်မှာ နင် ဘာလုပ်နေလို့လဲ"





"ငါ လက်နာနေလို့ဟာ"

စိုးချစ်က လိမ်ပြောလိုက်ခြင်း ဖြစ်၏။ အမှန်တော့ မြန်မာ ...ဆရာမက အလယ်တန်း ကဗျာလက်ရွေးစင် သင်ရင်း လေး ...သုံးနှစ် တာရန်ယူပုံအကြောင်း၊ သံပေါက်စပ်နည်း အကြောင်း ...ပြောခဲ့သည်။ ထိုအခါ စိုးချစ်မှာ သုံးကြောင်းကဗျာလေးတွေ စပ်ဖို့ ...ကြိုးစားတော့သည်။ ပထဝီ အချိန်မှာလည်း စာခေါ်ပေးတာကို ...လိုက်ကူးသလိုလိုနှင့် ကဗျာတွေ စပ်နေခဲ့ခြင်း ဖြစ်၏။

"အဲဒါဟာ. . . နင် ကူးပေးပါလား"

"ဘယ်ဖြစ်မလဲဟ၊ ငါကလဲ အားတာ မဟုတ်ဘူး၊ တစ်နေ့ ...တစ်နေ့ ငါ့အိမ်စာတွေတောင် မနည်းပြီးအောင် လုပ်နေရတာ"

"နင့်အလှည့်ကျတော့ ဒီလိုလား"

ခင်မေတင့်သည် စာကူးရမှာလောက် ပျင်းတာမရှိ။ စာ ...ကူးမပေးလို့ဆိုပြီး စိုးချစ်က သူ့ကို တစ်ယောက်တည်း ထားခဲ့မှာ ...လည်း စိုးသည်။ ရေတွင်းပျက်ကြီးနားလည်း ရောက်လာပြီ။ တ ...ယ်လို့များ ဟိုကောင်က သူ့ကို ထားခဲ့ပြီး ထွက်ပြေးလျှင် သူ ...လည်း လိုက်ပြေးရ တောင်းမလား။ ဟိုကောင် ထွက်ပြေးသည်ပင် ...ဖြစ်စေ၊ လူကို လှမ်းမြင်နေရလျှင် သိပ်ကြောက်မိမှာ မဟုတ်ဘူးဟု ...လည်း ထင်သည်။ ဘာပဲဖြစ်ဖြစ် ကြောက်တာတော့ ကြောက်မှာပဲ။

"ဒါဆိုရင်လဲ"

စိုးချစ်က စကားစမည့်ဟန် ပြင်လိုက်စဉ် ခင်မေတင့်သည် ...ယ' ဟု ရေရွတ်ရင်း ရေတွင်းပျက်ကြီးဘက်ကို ငေးကြည့်နေ ...သည်။

"ဘာ. . . ဘာဖြစ်လို့လဲ"

စိုးချစ် လိုက်ကြည့်သော်လည်း ဘာမျှ မတွေ့ရ။


www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာမြင်လို့လဲ၊ သရဲခြောက်လို့လား"

ခင်မေတင့်က ဘာမှမပြောဘဲ ကံ့ကော်ပင်ပေါ်ကို လက်ညှိုး ထိုးပြနေသည်။ ခင်မေတင့် အကြောက်လွန်ပြီး ကြော တောင်တောင် ဖြစ်သွားသလား ထင်ရ၏။

"ခင်မေတင့် . . . ခင်မေတင့်"

စိုးချစ်က စိုးရိမ်စွာ ခေါ်လိုက်သည်။ ဒီတော့မှ ခင်မေ တင့်က . . .

"ဘာလဲ"

ဟု ထူးသည်။

"နင် ဘာဖြစ်သွားတာလဲ"

"ဟိုမှာဟ . . . ဟိုမှာ"

"ဘာလဲ . . . ဘာမှလည်း မတွေ့ပါလား"

"ငါတွေ့တယ်"

"ဟင် . . . ဘာကြီးလဲ"

"ကံ့ကော်ပန်း"

"ဟာ . . . ပေါက်နေပြီလား၊ ကံ့ကော်ပွင့်ဖို့ လိုပါသေး တယ်ဟ"

"တကယ်ပြောတာ၊ ဒီအပင်ကြီးက တခြားအပင်တွေထ စောပြီး ပွင့်တတ်တယ်ဆိုတာ ဟုတ်တယ်ဟ"

"ငါတော့ ဘာမှ မတွေ့ပါလား၊ ဧကန္တတော့ ရုက္ခစိုး နင့်တစ်ယောက်တည်းကိုပဲ ပြတာ ထင်တယ်"

ဟု စိုးချစ်က ဖျက်ချော်ချော်ပြောသည်။

"ငါ တကယ်မြင်တာပါဟ၊ တစ်ပွင့်တည်းရယ်၊ ဟို ကြည့်"





ခင်မေတင့် လက်ညှိုးညွှန်ရာကို လိုက်ကြည့်သော်လည်း မမြင်ရ။

"မတွေ့ပါဘူး"

"နင် သေသေချာချာ မကြည့်လို့ပါ၊ နည်းနည်းကောက်နေ တဲ့ အကိုင်းကြီးရဲ့ ထိပ်ဖျားကို ကြည့်လိုက်၊ တွေ့လား"

စိုးချစ် ကြည့်လိုက်တော့ ဖြူတူတူတော့ မြင်တာပဲ။

"နင့်ဟာက စက္ကူစုတ်ကြီး ငြိနေတာ ဖြစ်မှာပါ"

"ကံ့ကော်ပန်းမှ ကံ့ကော်ပန်းအစစ်ပါဟာ၊ နင်က မျက်စိ ကောင်းလို့ သေချာမမြင်တာ ဖြစ်မယ်"

"ကဲ . . . ကံ့ကော်ပန်းပဲ ထားပါတော့၊ ကံ့ကော်ပန်း တွေ့ တာများ စိန်လက်ကောက် တွေ့တာ ကျနေတာပဲ"

"ငါ့အတွက်တော့ ကံ့ကော်ပန်းက စိန်လက်ကောက်ထက် အဖိုးတန်တယ်လို့ ထင်တယ်"

ခင်မေတင့်သည် ကံ့ကော်ပန်း ခရေဇီ ဖြစ်၏။ အဝတ်အ စား အသစ် ဝမ်းဆက်ယူမလား၊ ကံ့ကော်ပန်း ယူမလားဆိုလျှင် ကံ့ကော်ပန်းကို လက်ညှိုးထိုးပြမည့်သူ ဖြစ်၏။

ပြီးတော့ ခုဟာက အလွန်ထူးခြားတဲ့ အခြေအနေ၊ ကံ့ ကော်ပန်းတွေထဲမှာ အစောဆုံး ပွင့်တတ်သော အပင်ကြီး၏ပထမ ဆုံးသော ကံ့ကော်ပွင့်။ တစ်ပွင့်တည်းသော ကံ့ကော်ဦး။

ဒီကံ့ကော်ပွင့်ကိုသာ ပန်ခွင့်ရလိုက်လို့ကတော့ ကျောင်းက ပန်းကလေးတွေအားလုံး ငေးသွားကြရမည်။ ကိုးတန်းဆယ်တန်းက စိမကြီးတွေတောင် မနာလို ဖြစ်သွားကြရမည်။ ဒီနှစ်မှာ ကံ့ ကော်ပွင့်ကို ပထမဆုံး ပန်နိုင်တာ ခင်မေတင့်ပဲဟေ့ ဆိုပြီး စံချိန် တင်သွားရလိမ့်မည်။ ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"စိုးချစ် . . . အဲဒီကွဲကော်ပန်း တက်ခူးပေးပါလားဟာ"

"ဟာ . . . အလိုလိုကမှ နင့်ကို စောင့်ခေါ်ရလို့ နောက်ကျနေရတဲ့အထဲ"

"နင့်ကို ငါ မုန့်ဝယ်ကျွေးမယ်လေဟာ"

"အံမယ် . . . ငါ့ကို ကျော်ဇင်ဦးလို အစားနဲ့ မျှားလို့ရမယ် မျှား ထင်နေလို့လား"

"လုပ်ပါဟာ၊ ငါ ကွဲကော်ပန်း မြင်ရင် မနေနိုင်လို့ပါ"

"မခူးပေးပါဘူး၊ ကဲ . . . အချိန်မရှိဘူးဟာ၊ သွားမယ်၊ နင် မလိုက်ချင်ရင်လဲ အဲဒီမှာ သွားရည်ယိုပြီး နေခဲ့တော့"

စိုးချစ်က ခြေလှမ်းပြင်သည်။ ခင်မေတင့်က တစ်စုံတစ်ခု သတိရဟန်ဖြင့် . . .

"နင် ခုနပြောတာလေ၊ ပထဝီတွေ ပြန်ကူးရမယ်ဆိုတာ၊ အဲဒါ ငါကူးပေးမယ်လေဟာ"

စိုးချစ် တစ်ချက်တွေသွားသည်။ ပိုက်ကျော်ခြင်းပွဲ မမီလို့လည်း ဘာမျှ အရေးမကြီး။ ကွဲကော်ပွင့် တက်ခူးပေးရတာက ဘာမျှ မခဲယဉ်း။ ငါးမိနစ်လောက်နှင့် ပြီးနိုင်သည်။ စာတွေ ပြန်ကူးရမှာက မစားသာ။ ခူးပေးလိုက်ရ ကောင်းမလား စဉ်းစားနေတုန်း . . .

"တစ်ခုရှိသေးတယ်ဟာ၊ ငါတို့ဦးလေးဆီမှာ 'ကဗျာရေးချင် စာစပ်သင်' ဆိုတဲ့ စာအုပ်တစ်အုပ် ရှိတယ်၊ အဲဒီထဲမှာ ကဗျာစပ်နည်းတွေ ပါတယ်တဲ့၊ အဲဒီစာအုပ် နင့်ကို ငှားမယ်လေ"

ဟု ခင်မေတင့်က ထပ်ပြီး ကမ်းလှမ်းသည်။ ဒီတစ်ချက်တော့ အညာကို ကိုင်လှုပ်လိုက်ခြင်းပင် ဖြစ်၏။ စိုးချစ်သည် ကဗျာစပ်နည်း စာအုပ်ဆိုတာ ကြားလိုက်သည်နှင့် . . .





"နင် . . . နင် တကယ်ပြောတာလား"

ဟု အူးယားဖားယား မေးမိ၏။

"တကယ်ပေါ့ဟ"

"နင် . . ."

ဆိုပြီး စကားဆက်ဖို့ ခက်နေ၏။ သူတို့ ယောကျ်ားလေးချင်းချင်းဆိုလျှင် 'မင်း . . . ယောကျ်ားနော်' ဟု ကတိကို အ ထိုပြုလေ့ ရှိ၏။ ခုကျတော့ 'နင် . . . မိန်းမနော်' ဆိုပြီး ပြောလို့ ထို့ကြောင့် . . .

"နင် . . . ကတိနော်"

"အေးပါဟ . . . ကဲပါ မြန်မြန်ခူးပေးစမ်းပါ၊ သန့်ရှင်းရေးဖို့ နောက်ကျနေဦးမယ်"

စိုးချစ်က 'နင် . . . ငါ့ကို ဘတ်တာဆိုရင်တော့ မလွယ်ဘူး' ဟု စိတ်မချသလို ပြောပြီး ကွဲကော်ပင်ပေါ် တက်သည်။ တက် ပွင့်နေသောနေရာကို ခင်မေတင့်က ညွှန်ပြပေးသည်။ ကောက်နေသော အကိုင်းက သိပ်မမြင့်လှ။ စိုးချစ်သည် ကိုင်း တက်ဆီသို့ ဖျတ်လတ်စွာ ကူးသွားသည်။ ခင်မေတင့် ပြောတာ မှပဲ။ ထူးခြားစွာ ကြီးမားလှပသော ကွဲကော် တစ်ပွင့်သည် တ်တွေကြားထဲက ထိုးထွက်နေသည်။

"စိုးချစ် . . . အကိုင်းရှည်ရှည်လေး ပါအောင် ခူးနော်"

စိုးချစ်က 'အေးပါ'ဟု ပြန်ပြောပြီး ကွဲကော်ပန်းဆီ လက် သည်။ နည်းနည်းလိုနေသဖြင့် ခြေဖျားထောက်လိုက်၏။ ကွဲ ပွင့်ဆီထိ မမီသော်လည်း အကိုင်းဖျားကို လိမ်ချိုး၍ ခူးလို့ရ အကိုင်းက ပျဉ်းတွဲနေသဖြင့် ဆောင့်ဆွဲလိုက်သည်။

"အရမ်းမဆွဲပါနဲ့ဟ၊ အပွင့်နာသွား . . . ဟာ"


www.burmeseclassic.com

www.burmeseclassic.com



ခင်မေတင့် စကားမဆုံးသေး။ စိုးချစ်က သစ်ကိုင်းကို ဆောင့်အဆွဲ ဟန်ချက်ပျက်ပြီး အောက်ပြုတ်ကျသွားခြင်း ဖြစ်၏။ သူ တက်နေသော သစ်ကိုင်းက သိပ်မြင့်လှတာ မဟုတ်သော ကြောင့်သာ သက်သာသွားခြင်း ဖြစ်၏။

"စိုးချစ် . . . စိုးချစ် ဘာဖြစ်သွားသေးလဲ"

ခင်မေတင့်က စိုးရိမ်တကြီး အော်ဟစ်ရင်း ပြေးသွား သည်။ စိုးချစ်သည် လူးလဲထလာသည်။ သူ့လက်ထဲမှာတော့ ကော်ကိုင်းကို ကိုင်လျက်သား။ ထိပ်ဖျားက ကံ့ကော်ပွင့်ကလည်း တကောင်းထောက်မစွာ အထိအခိုက်မရှိ၊ ပကတိအတိုင်း။

"ဘာမှ မဖြစ်ပါဘူးဟ၊ ခုလိုဆိုတော့ မြေကြီးပေါ် အမြန် ပြန်ရောက်တာပေါ့၊ ကဲ . . . ရော့"

စိုးချစ်က ကံ့ကော်ပွင့်ကို လှမ်းပေးလိုက်သည်။

"နင် ဘာမှ မဖြစ်ဘူးနော်"

ခင်မေတင့် ထပ်မေးရင်း ကံ့ကော်ပွင့်ကို လှမ်းယူသည်။ ကျေနပ်ပျော်ရွှင်စွာ ငုံ့နမ်းမည် ပြုပြီးနောက် အံ့သြသွား၏။ ဆန်းလိုက်တာ၊ ကံ့ကော်ပွင့်ရဲ့ ပွင့်ချပ်ပေါ်မှာ အနီစက်တွေ၊ တွေ။ သေသေချာချာ ကြည့်လိုက်တော့မှ အနီစက်များမှာ ပင် ပါလာသော အစက်အပြောက်များ မဟုတ်။

"ဟယ် . . . သွေးတွေ"

ခင်မေတင့် ကြောက်လန့်တကြား မော့ကြည့်သည်။ သွေးစက်များသည် စိုးချစ်၏မေးဖျားရှိ ဒဏ်ရာမှ လွင့်စဉ် ကျလာခြင်းပင် ဖြစ်လေ၏။

◈ ◈ ◈





စိုးချစ်သည် မေးဖျားက ဒဏ်ရာကြောင့်ရော၊ အနာရှိန် အဖျားဝင်လာတာကြောင့်ရော ကျောင်းသုံးရက် ပျက်သွား သည်။ ခင်မေတင့်ကတော့ တတိတည်ပါသည်။ တည်ရုံမက လွန် လွန်သွားသေးသည်။

အစတုန်းက ပထဝီ တစ်ဘာသာတည်းသာ ကူးပေးဖို့ ကတိပြုခဲ့တာ။ ခုတော့ ကျောင်းပျက်ရတဲ့ သုံးရက်စလုံးအတွက် ဘာသာတွေပါ ကူးပေးရှာသည်။ ပြီးတော့ "ကဗျာရေးချင် ...ပင်" စာအုပ်ကိုလည်း တကယ်ပင် ယူလာပေးသည်။ ထိုသုံး ...အတွင်း သေသေချာချာ ဖတ်ပြီး လေ့လာလိုက်သောအခါ ...စပ်နည်းတွေကို ပို၍ နားလည်သဘောပေါက်လာရ၏။

"နောင်တစ်ချိန် ငါ ကဗျာဆရာကြီး ဖြစ်လာရင် နင့်ကျေး ...ပါတယ်လို့ ပြောရမှာပဲ"

ဟု စိုးချစ်က ကျေးဇူးတင်စကား ပြောသည်။

ခင်မေတင့်က စိုးချစ်တို့အိမ်ကို ဝိရက်တွေအတွင်း ညနေ ရောက်ရောက်လာသည်။ စိုးချစ်အတွက် ကြက်သား မြူစွမ်း ...တို့၊ ကြက်ဥပြုတ်တင်းတို့ ယူလာတတ်သည်။ စိုးချစ်က မလာစေ ...

"နေပါစေဟာ၊ ငါတို့အမေကလဲ နေ့တိုင်း ဆန်ပြုတ် ...ပေးတာပဲ၊ အစ်မတို့ကလဲ ငါစားချင်တာ လုပ်ပေးပါတယ်ဟ"

ဟု တားမြစ်စကား ဆိုသည်။ ခင်မေတင့်က . . .

"မလာလို့ မရဘူးဟ၊ အမေက ကိုယ့်ကြောင့် ဖြစ်တာ ...မှာ သတင်းမေးဖို့ တာဝန်ရှိတယ်ဆိုပြီး လာခိုင်းတာဟ"

"ဪ နင်တို့အမေက လာခိုင်းလို့သာ လာရတာပေါ့၊ ...က လာချင်လို့ မဟုတ်ဘူးပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ဟု စိုးချစ်ဆီ ရောက်နှင့်နေသော မင်းသီဟက ပြော
သည်။ ခင်မေတင့်က...

"ဒီလိုမပြောပါနဲ့ဟာ၊ ငါကလဲ စေတနာ ရှိပါတယ်၊ ဒါ
ကြောင့် ဒီနေ့ ကြက်ဥပူတင်းကို ငါကိုယ်တိုင် ပေါင်းလာတာပေါ့

ထိုအခါ ကျော်ဇင်ဦးက...

"ဟာ... ဟုတ်လား၊ ကောင်းတာပေါ့၊ ငါတို့လဲ စားရတာ
ပေါ့"

"အေးကွာ၊ ကုံကော်ပန်းလေးတစ်ပွင့် ခူးပေးရုံနဲ့ တော်
တော် စားသာတာပဲ၊ ဒီမှာဟေ့... ကတုံးမ"

"ဘာပြောတယ်"

"အဲ... ခင်မေတင့်၊ နောက်တစ်ခါ ကုံကော်ပန်း လိုချင်
ရင် ငါ့ကိုပြော သိလား၊ ငါ တက်ခူးပေးမယ်၊ တကယ်လို့ အပင်
ပေါ်က ပြုတ်ကျပြီး ဒဏ်ရာရခဲ့ရင်၊ အဲ... ငါက မြူစွမ်တော့
မကြိုက်ဘူး၊ ကြက်သားကြော်ပြီး လာပို့ဟာ"

ဟု မင်းသီဟက ဝင်နောက်တော့ ခင်မေတင့်က...

"နင့်ကျရင်တော့ အမဲရိုးပဲ ရမယ်"

ဟု ပြန်ပက်သည်။ သူ့ကို ကတုံးမဟု ခေါ်လိုက်သော
ကြောင့် စိတ်ခုသွားတာလည်း ပါသည်။ ခင်မေတင့်သည် ထ
ငယ်က အလွန်ညစ်ပတ်သည်။ ခေါင်းလည်း မှန်မှန်မလျှော်သဖြ
သန်းတွေ အလွန်ထူသည်။ နောက်တော့ အနာတွေ ပေါက်လာ
ဖြင့် ကတုံးတုံးလိုက်ရသည်။ ထိုအခါမှစ၍ သူ့ကို ကတုံးမဟု
ကြခြင်း ဖြစ်၏။ ဒီလိုခေါ်လျှင် သူက အလွန်စိတ်ဆိုးတတ်သည်။

မင်းသီဟက မျက်စ ပစ်ပြလိုက်သည်။ ကျော်ဇင်ဦး
ခေါင်းညိတ်ပြပြီး ပူတင်းထည့်လာသောချိုင့်ကို ယူပြီးဖွင့်ကြည့်သည်





အနံ့ကို ရှူကြည့်ပြီး...

"ဟာ... မွှေးနေတာပဲ၊ နင်က တော်တော် တော်တာပဲ၊
အံမယ်... တယ်လဲ စေ့စပ်ပါလား၊ ဇွန်းပါ တစ်ခါတည်း ထည့်ယူ
လာတယ်၊ အတော်ပဲ"

ဆိုပြီး ဇွန်းကို ကိုင်လိုက်သည်။ ခင်မေတင့်က...

"မလုပ်ပါနဲ့ဟာ၊ လှမမာ စားဖို့ ယူလာတာ"

"အံမယ်... လှမမာတဲ့၊ ဟီဟိ... ကြည့်ပါဦး၊ လှမမာ
ရုပ်ကြီးကို"

မင်းသီဟက ဝင်နောက်လိုက်ပြန်သည်။ စိုးချစ်မှာ ရယ်ရ
မလို တည်ရမလို ဖြစ်နေ၏။ ခင်မေတင့်က ခုလို ဂရုစိုက်နေတာကို
သူက မနေတတ် မထိုင်တတ် ဖြစ်နေ၏။ ထို့ကြောင့် မင်းသီဟကို
မျက်မှောင်ကုတ်ပြလိုက်သည်။

ကျော်ဇင်ဦးကတော့ 'တော်တော်စားလို့ကောင်းမှာပဲ' ဆို
ပြီး ပူတင်းတစ်ဇွန်း ခပ်လိုက်သည်။ ခင်မေတင့်က ဇွန်းကို လှမ်းလု
တော့မည့်ပုံနှင့်...

"ကျော်ဇင်ဦး... အဲဒီလို မလုပ်နဲ့နော်"

"နင်ကလဲ တွန့်တိုလိုက်တာ"

"စားပါစေဟာ၊ ငါ သိပ်မစားချင်ပါဘူး"

ဟု စိုးချစ်က ဝင်ပြောရာ ခင်မေတင့် မကျေမနပ် ဖြစ်ပြီး

"ဘာ... နင်က မစားချင်ဘူး ဟုတ်လား၊ မစားချင်ရင်
သွင့်ပစ်လိုက်ဟာ... ပေး"

ဆိုပြီး ပူတင်းချိုင့်ကို လှမ်းလုသည်။ ကျော်ဇင်ဦးက ရှောင်
လိုက်ပြီး...

"နှမြောစရာကြီးဟာ၊ မလုပ်ပါနဲ့၊ ငါတို့ပဲ စားလိုက်ပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com

"ငါက စားစေချင်လို့ အပင်ပန်းခံ လုပ်လာတဲ့ဟာ"

ဟု ဆောင့်ဆောင့်အောင့်အောင့် ပြောသည်။ ကျော်ဇင်ဦးက. . .

"အေးပါ၊ အဲဒါကြောင့် စားမယ်လို့ ပြောတာပေါ့"

"နင်တို့ စားဖို့ ပြောတာမဟုတ်ဘူး"

ဟု အော်လိုက်သည်။

"ကဲပါ. . . သူက စေတနာနဲ့ လုပ်လာတာ၊ စိုးချစ်ကလဲ နည်းနည်းဖြစ်ဖြစ်တော့ စားလိုက်ပေါ့၊ ကျန်တာကတော့ ဟဲ. . . ဟဲ. . ."

"ဒါဆို စိုးချစ် အရင်စား"

ဟု ခင်မေတင့်က ပြောသည်။ စိုးချစ်က အင်တင်တင် လုပ်နေသဖြင့် ကျော်ဇင်ဦးက တစ်ဇွန်းခပ်ပြီး စိုးချစ် ပါးစပ်နား တေ့ပေးသည်။

"စားလိုက်ပါကွ၊ ဒါနလေး မြောက်သွားအောင်"

"စားလေဟာ"

ဟု ခင်မေတင့်ကပါ ဝင်တိုက်တွန်းသဖြင့် စိုးချစ် ပါးစပ် ဟပေးလိုက်ရသည်။ ဒီတော့မှ ခင်မေတင့်လည်း ကျေနပ်ပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာ၏။ စိုးချစ်ကတော့ မပြုံးနိုင်။ ပါးစပ်ထဲ ရောက်လာသော ပူတင်းကို မြုံ့ကြည့်လိုက်ပြီးတော့ ရှုံ့မဲ့မဲ့ကြီး ဖြစ်သွား၏။

"ဟင်. . . ဘာဖြစ်လို့လဲ၊ မကောင်းဘူးလား"

ခင်မေတင့်က မေးသည်။ စိုးချစ်က. . .

"ဘယ်လိုကြီးလဲ မသိဘူး၊ ချိုလည်း မချိုဘူး၊ တစ်မျိုးကြီး"

ဟု ဗလုံးဗထွေး ပြောသည်။

"ဟယ်. . . နင် နေမကောင်းလို့ ခံတွင်းပျက်နေတာ ထင်





တယ်၊ ဘယ်နှယ့်ကြောင့် မချိုရမှာလဲဟာ၊ ငါက ပိုကောင်းအောင် အချိုမှုန့် တစ်ဇွန်းတောင် ထည့်ထားတာ"

"ဘာ. . . အချိုမှုန့်"

စိုးချစ် မျက်လုံးပြူးသွား၏။

"အေးလေ"

ကျော်ဇင်ဦးက တစ်ဘက်လှည့်ပြီး တခစ်ခစ် ရယ်သည်။

"ဘာလဲဟ"

"ခင်မေတင့်ရယ်၊ နင့်လက်ထက်ကျမှပဲ ပူတင်းဖုတ်နည်း အထူးအဆန်း ပေါ်လာတော့တယ်"

ခင်မေတင့်မှာ မျက်လုံးကလေး ကလယ်ကလယ် ဖြစ်နေ၏။ စိုးချစ်ကတော့ ပါးစပ်ထဲက ပူတင်းတွေကို မျိုချရမလား ထွေးထုတ်ရမလား စဉ်းစားရင်း ကြောင်စီစီ ဖြစ်နေ၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ခင်မေတင့်က မင်းတို့ တော်တော် ချစ်တာတော့ သေချာတယ်ကွ"

ဟု ခင်မေတင့် ပြန်သွားပြီးနောက် မင်းသီဟက ပြော သည်။

"တော်စမ်းပါကွာ၊ ဒါပဲ ပြောနေတာပဲ"

စိုးချစ်က သုန်သုန်မှုန်မှုန် မျက်နှာထားနှင့် ပြန်ပြောသည်။ ခင်မေတင့်က သူ့အပေါ် ရင်းရင်းနှီးနှီး ဆက်ဆံတာမျိုးကို သူ ကြိုက်လား။ သူက မိန်းကလေးတွေနှင့် သိပ်ရောရောနှောနှော မနေ နိုင်။ မလွတ်လပ်ဘူး၊ ပြီးတော့ မိန်းကလေးတွေနှင့် စကားပြောရ တာ ဘာမှန်းလဲ မသိ၊ တော်ကြာ စိတ်ကောက်လိုက် တော်ကြာ ဘယ်လိုတ်မောလိုက်နှင့် ကဗျာ အရေးကျွင့်ရတာက ပိုပျော်စရာ ကောင်းတယ်ဟု ထင်သည်။


www.burmeseclassic.com

www.burmeseclassic.com


ခင်မေတင့်ကတော့ စိုးချစ်ဟာ တစ်ခါတစ်ခါ ပေကတ်
ကတ်နဲ့ တစ်ခါတစ်ခါကျတော့လည်း ရှက်သလိုလို ဘာလိုလို သ
ဘောကောင်းသလိုလိုနဲ့ ခင်မင်ဖို့တော့ ကောင်းသားဟု ယူဆမိလေ
သည်။

...၀၀၀...

တကယ်လို့ သူသာ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ခဲ့
လျှင် နာမည်ရှေ့မှာ 'ဒေါ်' တပ်ပြီး ခေါ်လောက်သည့်အရွယ်
ရောက်သေးဟု ဆိုရမည်။ ရုံးတစ်ရုံးက အရာရှိဆိုလျှင်တော့ 'ဒေါ်'
တပ်ခေါ်ရမည့် အခြေအနေ ရှိ၏။

ခုတော့ သူက ကိုယ်ပိုင်ကုမ္ပဏီ ထောင်ထားသဖြင့် စီးပွား
ဖက်တွေက ဒေါ်ခင်မေတင့်ဟု တလေးတစား ခေါ်ကြသည်။
ကုမ္ပဏီ ဝန်ထမ်းတွေကတော့ သူ့အတွင်းရေးမှူး ကောင်မလေး
ခေါ်သလို 'မမ'ဟု လိုက်ခေါ်ကြသည်။ ငယ်တဲ့လူတွေက ခေါ်တာ
အရေးမကြီး။ သူ့ထက် အသက်ကြီးသူတစ်ချို့ကပါ လိုက်ခေါ်တာ
ကျတော့ အနေရခက်သည်။

လူကြီးတစ်ချို့ကတော့ ဆရာမဟု ခေါ်ကြသည်။ ဒါလည်း
တစ်မျိုးကြီးပဲ။ သို့ရာတွင် တခြား ဘယ်လို ခေါ်ခိုင်းရမှန်း မသိသ



www.burmeseclassic.com

www.burmeseclassic.com


ဖြင့် ဒီအတိုင်း နေလိုက်ရသည်။ ကိုယ့်ကို ဘယ်လို ခေါ်ပါလို့ ဖွင့်ပြောရတာကလည်း အတော် ကြောင်တောင်တောင်နိုင်သည်။ ကွယ်ရာမှာတော့ တချို့က 'ဘောစိ'ဟု ခေါ်ချင်ခေါ်မည်။ လူငယ်တွေကတော့ 'အဘွားကြီး'ဟု ခေါ်ကောင်းခေါ်ပေလိမ့်မည်။

တကယ်တော့ သူ့အသက်မှာ သုံးဆယ့်ခုနစ်နှစ်သာ ရှိသေးသည်။ မသိတဲ့လူတွေကဆိုလျှင် သုံးဆယ်စွန်းစွန်းသာ ရှိသေးသည်ဟု ထင်မှတ်နိုင်သည်။ မျက်နှာထား တည်ပုံ၊ ဆက်ဆံပြောဆိုမှု ပြတ်သားပုံတွေကို အကြောင်းပြုခဲ့လျှင်တော့ အသက်လေးဆယ်လောက်ဟု ခန့်မှန်းကောင်း ခန့်မှန်းကြလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဒီအသက်အရွယ်လောက်နှင့် ကုမ္ပဏီကြီးတစ်ခုကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နေတာကတော့ ချီးကျူးစရာဖြစ်သည်ဟု စီးပွားဖက်တွေက မှတ်ချက်ပြုကြသည်။

◈ ◈ ◈

သူ ရုံးခန်းထဲ ဝင်လာတာ မြင်သောအခါ စောစောကတစ်ယောက်တစ်ပေါက် ပြောနေကြသော ကုမ္ပဏီဝန်ထမ်းတို့၏ စကားသံများသည် ကက်ဆက်က 'ပေါ့စ်' ခလုတ်ကို နှိပ်လိုက်သလို ရုတ်တရက် တိတ်ဆိတ်သွား၏။ သူက တစ်ခန်းလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ပြီးမှ သူ့အခန်းထဲကို ဝင်လိုက်၏။

အခန်းထဲ ဝင်ဝင်ချင်းမှာပင် ထူးခြားမှုကို သတိပြုမိသည်။ အခန်း၏ အပြင်အဆင်သည် ဘာမျှ ပြောင်းလဲမထား။ သူ၏ ကျွန်းသား စားပွဲရှည်ကြီးသည် ပြောင်လက်မြဲ ပြောင်လက်လျက်။ အတွင်းရေးမှူးမလေး၏ အလူမီနီယံ စားပွဲကလေးသည်လည်း ဖိုင်တွဲတွေ စီစီရီရီ သန့်ရှင်းသပ်ရပ်လျက်။ ကျောက်စိမ်းရောင် ခန်းစီးလိုက်ကာများကလည်း သစ်လွင်လှပလျက်။ လေအေးပေးစက်ကလည်း သူ့အကြိုက်အတိုင်း အခန်းအပူချိန်ကို တာဝန်ကျေစွာ ချိန်ညှိပေးလျက်။ အခန်းတွင်းက အလင်းရောင်ကလည်း မမှောင်မစူး၊ အနေတော် လင်းလျက်။

ထူးခြားနေတာကတော့ အနံ့တစ်ခု။ နှစ်ပေါင်းများစွာ ဝှန့်ပယ်ထားခဲ့သော၊ ထို့အတူ နှစ်ပေါင်းများစွာ ရင်မှာ စွဲနေခဲ့သော ရနံ့၊ ကံ့ကော်ပန်းနံ့။

စားပွဲပေါ်ကို လှမ်းကြည့်လိုက်တော့ ပန်းအိုးထဲမှာ ကံ့ကော်ပန်းတွေ ဝေနေအောင် ထိုးစိုက်ထားတာ တွေ့ရ၏။ သူ ဒေါကြည့်နေတုန်း အတွင်းရေးမှူးမလေး ဘေးမှာ လာရပ်ပြီး. . .

"ဒီနေ့ အိမ်က ထွက်အလာ လမ်းထိပ်မှာ ဦးဦးဖျားဖျား ပွင့်တဲ့ ကံ့ကော်ပန်းတွေ တွေ့လို့ ဝယ်လာခဲ့တယ် မမ၊ ကံ့ကော်က လူနဲ့ တည့်တယ်လေ၊ သူ့အနံ့က အမွှေးအမော် ကောင်းတယ်၊ လူကိုလည်း လန်းဆန်းစေ. . ."

ခင်မေတင့်က လက်ကာပြလိုက်သည်။ အတွင်းရေးမှူးမလေးသည် ရုတ်တရက် စကားရပ်လိုက်၏။ သူ ဘာမှား မှားသွားလဲဟု အပူတပြင်း စဉ်းစားသည်။ ဘာမျှ မမှား။ အကြောင်းအရာတစ်ခုကို ပြောလျှင် ပြန်လှန် မေးခွန်းထုတ်စရာ မလိုလောက်အောင် အချက်အလက် ပြည့်ပြည့်စုံစုံ ပြောတတ်ရမည်ဟု ဒေါ်ခင်မေတင့်ကိုယ်တိုင်က သင်ကြားလေ့ကျင့်ပေးခဲ့တာပဲ။ တကယ်ဆိုလျှင် ကံ့ကော်ဝတ်ဆံ၏ အစွမ်းသတ္တိအကြောင်း ပြောဖို့အောင်



www.burmeseclassic.com

www.burmeseclassic.com


ကျန်နေသေးသည်။

"အဲဒီပန်းတွေ မလိုချင်ဘူး"

ဟု ခင်မေတင့်က ပြောလိုက်သည်။ ကောင်မလေးသည် 'ရှင်' ဟု ရေရွတ်မိ၏။ ခင်မေတင့်က. . .

"နောက်ကို ငါ့စားပွဲပေါ်က ပန်းအိုးမှာ ကံ့ကော်ပန်း ဘယ်တော့မှ မထိုးနဲ့"

ဟု သံပြတ်ဖြင့် ပြောသည်။ ဘာဖြစ်လို့လဲဟု ပြန်မေးခွင့် မရှိမှန်း သိသဖြင့် ကောင်မလေးက. . .

"ဟုတ်ကဲ့ မမ၊ ကျွန်မ မှတ်ထားပါ့မယ်"

ဟု ပြန်ပြောပြီး ပန်းအိုးထဲက ပန်းတွေကို ထုတ်ယူကာ အခန်းပြင် ထွက်ရန် ပြင်သည်။

"နေဦး"

ကောင်မလေး ရပ်လိုက်ပြီး ဘာပါလိမ့်ဆိုသော အကြည့်ဖြင့် ကြည့်သည်။ ခင်မေတင့်က စားပွဲနား လျှောက်သွားပြီး ပန်းအိုးဘေးမှာ ကြွေကျနေသော ကံ့ကော်ဖူးလေးတစ်ခုကို လက်ညှိုးထိုးပြသည်။ ကောင်မလေးက ကောက်ယူပြီး ထွက်သွား၏။

ခင်မေတင့် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ ဘာပန်းမှ မကျန်တော့သော ပန်းအိုးအလွတ်ကို ငေးကြည့်နေသည်။ ပြီးမှ တစ်စုံတစ်ခု သတိရဟန်ဖြင့် တံခါးဆီ ထသွားသည်။ တံခါးအပေါ်ပိုင်းက မှန်ကို အတွင်းက ကာထားသော လိုက်ကာစကို အသာ ဖယ်၍ အပြင်ရုံးခန်းကို ချောင်းကြည့်လိုက်သည်။

ထင်တဲ့အတိုင်းပဲ၊ ဝန်ထမ်းကောင်မလေးတွေ အတွင်းရေးမှူးမလေး လက်ထဲက ကံ့ကော်ပန်းတွေ ဝိုင်းလုနေတာ တွေ့ရသည်။ ငွေစာရင်းမှူး အမျိုးကြီးမကြီးတောင် မကြီးမငယ်နှင့် ပါ

...ိုက်သေးသည်။ သူကတောင် အကဲဆုံး ဆိုနိုင်၏။

ခင်မေတင့်သည် တံခါးကို ဖွင့်ပြီး အပြင်ထွက်ရပ်လိုက်...ည်။ သူ့ကို မြင်လိုက်သောအခါ ဝန်ထမ်းအားလုံးတို့သည် ရုပ်...သ ပြကွက်တစ်ခုလို ဖြစ်သွား၏။ တချို့က ကံ့ကော်ပန်း ပန်ပြီး...စ၊ တချို့က ခေါင်းမှာ ထိုးဖို့ ဟန်ပြင်နေဆဲ၊ တချို့က ပန်ရ...ာင်းမလား၊ မှတ်စုစာအုပ်ကြားထဲ ညှပ်ရကောင်းမလား ဝေခွဲ...တုန်း။ ငွေစာရင်းမှူး အပျိုကြီးကတော့ လက်ထဲက ကံ့ကော်...်းကို အားပါးတရ နမ်းရှုပ်နေစဉ်။

"ကဲ. . . အားလုံးပဲ နားထောင်ကြပါ"

တကယ်တော့ ဒီလိုတောင် အစပျိုးနေစရာ မလိုပါ။ 'ကဲ' ...ပြောလိုက်ရုံဖြင့် လုံလောက်သည်။ ဘာမျှမပြောဘဲ ထွက်ရပ်ပြ...တ်လျှင်တောင် အားလုံး သတိမဆွဲရုံတမည် ဖြစ်သွားကြတာပါ

"အားလုံး သေသေချာချာ မှတ်ထားကြပါ၊ ဒီရုံးခန်းထဲမှာ ...ယ်သူမှ ကံ့ကော်ပန်း မပန်ပါနဲ့၊ ယူလဲ ယူမလာခဲ့ပါနဲ့၊ မလိုက်နာ... ဘောနပ်စ် ဖြတ်မယ်၊ ဒါပဲ"

အမျိုးသမီး ဝန်ထမ်းအားလုံးသည် ယိမ်းသမတွေလို တစ်...က်တည်း လှုပ်ရှားသွားသည်။ ခေါင်းမှာပန်ထားသော၊ ပန်ဖို့...ဲ၊ လက်မှာ ကိုင်ထားသော ကံ့ကော်ပန်းများကို အနီးဆုံးစားပွဲ...ခုပေါ်သို့ စုပုံတင်လိုက်ကြ၏။ အတွင်းရေးမှူးမလေးက ပန်း...ကို ယူပြီး အမှိုက်ပုံးထဲ ထည့်သည်။ ငွေစာရင်းမှူးသည် စားပွဲ...မှာ ကျကျန်နေသော ကံ့ကော်ဝတ်ဆံမှုန့်များကို လက်ဖြင့်...၍ယူပြီး အမှိုက်ပုံးထဲ လိုက်ထည့်သည်။

စာရေးကလေးတစ်ယောက်က အမှိုက်ပုံးကို ရုံးခန်းအပြင်



www.burmeseclassic.com

www.burmeseclassic.com

သို့ ယူသွားသည်။ သူ့စိတ်ထဲမှာတော့ အတော်နှမြောနေမိ၏။ သူက ကံ့ကော် နှစ်ပွင့်သုံးပွင့်လောက် တောင်းထားပြီး ညနေကျ လျှင် သူ့ကောင်မလေးကို ပေးမယ်လို့ စိတ်ကူးထားတာကိုး။

အမှန်အားဖြင့်ဆိုလျှင် ပန်းပန်ခြင်းသည် အလုပ်ခွင်စည်း ကမ်းနှင့် ဘာမှုမဆိုင်။ ပန်းမပန်ရဟု အမိန့်ထုတ်ခွင့်လည်း မရှိ တချို့ ဖြစ်တတ်သလို ပန်းဝတ်မှုန်ကို ရှူမိလျှင် ပန်းနာရင်ကျပ် ရောဂါထတတ်လို့ ဆိုလျှင်လည်း ထားတော့။ ခုဟာက ဘာမှ မဆိုင်။ ပြီးတော့ ပါမစ် ပိတ်တာကလည်း တခြားပန်းတွေ မပါ ကံ့ကော်ပန်းတစ်မျိုးတည်း။ ဘာပဲဖြစ်ဖြစ် ဒီကုမ္ပဏီမှာတော့ ခင် မေတင့် နှုတ်က ထွက်သောစကားသည် စည်းကမ်းချက်တစ်ခုပဲ။

အတွင်းရေးမှူးမလေးသည် မျက်လုံးလေး ကလယ်က လယ် ဖြစ်နေ၏။ မျက်နှာရမလားလို့ လုပ်မိတာ အားလုံး အငေါက် ခံရတဲ့အဖြစ် ရောက်ရသည်။ အားလုံးထဲမှာ စိတ်ကြိုက် အတွေ့ခံရ ဆုံး၊ အဆူခံရမှု အနည်းဆုံး။ အလိုက်အသိဆုံးလူက ခုလိုဖြစ်သွား တော့ ရှက်လည်း ရှက်သွားသည်၊ မျက်ရည်ဝဲမလာအောင် ထိန်း နေရသည်။

"ပန်းဝယ်တာ ဘယ်လောက် ပေးရသလဲ"

ဟု ခင်မေတင့်က မေးသည်။ အတွင်းရေးမှူးမလေးက အသံတိမ်တိမ်ဖြင့်. . .

"တစ်ရာ့ငါးဆယ်ပါ မမ"

"အဲဒီငွေကို ငွေစာရင်းမှူးဆီက ပြန်ထုတ်ယူလိုက်"

ဟု ပြောပြီး အခန်းထဲ ဝင်သွားသည်။

အပြင်ရုံးခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်လျက် ကျန်ရစ်ခဲ့ ကြ၏။ သူတို့စိတ်ထဲမှာတော့ ပဟေဠိတွေ ဖြစ်နေလိမ့်မည်။ ကွယ်





ရာမှာ စကားပြောခွင့်ရပြီဆိုလျှင်တော့ သူတို့၏ သူဌေးမကြီးသည် ကံ့ကော်ပန်းကို ဘာကြောင့် ဒီလောက် ခါးခါးသီးသီး ဖြစ်နေရသ လဲ ဆိုတာ ခန့်မှန်းအဖြေရှာကြည့်မိကြမှာ သေချာသည်။ သို့ရာ တွင် ဖြစ်နိုင်ခြေလောက်ကလွဲပြီး တိကျသောအဖြေကို ဘယ်သူမျှ ထုတ်ဖော်နိုင်မှာ မဟုတ်။

ခင်မေတင့်သည် သူ့စားပွဲမှာ ပြန်ထိုင်လိုက်သည်။ ခုဆို လျှင် သူ့ရုံးခန်းထဲမှာ ကံ့ကော်ဆိုလို့ တစ်ပွင့်တစ်လေတောင် မရှိ တော့။ သို့တိုင်အောင် စောစောက လက်ကျန် ကံ့ကော်နံ့တွေက တော့ သူ့ဝန်းကျင်မှာ ဝေ့ဝဲလွင့်ပျံ့နေတုန်း။

အတိတ်က ဖြစ်ရပ်များ ဆိုတာကလည်း ရနံ့တွေလို အ ကောင်အထည်ကို မမြင်ရပါဘဲလျက် အနီးအနားမှာ အစဉ်အမြဲ ရစ်သီရစ်သီ လုပ်နေတတ်ကြလေသလား။

... [illegible] ...



www.burmeseclassic.com

www.burmeseclassic.com

စိုးချစ်သည် ခင်မေတင့်အတွက် ကံ့ကော်ပွင့် တက်ခူးပေးရင်း သစ်ပင်ပေါ်မှ ပြုတ်ကျသောကိစ္စမှာ သွေးရိုးသားရိုးမဟုတ်ဟု တချို့က ပြောကြသည်။ ဟိုးအရင်တစ်ခါတုန်းက ကျော်ဇင်ဦး ရေတွင်းထဲ ပြုတ်ကျတာမျိုး ဖြစ်နိုင်သည်ဟု တွက်ဆကြ၏။

ကျော်ဇင်ဦးတုန်းက သူ့ကို တစ်စုံတစ်ယောက်က တွန်းချလိုက်သလိုပဲဟု ဖွင့်လိုက်သောကြောင့် ရေတွင်းပျက်ကြီးမှာ အစောင့် ရှိသည်ဟု သတင်းကြီးခဲ့ဖူးသည်။ ခုလည်း စိုးချစ်ကို ကံ့ကော်ပင်၏ အစောင့်က တွန်းချတာ ဖြစ်ရမည်ဟု ဆိုကြပြန်သည်။

စိုးချစ်ကတော့ သူ့ကို ဘယ်သူကမျှ တွန်းချတာ မဟုတ်၊ သူ့ဘာသာ ဟန်ချက်ပျက်ပြီး ကျတာဟု အခိုင်အမာ ပြောသည်။ သို့တိုင်အောင် သူက လူတကာကို လိုက်ပြီးရှင်းပြနိုင်တာတော့





မဟုတ်။

ဒီကံ့ကော်ပင်ကြီးကလည်း တခြားအပင်တွေထက် စောပွင့်တတ်ခြင်း၊ အပွင့်တွေက ကြီးမားတတ်ခြင်း စသော ထူးခြားချက်တွေ ရှိနေပြန်တော့ အစောင့်ရှိတယ်ဆိုတာ ယုံချင်စရာ ဖြစ်နေ၏။ ဒီလိုနဲ့ ကံ့ကော်ပင်ကြီးမှာ အမွှေးတိုင် ထွန်းပြီး လာပူဇော်သူတွေ၊ သားဆုပန်သူတွေတောင် ရှိလာ၏။

စိုးချစ်ကတော့ ဒါတွေကို ယုံသူမဟုတ်။ ကံ့ကော်ပန်းရောင်းသူတွေက တခြားလူတွေ လာမခူးရဲမှ သူတို့ချည်း လက်ဝါးကြီး အုပ်လို့ရအောင် လုပ်ကြံ သတင်းလွှင့်တာ ဖြစ်မည်ဟု ကောက်ချက်ချသည်။

ဒီကြားထဲမှာ သတင်းတစ်ခုက ထပ်ထွက်လာပြန်သည်။ ရေတွင်းပျက်ကြီးအောက်မှာ နဂါးတွင်း ရှိသည်။ လပြည့်ညဆိုလျှင် ရေပြင်ပေါ် တက်ပြီး မြူးတတ်သည်။ ရေထဲက တဝုန်းဝုန်း မြည်သံတွေ ကြားရသူ ရှိသည်ဟု ဆိုသည်။ လူတစ်ယောက်ကတော့ ရေတွင်းထဲကို လရောင် တိုက်ရိုက်ကျနေသောအချိန်မှာ သူကိုယ်တိုင် နဂါးနှစ်ကောင် ဆော့ကစားနေတာ မြင်ရသည်။ မျက်စောင်းထိုးခံရပြီး ပြာဖြစ်မှာ ကြောက်သောကြောင့် ဆက်မကြည့်ရဲဘဲ ထွက်ပြေးလာရသည်ဟု ပြောသည်ဟု ဈေးထဲမှာ သတင်းဖြစ်နေသည်။

စိုးချစ်တို့အုပ်စုသည် အတန်းက ကြီးလာ၊ လူပျိုပေါက်တွေလည်း ဖြစ်လာ၊ စာတွေလည်း ဖတ်လာကြသဖြင့် ဒါမျိုးတွေကိုမယုံတော့။ လူငယ်ပီပီ ခြေခြေမြစ်မြစ် စူးစမ်းချင်သော စိတ်လေးတွေလည်း ဝင်လာသည်။

ထို့ကြောင့် လပြည့်ညတစ်ညမှာ စောင့်ကြည့်ကြဖို့ စီစဉ်ကြသည်။ သူတို့သည် လူပျိုပေါက်တွေ ဖြစ်နေသော်လည်း ညဥ့်နက်


www.burmeseclassic.com

www.burmeseclassic.com

အောင် အပြင်ထွက်လည်ခွင့်တော့ မရကြသေး။ တစ်ရပ်ကွက် တည်းရှိ သူငယ်ချင်းအိမ် သွားလည်လျှင်တောင် ရှစ်နာရီ ကိုးနာ ထက် နောက်ကျလို့မရ။

ဂဲကောင်းချင်တော့ လပြည့်ညတစ်ညမှာ မင်းသီဟတို့ အိမ် ကင်းအလှည့်ကျသည်။ ခါတိုင်းတုန်းက သူ့ဦးလေး စောင့် ချင်စောင့်၊ လူငှားထည့်ချင်ထည့်ခဲ့သည်။ ဒီတစ်ခါတော့ တစ်ခါမှ ကင်းမစောင့်ဖူးသဖြင့် သူ စောင့်ပါရစေဟု ပြောသည်။ လူကြီးတွေ က ခွင့်မပြုချင်။ ဦးလေးဖြစ်သူက သူ သက်သာရာရမည့်တိ ဖြစ်သဖြင့် မင်းသီဟဘက်မှ လိုက်ပြောပေးသည်။ လူငယ်တစ် ယောက် ဖြစ်လာလျှင် ဒီလိုအတွေ့အကြုံမျိုး ရှိသင့်တယ် ဘာညာ ပေါ့။ ထိုနေ့မှာ စနေနေ့လည်း ဖြစ်သဖြင့် နောက်နေ့ ကျောင်းပိတ် သည်။ ထို့ကြောင့် မင်းသီဟ စောင့်ခွင့်ရသွားသည်။

ထိုအခါ စိုးချစ်တို့ ကျော်ဇင်ဦးတို့ကလည်း မင်းသီဟ တစ်ယောက်တည်း အဖော်မရှိ ဖြစ်နေမှာစိုးလို့ သူတို့ပါ ကူစော ပေးချင်သည်ဟု လူကြီးတွေကို ပြောသည်။ တခြားကာလသားကြ နှစ်ယောက်လည်း ကင်းအလှည့်ကျနေသဖြင့် စိတ်မချစရာ မ သောကြောင့် ခွင့်ပြုချက် ရသွားသည်။

သူတို့သည် လေးခွ၊ ဓားမြှောင်၊ တုတ်၊ လက်နှိပ်ဓာတ်မီ စသည်တို့ ယူသွားကြသည်။ ညဦးပိုင်းတွင် ကာလသားကြီးတွေ မယ်ဒလင်တီးပြီး သီချင်းဆိုတာကို နားထောင်ရင်း အိမ်က ယူသွာ သော လက်ဖက်၊ ပဲကြီးလှော်၊ ထန်းလျက်တို့ စားကြသည်။ သူတို လည်း ဂစ်တာယူလာပြီး တီးလျှင် ရသည်။ သို့ရာတွင် သူတို့ အမိက ရည်ရွယ်ချက်က သီချင်းဆိုဖို့ မဟုတ်သဖြင့် ထားခဲ့ခြ ဖြစ်၏။



လ အတော်ကလေး မြင့်လာသောအခါ လုပ်ငန်းစဖို့ ...င်သည်။

"ကျွန်တော်တို့ ဟိုနားဒီနား ကင်းလှည့်လိုက်ဦးမယ်"

ဟု ပြောပြီး ထွက်ခဲ့ကြ၏။ ကာလသားကြီးတွေက. . .

"ဟေ့ကောင်တွေ၊ ချောင်ကြိုချောင်ကြား မဝင်နဲ့နော်၊ ပြီး ...တော့ လေးခွနဲ့ ပေါ့ပစ်ဒီပစ် မလုပ်ကြနဲ့ဦး"

ဟု မှာပြီး အသာတကြည် လွှတ်လိုက်သည်။ သူတို့မှာ ...ည်း သူတို့ ကြိုက်နေသော မိန်းကလေးတွေအကြောင်း၊ အိပ်ရာ ...င် ပုံပြင်တွေအကြောင်း ပြောချင်တာတွေ ရှိနေ၏။ ဟိုကောင် ...ယ်းတွေ ရှိနေတော့ ပြောရတာ မလွတ်လပ်။ ထို့ကြောင့် စိုးချစ် ...တို့ ကင်းလှည့်မယ် ဆိုတာကို ကျေကျေနပ်နပ် ခွင့်ပြုလိုက်ခြင်း ...ဖြစ်၏။

စိုးချစ်တို့လည်း လက်နက်အပြည့်အစုံ ကိုင်ဆောင်ပြီး ...ထွက်လာခဲ့ကြ၏။ ရေတွင်းပျက်ကြီးသည် ကင်းတဲနှင့် နည်းနည်း ...ဝေးသည်။ ထို့ကြောင့် သူတို့အတွက်လည်း လွတ်လွတ်လပ်လပ် ...စောင့်ကြည့်နိုင်သည်။

"ဟေ့ကောင်တွေ၊ ခုကတည်းက မှာထားမယ်၊ တစ်ခုခု ...ထူးခြားတာ တွေ့ရင် လန့်ဖျပ်ပြီး ထွက်မပြေးရဘူးနော်၊ ဘာလဲဆို ...တာ သေသေချာချာ ဆုံးဖြတ်ချက် ချနိုင်အောင် စောင့်ကြည့်ရ ...မယ်" ဟု စိုးချစ်က ပြောသည်။

ခုလိုပြောရတာက အကြောင်းရှိ၏။ မင်းသီဟသည် ပြ ...သနာ မရှိ။ ကျော်ဇင်ဦးက ပြောလို့မရ။ ဒီကောင်က ဟေးလား ...လား လုပ်တတ်သော်လည်း ဒါမျိုးတွေကို နည်းနည်း ယုံချင်သ ...လို ရှိသည်။ သူငယ်ချင်းတွေ လုပ်သမျှ လိုက်လုပ်ချင်လို့သာ

www.burmeseclassic.com

www.burmeseclassic.com

ခုကိစ္စကို သဘောတူခဲ့ခြင်း ဖြစ်၏။ သူ့ပုံစံကြည့်ရတာ နည်းနည်း တွန့်ဆုတ်ဆုတ် ဖြစ်နေသည်ဟု စိုးချစ်က ထင်သည်။

"ငါကတော့ ဘာကောင်ဖြစ်ဖြစ် လေးခွနဲ့ ထုမှာပဲ"

ဟု မင်းသီဟက ပြောသည်။ ထိုအခါ ကျော်ဇင်ဦးက လည်း. . .

"ငါလည်း မကြောက်ပါဘူးကွ၊ မင်းတို့ကောင်တွေ ရှိသား ပဲ၊ ပြီးတော့ ငါ့မှာ ဓားမြှောင်ပါတယ်ကွ" ဟု ဆိုသည်။ သူ့အဖေ၏ ဓားမြှောင်ကို ခဏကစ်လာခဲ့ခြင်း ဖြစ်၏။ ဓားမြှောင်က အိမ်မပါ သဖြင့် ဝါးခြမ်းနှစ်ခုကို ပူးချည်ပြီး စွပ်ထားခဲ့၏။ ပြီးတော့ ရုပ်ရှင် ထဲက ဓာတ်လိုက်တွေလို ခြေသလုံးမှာ ပတ်ချည်ထားသည်။

"မင်းဟာကကွာ၊ အရေးအကြောင်းဆို ဓားမြှောင်ကို တုန် ပြီး ဆွဲထုတ်နေရမှာပေါ့"

ဟု မင်းသီဟက ဝေဖန်တော့. . .

"မင်း ဘာသိလဲကွ၊ တမင်တကာ ဒီလိုလုပ်ထားတာ၊ ဓား မြှောင်ကို ကုန်းပြီး ထုတ်လိုက်တော့ ရန်သူက လှမ်းပစ်တာတို့ ရှောင်ပြီးသား ဖြစ်သွားတာပေါ့၊ ပြီးတော့မှ ကိုယ်ကို ပြန်ဆန့်ရင်း ဓားမြှောင်နဲ့ လှမ်းပစ်လိုက်တဲ့အခါ အရှိန်ပိုပြင်းတယ်လေကွာ"

ဟု အရင်က သူပဲ ဒီနည်းနဲ့ တိုက်ခိုက်ဖူးသလိုလို ပြန် ပြော၏။

ရေတွင်းပျက်ကြီးနားကို ရောက်တော့ လရောင်က ပေါင် ၏ အတွင်းဖက်ကို ချင်းနင်းစ ပြုနေပြီ။

"သိပ်ကြာကြာ မစောင့်ရတော့ဘူးကွ"

ဟု စိုးချစ်က ပြောသည်။ မင်းသီဟက ရေတွင်းပေါင်ပေါ် တက်ထိုင်မည် ပြုသည်။ ကျော်ဇင်ဦးက. . .





"အောက်မှာပဲ ထိုင်ပါကွ၊ တော်ကြာ"

ဆိုပြီး စကားမဆက်ဘဲ နေသည်။ မင်းသီဟက အောက် ရေတွင်းဘေးမှာ ပြုလုပ်ထားသော အုတ်ခုံဝိုင်းပေါ်မှာပင် ဆင်း ထိုင်လိုက်၏။ စိုးချစ်က ရေတွင်းထဲကို တစ်ချက်ငုံ့ကြည့်သည်။

"ဘာမှ မမြင်ရသေးဘူးကွ၊ အောက်ဘက်မှာ မှောင်နေ တယ်၊ ခဏတော့ စောင့်ရမှာပဲ"

သူတို့သည် ရေတွင်းဘောင်ကို မှီပြီး ထိုင်နေကြသည်။ စိုးချစ်က စကားကျယ်ကျယ် မပြောဖို့ သတိပေးထားသဖြင့် ခပ်တိုး တိုးသာ ပြောကြသည်။ ကျော်ဇင်ဦးမှာ ဂဏာမငြိမ်၊ ဟိုကြည့်ဒီ ကြည့် လျှောက်ကြည့်နေသည်။

လက တော်တော်သာသည်။ အလင်းရောင် ဖြာကျနေသ ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို မြင်သာထင်သာ ရှိ၏။ လေတစ် ချက် ဝှေ့သောအခါ ကံ့ကော်ရွက်တွေ လှုပ်ခတ်ပြီး ရှဲခနဲ မြည်သွား သည်။ ကျော်ဇင်ဦးသည် စိုးချစ်ဘက်ကို မသိမသာ တိုးကပ်လိုက် သည်။

ကံ့ကော်ပင်ဆီမှ လှုပ်ရှားသံတစ်ခု ကြားရသည်။ သစ် ရွက်တွေ ဖလပ်ဖလပ် မြည်သွားသည်။ ကျော်ဇင်ဦး 'ဟော' ဆိုပြီး ခေါင်းထောင်သွားသည်။ စိုးချစ်က လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုး သည်။ တစ်ဆက်တည်းမှာပင် မင်းသီဟက လေးခွနှင့် ပစ်လိုက် သည်။ လောက်စာလုံးက သစ်ရွက်တွေကို ဝေါခနဲ ဖြတ်သန်းသွား သည်။

"ရှဥ့်ဖြစ်မှာပါကွ"

ဟု စိုးချစ်က ပြောသည်။

"မင်းသီဟ. . . ဘာဖြစ်လို့ လေးခွနဲ့ ထုရတာလဲ၊ ဘာမှန်း


www.burmeseclassic.com

www.burmeseclassic.com

ညာမှန်း မသိဘဲနဲ့"

ကျော်ဇင်ဦးက စိုးရိမ်သံဖြင့် ပြော၏။

"ဟုတ်တယ်ကွ၊ အရမ်းမပစ်နဲ့၊ ဘာလဲဆိုတာ သေချာအောင် ကြည့်ဖို့လိုတယ်"

ဟု စိုးချစ်က ပြောသည်။ ကျော်ဇင်ဦးကတော့ နည်းနည်းလန့်စပြုလာပြီ။

"သိပ်ထူးမယ် မထင်ပါဘူးကွာ၊ ပြန်ရအောင်"

"နေပါဦးကွ၊ စောင့်လက်စနဲ့၊ လရောင်က တွင်းထဲကို တော်တော်လေးတောင်မှ ဆင်းနေပြီ၊ ခဏနေရင် အပေါ်တည့်ကို တည့် ရောက်တော့မှာ"

အရေးထဲမှာ ခပ်လှမ်းလှမ်း တစ်နေရာမှ ခွေးတစ်ကောင်က ထအူလိုက်သေးသည်။ ကျော်ဇင်ဦးက. . .

"ကင်းတဲက လူတွေ စိတ်ပူနေလိမ့်မယ်ကွ၊ ငါတို့ ထွက်လာတာ နည်းနည်းကြာသွားပြီ"

ဟု ထပ်ပြောပြန်သည်။ စိုးချစ်က သူ့စကားကို ဂရုမစိုက်ဘဲ ရေတွင်းထဲ ငုံ့ကြည့်လိုက်သည်။ ပြီးတော့. . .

"ရေမျက်နှာပြင်ပေါ် လရောင်ထိုးနေပြီကွ"

မင်းသီဟလည်း ငုံ့ကြည့်ပြီး 'ဟုတ်တယ်' ဟု ထောက်ခံသည်။ ပြောသာ ပြောတယ်၊ ကျော်ဇင်ဦးမှာ မကြည့်ဘဲလည်း မနေနိုင်သဖြင့် တွင်းထဲ လိုက်ငုံ့ကြည့်သည်။ လရောင်က ရေပြင်ပေါ် တည့်တည့်ကျနေပြီး ဘာမှတော့ မမြင်ရသေး။

"ငါ ချမ်းလာပြီကွာ"

ဟု ကျော်ဇင်ဦး ပြောပြန်သည်။ အမှန်မှာ ကြက်သီးထလာခြင်းသာ ဖြစ်၏။ ထိုအခိုက်. . .





ရေတွင်းထဲမှ 'ဗလုံ' ဆိုပြီး ရေလှုပ်သံ ကြားလိုက်ရသည်။

"ဟော. . ."

"ဟော. . ."

"ဟော. . ."

သုံးယောက်စလုံး ပြိုင်တူရေရွတ်သည်။ မင်းသီဟက အငုံ့ကြည့်သည်။ ဘာမှမမြင်ရ။ စိုးချစ်လည်း မမြင်ရ။

"ထူးတော့ ထူးခြားပြီကွ၊ သေသေချာချာ ကြည့်ထားကြ"

ကျော်ဇင်ဦး မရဲတရဲ ငုံ့ကြည့်ပြီးနောက် အလန့်တကြားအော်လိုက်သည်။

"ဟာ. . . မျက်လုံးကြီးနှစ်လုံး"

"ဘယ်မှာလဲ"

"ခုန လရောင်မှာ ဖျတ်ခနဲ မြင်ရတာ၊ ဟော့ကောင်တွေ လွယ်ဘူး ထင်တယ်"

"ဘာမလွယ်ရမှာလဲ"

"နဂါးမျက်စောင်း ထိရင် ပြာဖြစ်သွားမယ်ကွ"

"တော်စမ်းပါ. . . ဘယ်က နဂါးလဲ"

"ဟို. . . ဟိုမှာလေ၊ တွေ့. . . တွေ့လား၊ ရွေ့နေတယ်၊ . . . မျက်လုံးက လေးလုံးတောင်၊ နဂါးနှစ်ကောင်ကွ"

ကျော်ဇင်ဦးက ထိတ်ထိတ်ပြာပြာ ပြောလိုက်သည်။ စိုးချစ်ရေပြင်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်၏။ ဒီတော့မှ အဖြေကို တိတိကျကျ ရသည်။ တကယ်တော့ လရောင်အောက်မှာ ဖားငါးရံ့ကြီးနှစ်ကောင် မြူးနေကြခြင်းပင် ဖြစ်လေ၏။ ထူးထူးခြားခြား ကြီးမားသော ငါးရံ့ကြီးများ ဖြစ်၏။ ငါးရံ့များသည် တော်လပ်စွာ ကြီးထွားခွင့် ရလျှင် ခုလိုပဲ အကောင်ကြီးတတ်၏။


www.burmeseclassic.com

www.burmeseclassic.com

"နည်းတဲ့ကောင်ကြီးတွေ မဟုတ်ဘူးကွာ၊ ဒီလောက်ကြီး တာ ဒီတစ်ခါပဲ မြင်ဖူးတယ်၊ အထီးနဲ့အမ ဖြစ်မယ်ကွ"

"စိုးချစ်. . မင်း လက်နှိပ်ဓာတ်မီးနဲ့ သေသေချာချာ ထိုးပြ ငါ လေးခွနဲ့ ထုမယ်"

ဟု မင်းသီဟက ပြောပြီး လေးခွကို အသင့်ပြင်သည်။

"ဟာ. . . ဒါမျိုး မလုပ်ကောင်းဘူးကွ"

ကျော်ဇင်ဦးက ကန့်ကွက်သည်။ ဒါကိုတော့ စိုးချစ်က လည်း ထောက်ခံသည်။

"မပစ်ပါနဲ့ကွာ၊ သူတို့ဘာသာ နေပါစေ၊ မင်း ပစ်လိုက်လို့ သေသွားတော့ရော၊ ငါတို့ ဆင်းဆယ်လို့ ရတာမှ မဟုတ်ဘဲ"

"တောက်. . . ကင်စားလိုက်ရရင် ဘယ်လောက် ကောင်း မလဲ"

မင်းသီဟ မချင့်မရဲ ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် သူတို့၏ ရှာဖွေတွေ့ရှိမှုအတွက်တော့ ဝမ်းသာမိကြသည်။ တခြားလူတွေကို လည်း သူတို့ ထင်နေသလို နဂါးပေါ်ခြင်းမဟုတ်၊ ငါးရံ့ကြီးများ သာ ဖြစ်ကြောင်း ရှင်းပြနိုင်သောကြောင့်လည်း ဂုဏ်ယူမိကြသည်။ ဒါတောင် တချို့မိန်းမကြီးတွေက ဒါဟာ နတ်ငါးတွေ ဖြစ်ရမယ်ဟု ဆိုချင်ကြသေးသည်။

. . . ဇာတ်သိမ်း

စိုးချစ်က ခင်မေတင့်ကို ကဲ့ကော်ပန်း တက်ခူးပေးခဲ့သည့် ကဲ့ကော်ပင်ပေါ်မှ ပြုတ်ကျပြီး မေးစေ့ကွဲသွားသည့်ကိစ္စတို့ကို တန်းလုံး သိကုန်ကြသည်။

သူတို့အတန်းထဲမှာ အကျင့်တစ်ခု ရှိသည်။ အတွဲတွေ ပေးတတ်ခြင်း ဖြစ်၏။ အရုပ်အလွန်ပုသော ကျောင်းသားနှင့် ကျောင်းသူ၊ ဒါမှမဟုတ် အပုဆုံးနှင့် အရှည်ဆုံး၊ အသားအလွန် ဲသူ အချင်းချင်း၊ အလွန်ဝသူအချင်းချင်း တွဲပေးပြီး ဝိုင်းစကြ ်း ဖြစ်၏။

ဒီစာရင်းထဲမှာ မင်းသီဟနှင့် နန်းမွှေးတို့လည်း ပါသည်။ ်းသီဟသည် အရုပ်ပုလှတာတော့ မဟုတ်။ ခပ်ပုပ်ပုပ်ဟု ပြော ျင်တော့ ရသည်။ စိုးချစ်တို့ ကျော်ဇင်ဦးတို့နှင့် ယှဉ်လိုက်လျှင် ုံးနည်းနိမ့်နေသောကြောင့် ပုသည့်သဘော ထင်ရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

နန်းမွှေးကတော့ မိန်းကလေးတွေထဲမှာ တော်တော် အရပ် ရှည်သည်ဟု ဆိုရမည်၊ ကိုယ်နေဟန်ထားကလည်း ကလန်ကလား ဖြောင့်ဖြောင့်တောင့်တောင့်ကြီး ဖြစ်သောကြောင့် ပိုရှည်သည်ဟု ထင်ရသည်၊ သူက ဝိုင်းဝိုင်းနှင့် တွဲဖက်ဖြစ်၏။ ဝိုင်းဝိုင်းနှင့် ကျော်ဇင်ဦးက အိမ်နီးနားချင်း၊ ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်၊ ထို့ကြောင့် ကျော်ဇင်ဦး၏ သူငယ်ချင်းများ ဖြစ်သော စိုးချစ်နှင့် မင်းသီဟတို့သည်လည်း ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့နှင့် တစ်ဖွဲ့တည်းလို ဖြစ်နေ၏။ ဒီအခါမှာ မင်းသီဟကို နန်းမွှေးနှင့် ဝိုင်းစလေ့ ရှိကြသည်၊

နန်းမွှေးက. . .

"သူ့လို ဂျပုကို စိတ်ကူးထဲတောင် မထည့်ဘူး"

ဟု ပြောသည်၊ မင်းသီဟကလည်း. . .

"ငါကလည်း သူ့လို လောရှည်ကို စိတ်ကူးမယ့်အစား မာတ်တိုင်ကြီးကို ပြေးဖက်လိုက်ချင်သေးတယ်"

ဟု ပြန်ပြော၏။

ဒီလိုပဲ ကျော်ဇင်ဦးနှင့် ဝိုင်းဝိုင်းကိုလည်း စကြသည်၊

ဝိုင်းဝိုင်းက. . .

"ငါတို့က မောင်နှမလို နေတာ"

ဟု ပြောသည်၊ ကျော်ဇင်ဦးကတော့ ရှူးသလို ပေါသလို လုပ်ရင်း. . .

"သူကသာ တစ်ဖက်သတ် ဖြစ်နေတာပါ"

ဆိုသဖြင့် ဝိုင်းဝိုင်းက ကျောကို ထုသေးသည်၊

သူတို့ထဲမှာ တစ်ယောက်တည်း ဘက်ပဲ့နေတာက စိုးချစ် ဖြစ်၏၊ သူ့ကို ဘယ်သူနဲ့ စရကောင်းမလဲ ကြံစည်နေကြတုန်းမှာ





ကံကော်ပွင့် တက်ခူးပေးသည့်ကိစ္စ ပေါ်လာခဲ့ခြင်း ဖြစ်၏။

နောက်တစ်ကြောင်းကလည်း. . .

သိတင်းကျွတ် ကျောင်းပိတ်ရက်အတွင်းမှာ စိုးချစ်တို့ အ နေမကောင်း ဖြစ်သည်။ အဖွားက သူ့ကိုယ်သူ စိတ်မချ။ မသေခင် မြေးကို ရှင်ပြုပေးချင်သည်ဟု ဆိုသည်၊ ထို့ကြောင့် ချစ် ကိုရင်ဝတ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ခင်မေတင့်တို့ အဖေသည် ထို ပိုင်းအတွင်း၊ ရုံးမှာ ပြဿနာတစ်ခုတက်သည်၊ သူများချောက် လို့ အစစ်အဆေး အမေးအမြန်း ခံနေရသည်။ ခင်မေတင့် မေက ပေဖင်သွားမေးတော့ ဖာတာရှင်မှာ အညံ့ပိုင်းထဲ ရောက် သည်၊ ယတြာချေတဲ့အနေနဲ့ သမီးကို သီလရှင် ဝတ်ပေးလိုက် ဟု ဆို၏။

ထို့ကြောင့် ကျောင်းပြန်ဖွင့်သောအခါ စိုးချစ်ရော ခင်မေ ပါ နှစ်ယောက်စလုံး ကတုံးကလေးတွေနှင့် ဖြစ်နေ၏။ ထိုအခါ တို့နှစ်ယောက်ကို ဝိုင်းပြီး စဖို့နောက်ဖို့ ပို့ပြီးအခွင့်သာသွားလေ တော့သည်။

ခုလို အစခံရတာတို ခင်မေတင့်က ရှက်သလိုလို ရှိသော် ည်း ခါးခါးသီးသီး မဟုတ်၊ စတဲ့နောက်တဲ့ သူငယ်ချင်းတွေကို တ်သီးနှင့် ခပ်ဖွဖွ လိုက်ထုရုံလောက်သာ ဖြစ်၏။ တစ်ခါတစ်ရံ တော့ ခေါင်းငုံ့ပြီး ရှက်ပြုံးသာ ပြုံးနေတတ်သည်၊

"သူကိုယ်တိုင်ကိုက အစခံချင်နေသလား မသိပါဘူး"

ဟု ဝိုင်းဝိုင်းက ကျော်ဇင်ဦးကို ပြောပြသည်၊

စိုးချစ်ကတော့ ဒီလိုမဟုတ်၊ သူ့ကို ခင်မေတင့်နှင့် စတဲ့ ါတိုင်း မျက်နှာကြီး သုန်မှုန်နေတတ်သည်၊ တစ်ခါတစ်လေမှ



www.burmeseclassic.com

www.burmeseclassic.com



လျှင်. . .

"အဲဒါမျိုး မစနဲ့ကွာ၊ ငါ မကြိုက်ဘူး"

ဟု ကျော်ဇင်ဦးတို့ကို လေသံမာမာထန်ထန် ပြောတတ်၏။

သူ့ကို ခုလို စတာနောက်တာကို သူ မကြိုက်။ သူသည် ခင်မေတင့်အပေါ် သူငယ်ချင်းတစ်ယောက်လိုသာ သဘောထားသည်။ ဒီလိုကိစ္စမျိုးတွေကိုလည်း စိတ်မဝင်စား။

သူ စိတ်ဝင်စားတာက ကဗျာ။ စာတွေ ဖတ်မည်။ ကဗျာ အရေးကျင့်မည်။ တက္ကသိုလ် ရောက်လျှင် မြန်မာစာ အဓိက ယူမည်။ ဘွဲ့ရတော့ တက္ကသိုလ်မှာ ဆရာပြန်လုပ်ရင်း ကဗျာတွေ ရေးမည်။ နိုင်ငံကျော် ကဗျာဆရာကြီး ဖြစ်အောင် ကြိုးစားမည် ဒါ သူ့ရဲ့ အဓိက ရည်ရွယ်ချက်။

(မေရီအောင်နှင့် မပတ်သက်ခင် အချိန်အထိပေါ့)

◈ ◈ ◈

မေရီအောင်သည် ကျောင်းမှာ စတားဖြစ်၏။ ဖြစ်... လောက်အောင်လည်း ရုပ်က ချောသည်။ အထူးသဖြင့် သူ့အသား... အရေက ဝါဝင်းနေသည်။ တခြားကျောင်းသူတွေ ကြားထဲမှာ သူက... ထင်းခနဲ လင်းခနဲ ပေါ်လွင်နေသည်။

ဒီကြားထဲ အပြင်အဆင် အခြယ်အသကလည်း တွမ်း... ကျင်သေးသည်။ ကျောင်းစိမ်းထဘီကို သူများတွေလို ရိုးရိုးမဟုတ်...





...ဒေါက်ထည့်ပြီး ဝတ်တော့ ချပ်ချပ်ရပ်ရပ် ရှိပြီး ကိုယ်လုံးအလှ ...ပို၍ ပေါ်လွင်စေသည်။ အရပ်အမောင်းကလည်း ကောင်းသ... ...ပိုအချိုးပြေနေသည်။

ကျောင်းအုပ်ကြီး ထုတ်ပြန်ထားသော စည်းကမ်းများအရ ...ကလေးများ ကျောင်းလာလျှင် ဆံပင်ကို ကျစ်ဆံမြီး ကျစ်ချင် ...ပ် နောက်မှာ စုပြီး ချည်ချင်ချည်လာရမည်။ ဆံပင်ဖားလျား ...လာရ၊ လက်သည်းနီ ခြေသည်းနီ မဆိုးရ၊ နှုတ်ခမ်းနီ မဆိုးရ၊ ...ကပ် မလိမ်းရ။

မေရီအောင်က ဒီစည်းကမ်းတွေကို လက်တစ်လုံးခြား ...ည့်ပြီး ရအောင်လုပ်သည်။ မိတ်ကပ်ကို မသိမသာ ပါးပါးလေး ...မ်းပြီး သနပ်ခါးဖြင့် ဖုံးလာသည်။ လက်သည်းခြေသည်းတွေကို ...ရောင်မပါသော ဆိုးဆေးတင်လာသည်။ ကော်ကြည် ဖြစ်သဖြင့် ...လက်သည်းရောင်အတိုင်း ပြောင်လက် တောက်ပနေသည်။

ညနေ ကျောင်းဆင်းပြီ ဆိုသောအခါ နောက်မှာ စုစည်း ...ထားသော ဆံပင်ကို ဖြည်ချလိုက်တော့ ဖားလျားဖြစ်သွားရော။ ...မျက်နှာပေါ်က သနပ်ခါးတွေကို ပွတ်သုတ်ပြီး လွယ်အိတ်ထဲမှာ ...ယင့်ပါလာသော ခရင်ပတ်ဖြင့် တို့လိုက်၊ နှုတ်ခမ်းနီ ဆိုးလိုက် ...သာအခါ နဂိုလှပြီးသားကနေ ပိုပြီး ရုပ်ထွက်လာတော့သည်။

မေရီအောင်နှင့် ခင်မေတင့်တို့သည် တန်းခွဲချင်း မတူ ...လည်း ရပ်ကွက်တူသဖြင့် ကျောင်းလာလျှင် အတူတွဲလာ ...သည်။ ခင်မေတင့်မှာ သာမန်ရုပ်ရည်မျှသာ ရှိသူဖြစ်ရတဲ့ ...ထဲ မေရီအောင်နှင့် တွဲမိသောအခါ ပို၍တိမ်မြုပ်သွားရရှာ...

သူ့ပုံစံကလည်း ကြည့်ဦး၊ သူ့အမေ ထဘီတွေ ယူယူဝတ်...



www.burmeseclassic.com

www.burmeseclassic.com



ရင်း အကျင့်ပါသွားပြီး လေးတောင်ကွင်းမှ ဝတ်တတ်တော့သည် သူ့ကိုယ်ခန္ဓာက သိပ်ဖွံ့ဖြိုးသေးတာ မဟုတ်တော့ လေးတော ကွင်း ဝတ်လိုက်သောအခါ စောင်ကြီး ပတ်ထားသလို ပွယော ယောင်း ဖြစ်နေ၏။ ချပ်ချပ်ရပ်ရပ်လည်း မရှိတော့ဘဲ ခါးတု တုတ်ကြီး ဖြစ်နေသည်။

ဆံပင်ကလည်း ကတုံးကနေ ပြန်ပေါက်ကာစ ဖြစ်သော ကြောင့် တိုနံ့နံ့၊ ထိုးထိုးထောင်ထောင်၊ ပုံမကျ ပန်းမကျ။

သူက သနပ်ခါးတွေ မိတ်ကပ်တွေ လိမ်းတာလည်း ဝါ နာ မပါ။ အတန်းပိုင်ဆရာမက 'မိန်းတလေးဆိုတာ မျက်နှာပြော ကြီးနဲ့ မနေရဘူး' ဆိုလို့သာ ကျောင်းကို လာလျှင် မျက်နှာ သနပ်ခါး ပွတ်လာခြင်း ဖြစ်၏။ (လိမ်းခြင်းမဟုတ်) အိမ်မှာဆိုလျှ တော့ ဘာမျှမလိမ်းဘဲ နေတတ်သည်။

ခုလို သနပ်ခါးမလိမ်း ဘာမလိမ်း နေတတ်တဲ့အပြ ကျန်းမာရေးက ချို့တဲ့ပြန်တော့ အသားအရေက ညိုညစ်ည ဖြစ်နေသေးသည်။ ကိုယ့်ခန္ဓာကလည်း နည်းနည်းလိုနေသည်။ တော့ သူနှင့် မေရီအောင်တို့ တွဲလျှောက်လာသောအခါ သူ့ငွေ မီးနှင့် အဖော်လိုက်လာသော အိမ်ဖော်ကောင်မလေးတို့လို ဖြစ် လေ၏။

ပြောသာ ပြောရတယ်၊ နန်းမွှေးတို့ ဝိုင်းဝိုင်းတို့သည်လ သိပ်တော့ မထူးလှ။ နန်းမွှေးသည် အရပ်ကြီး ကလန်ကလား ဖြစ်၏။ သူ့အရပ်နှင့်ဆိုလျှင် ထဘီက တိုနေသဖြင့် ကောက်စို သမနှင့် တူနေသည်ဟု သူငယ်ချင်းတွေက စကြသည်။

ဝိုင်းဝိုင်းကတော့ ရုပ်ကလေး သနားကမား ရှိသော်လ ပိန်ကပ်လွန်းသည်။ ထို့ကြောင့် သူ့ကို ပြားပြားဟု နောက်ပြော





ခေါ်ကြခြင်းဖြစ်၏။ ဇီဝဗေဒ ဘာသာရပ်မှာ ကပ်ပါးကောင်တွေ အကြောင်း သင်ရတော့ သန်ကောင်တို့ တုတ်ကောင်တို့အကြောင်း ပါလာသည်။ တုတ်ပြားကောင်(တုတ်ကောင်)မှာ သန်ကောင်လို အလုံးမဟုတ်ဘဲ ခန္ဓာကိုယ် ပြားချပ်ချပ် ဖြစ်သည်။ အင်္ဂလိပ်လို တီနီယာ ဆိုလီယမ်ဟု ခေါ်သည်။ ထို့ကြောင့် ဝိုင်းဝိုင်းကို တီနီယာ အမည်သစ် ပေးလိုက်ကြလေသည်။

သူတို့နှင့် ယှဉ်လိုက်လျှင် မေရီအောင်က ရုပ်ရှင်မင်းသမီး လေးလို ဖြစ်နေ၏။ မေရီအောင်သည် သူ့နားမှာ ဝိုင်းဝိုင်းလည်နေ သော်လည်း ဇာတ်လမ်းရှုပ်တတ်သူ မဟုတ်။ သူ့ကိုယ်သူ လှမှန်း သိသဖြင့် ပိုပြီးလှအောင် နေခဲ့ခြင်းသာ ဖြစ်၏။

သူက မာနလည်း မကြီးတတ်။ သဘောကောင်းသည်။ ပွင့်လင်းသည်။ ဘယ်သူ့ကိုမဆို ဖော်ဖော်ရွေရွေ ဆက်ဆံတတ် သည်။ စိုးချစ်နှင့်က တန်းခွဲမတူသဖြင့် နဂိုက သိပ်မရင်းနှီးလှ။ နံရံကပ်စာစောင် လုပ်ကြတော့မှ ပတ်သက်မိခြင်း ဖြစ်၏။

◈ ◈ ◈

ကျောင်းနံရံကပ်စာစောင်ကို ဦးစီးပြီး လုပ်ဖို့ စိုးချစ် တာ ဝန် ကျသည်။ သူက စာတွေကဗျာတွေ ဝါသနာပါကြောင်း မြန်မာ စာ ဆရာမက သိသဖြင့် တာဝန်ပေးခြင်း ဖြစ်၏။

စိုးချစ် လုပ်သောအလုပ် ဖြစ်သဖြင့် ကျော်ဇင်ဦးနှင့် ပြောင်းသီဟတို့ အလိုအလျောက် ပါလာသည်။ ကျော်ဇင်ဦး ပါသဖြင့်

www.burmeseclassic.com

ဝိုင်းဝိုင်း ပါလာသည်။ ထိုအခါ နန်းမွှေးလည်း တွဲလျက် လိုက်ပါလာသည်။

စိုးချစ်က ခင်မေတင့်ကိုတော့ မခေါ်ပါ။ ကတုံးကိစ္စနှင့် ပတ်သက်၍ သူတို့နှစ်ယောက်ကို ဝိုင်းစကြတာ ခံရပြီးကတည်းက ခင်မေတင့်ကို သူ ရှောင်ဖယ်ဖယ် လုပ်နေခဲ့သည်။ မလုပ်လို့လည်း မဖြစ်။ ရင်းရင်းနှီးနှီး နေမိလို့ အကြောင်းတစ်ခုခု ဆိုက်လာတာနဲ့ အနှောင့်အသွား မလွတ်သော စကားတွေ အပြောခံရတော့တာပဲ မဟုတ်လား။

သို့ရာတွင် ခင်မေတင့်သည် နံရံကပ်စာစောင် လုပ်ကိုင်ရာသို့ မေရီအောင်နှင့် ကပ်ပြီးပါလာသည်။ မေရီအောင်ကို ခေါ်ရတဲ့ အကြောင်းကတော့. . .

နံရံကပ်စာစောင်မှာ အင်္ဂလိပ်စာကဏ္ဍပါသည်။ ကျောင်းသားကျောင်းသူအများစုက အင်္ဂလိပ်လို လက်ရေးမလှကြ။ ထို့ကြောင့် အင်္ဂလိပ် လက်ရေးလှသူ တစ်ယောက် လိုချင်ကြောင်း အင်္ဂလိပ်စာ ဆရာမကို တောင်းတော့ မေရီအောင်ကို ကူညီဖို့ဆိုပြီး ပါလာသည်။

မိန်းကလေးတွေထဲမှာ ဝိုင်းဝိုင်းက လက်ရေးလှသည်။ သူနှင့် တခြား မိန်းကလေးသုံးယောက်က နံရံကပ်စာစောင် လုပ်မည့် ကတ်ပြားဖြူကြီးတွေပေါ်မှာ ကဗျာတွေ၊ ဆောင်းပါးတွေ ဝတ္ထုတွေ ကူးရေးပေးရသည်။ နန်းမွှေးသည် ပြီးခဲ့သော နွေရာသီက ပန်းချီသင်တန်း တက်ဖူးသဖြင့် မတောက်တခေါက် ဆွဲတတ်သည်။ သူ့ကို သရုပ်ဖော်ပုံတစ်ချို့ ဆွဲခိုင်းရသည်။

ကျော်ဇင်ဦးက လက်ရေးစာလုံးဒီဇိုင်း ရသဖြင့် ခေါင်းစီးစာတန်း ရေးသည်။ မင်းသီဟက ကာတွန်းနည်းနည်းပါးပါး ဆွဲနိုင်





သည်။

ခင်မေတင့်တစ်ယောက်သာ သိပ်အသုံးမတည့်ခြင်း ဖြစ်၏။ သူက လက်ရေးလည်း တော်တော်ညံ့သည်။ သ[illegible]ပ်မှုလည်း မရှိ။

"ငါ ဘာလုပ်ပေးရမလဲ"

ဟု ခင်မေတင့်က မေးသည်။ စိုးချစ်က. . .

"ဘာမှ လုပ်မပေးနဲ့"

ဟု ပြန်ပြောသဖြင့် မျက်နှာကြီး စူပုတ်ပြီး တစ်နေရာမှာ တ်တုတ်ထိုင်နေသည်။ ကျော်ဇင်ဦးက သနားသဖြင့် ကဗျာတစ် ဒ် ခေါ်ကူးခိုင်းသည်။ ခင်မေတင့်ကလည်း ခင်မေတင့်ပဲ။ ကဗျာ တိုတိုကလေး။ ကိုးကြောင်းတည်းသာ ရှိသည်။ ဒါကိုတောင် စ်မြောက်အောင် မကူးနိုင်။ စာကြောင်းတွေက ရွဲ့စောင်းနေ သည်။ စကားလုံး လေးငါးလုံးလောက် မှားကူးမိသဖြင့် ခဲဖျက်နှင့် န်ဖျက်ရာ စက္ကူအဖြူသားတွေ ပါကုန်သည်။ ကူးပြီးသွားတော့ သပ်မရပ်နှင့် ဘယ်လိုမှ ကြည့်မကောင်း။

ဒါကို စိုးချစ် မြင်သွားတော့. . .

"ငါပြောတယ် မဟုတ်လား၊ မလုပ်ပါနဲ့ဆိုတာ၊ ခုတော့ ပ်ရကုန်ပြီ၊ ကြည့်စမ်း"

ဆိုပြီး တဖျစ်တောက်တောက် ပြောနေ၏။ သူပြောတာ ည်း မှန်သည်။ နံရံကပ်စာစောင်ဆိုတာက လက်မ နှစ်ဆယ် ဆယ် ရှိသော ကတ်ပြားကြီးတွေပေါ်မှာ တစ်ခါတည်း အချော ရရခြင်း ဖြစ်၏။ အမှားအယွင်း ဖြစ်သွားလျှင် ပြန်ပြင်ရခက် ည်။ အစွန်းဖက်မှာ ဖြစ်သွားလျှင် ညှပ်ထုတ်လို့ ရသေးသည်။ တာက ကတ်ပြား၏ အလယ်တည့်တည့်မှာ မလှမပနဲ့ အတော်


www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရဆိုးနေ၏။

"ငါက မြန်မြန်ပြီးအောင် ဝင်ကူညီနေတာပါဟ"

ခင်မေတင့်က စောဒက တက်သည်။ စိုးချစ်က. . .

"ကူညီတာ မဟုတ်ဘူး၊ ဒါ ဖျက်ဆီးတာ"

ခင်မေတင့်သည် ဟိုအရင်ကသာဆိုလျှင် စိုးချစ်ကို ကက်ကက်လန်အောင် ပြန်ပြောချင် ပြောမိမည်။ ခုနောက်ပိုင်းကျတော့ ဘာကြောင့်မှန်းမသိ။ စိုးချစ်အပေါ် အလျှော့ချည်း ပေးချင်သလို ဖြစ်နေ၏။ ခုလို လူကြားသူကြားမှာ အငေါက်ခံလိုက်ရသောကြောင့် ဝမ်းနည်းပြီး မျက်ရည်ဝဲချင်လာမိ၏။ ဒါကို မြင်တော့ ဝိုင်းဝိုင်းက သူ့အတွက် မခံနိုင် ဖြစ်သွားပြီး. . .

"စိုးချစ်. . နင် ဒီလောက်လည်း ပြောနေစရာ မလိုပါဘူး။ ဒီကတ်ပြားတွေကလဲ နင်ပိုင်တဲ့ပစ္စည်းတွေ မဟုတ်ဘူး"

ဟု ရန်တွေ့လိုက်သည်။

"ငါ့ပစ္စည်း မဟုတ်ပေမယ့် ကျောင်းက ပိုင်တဲ့ပစ္စည်းပဲ၊ ကိုယ့်ပစ္စည်းလို တန်ဖိုးထားရမှာပေါ့"

"သိပ်ကြီးကျယ်မနေနဲ့"

ကျော်ဇင်ဦးမှာ ခင်မေတင့်ကို သူက ခိုင်းခဲ့ခြင်း ဖြစ်သောကြောင့် အကာအကွယ် ယူသည့်အနေနဲ့. . .

"စိုးချစ်ရာ၊ ဒါ ကျောင်းနံရံကပ်စာစောင် လုပ်တာပါကွ၊ မဂ္ဂဇင်းကြီးတစ်စောင် ထုတ်နေတာ မဟုတ်ပါဘူး၊ သိပ်သပ်ရပ်နေစရာ မလိုပါဘူး"

ဟု ဝင်ပြောသည်။

"ငါ့အဖို့တော့ နံရံကပ်စာစောင်လဲ အရေးကြီးတာပဲ၊ ပြီးတော့ ဒါဟာ ကဗျာတွေ၊ ကဗျာဆိုတာ ခံစားချက်နဲ့ ရင်းပြီးမှ





ရေးလို့ရတာ၊ ပေါ့ပေါ့ဆဆ သဘောထားလို့ မရဘူး"

နန်းမွှေးက လေလုံးထွားလိုက်တာဟု ခပ်တိုးတိုး ရေရွတ်ရင်း မဲ့ရွဲ့လိုက်သည်။ ခပ်လှမ်းလှမ်းက စားပွဲမှာ စာကူးရင်း အားစွင့်နေသော မေရီအောင်ကတော့ စိုးချစ်၏စကားကို ထောက်ခံဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"ကဲပါကွာ၊ အဆင်ပြေအောင် ငါ ကြည့်လုပ်ပေးပါ့မယ်၊ စိုးချစ်ကလဲ ကတုံးအချင်းချင်း ရိုင်းပင်းမှပေါ့"

မင်းသီဟက နောက်ပြောင်ရင်း ဝင်၍ ဖျန်ဖြေလိုက်၏။ ထို့နောက် ခင်မေတင့် ကူးရေးထားသော ကဗျာ၏ အောက်ခြေပတ်လည်ကို ဘောင်ခတ်လိုက်ပြီး ဆေးအနက်ဖြင့် အပေါ်က ဖုံး၍ သုတ်လိုက်သည်။

"ဟာ. . . မင်း ဘာလုပ်တာလဲ"

စိုးချစ်က ပြူးပြူးပြာပြာ မေးသဖြင့်. . .

"ဒီပေါ်မှာ အဖြူရောင်နဲ့ ကာတွန်းတစ်ပုံ ဆွဲလိုက်မယ်လေကွာ"

"အနက်အောက်ခံပေါ်မှာ အဖြူနဲ့ ဘယ်ကောင်းမလဲ"

"စာကျက်နေရင်း မီးပျက်သွားတဲ့အကြောင်း ဆွဲမယ်လေ၊ ဒါဆို ပိုတောင် သဘာဝ ကျသွားသေးတယ်"

စိုးချစ် တစ်ခုခု ထပ်ပြောမည်ပြုစဉ် မေရီအောင်က. . .

"စိုးချစ်. . . ခဏလောက် လာပါဦး၊ ဒီမှာ မေးစရာရှိလို့"

ဟု ခေါ်သဖြင့် သွားလိုက်ရသည်။ အမှန်မှာ မေရီအောင်က စကားနည်းရန်စဲ ဖြစ်အောင် လုပ်လိုက်ခြင်း ဖြစ်၏။

ခင်မေတင့်ကတော့ မကျေနပ်။

"လူကို သူ့တပည့်များ မှတ်နေသလား၊ မသိဘူး၊ ငါ့ကို


www.burmeseclassic.com

www.burmeseclassic.com

လိုက် ငမ်းလိုက်နဲ့ ဟင်း. . . ငယ်ငယ်တုန်းက သူ နေမကောင်းလို့ ငါက စာကူးပေးရတာကျတော့ လက်ရေးမလှဘူးလို့ မပြောဘူး"

ဟု ဆိုသည်။ ထိုအခါ ကျော်ဇင်ဦးက. . .

"အေးလေ၊ အဲဒီတုန်းက အချိုမှုန့် ပူတင်း လုပ်ကျွေးတဲ့ ကျေးဇူးတောင် မထောက်ဘူး"

"နင်နော်. . . ကျော်ဇင်ဦး၊ စိတ်တိုရတဲ့အထဲ လာမစနဲ့"

ခင်မေတင့် အသံကျယ်သွားသဖြင့် စိုးချစ်က မျက်နှာထားကြီးနှင့် လှမ်းကြည့်သေးသည်။

နောက်ဆုံးတော့ ခင်မေတင့်သည် သူနဲ့ အလိုက်ဖက်ဆုံး အလုပ်တစ်ခုကို ရသွားသည်။ စာကူးတဲ့လူတွေ အဆင်ပြေအောင် ကတ်ဖြူပြားတွေပေါ်မှာ မျဉ်းသားပေးရခြင်း ဖြစ်၏။ ဒါတောင် စင်းလုံးချော မဖြစ်၊ တစ်ချက်တစ်ချက်မှာ လိုင်းအစိတ်အကျဲ မညီတာတို့၊ စောင်းရွဲ့သွားတာတို့ ဖြစ်ချင်သေးသည်။

မေရီအောင်ကတော့ ခင်မေတင့်နှင့် ယှဉ်လျှင် ဆန့်ကျင်ဖက်ဟု ဆိုရမည်။ သူ၏ အင်္ဂလိပ်စာ လက်ရေးက အလွန်လှသည်။ စာလုံးတစ်လုံးချင်းကို ညီညီညာညာ သပ်သပ်ရပ်ရပ် ရေးထားသည်။ အမှားအယွင်း မရှိသလောက်ပင် ဖြစ်၏။ မရှင်းလင်းတာ ရှိလျှင် စိုးချစ်ကို လှမ်းခေါ်ပြီး မေးတတ်သည်။

နံရံကပ်စာစောင်ကို ကျောင်းပိတ်ရက်မှာ လုပ်ခြင်းဖြစ်သောကြောင့် ကျောင်းဝတ်စုံ ဝတ်စရာ မလို။ ကျောင်းစည်းကမ်းတွေကိုလည်း တိတိကျကျကြီး လိုက်နာနေစရာမလို။

ထို့ကြောင့် မေရီအောင်သည် ပြင်ဆင်ခြယ်သလာနိုင်သည်။ ဆံပင်ကို ဖြန့်ပြီး ဖာလျားချထားသည်။ မျက်နှာမှာ မိတ်ကပ် ဖွဲဖွဲ၊ နှုတ်ခမ်းမှာ ပန်းနုရောင်ပါးပါး ဆိုးထားသည်။ လက်





ည်းက နှုတ်ခမ်းနှင့် တစ်ရောင်တည်း၊ မျက်ခုံးကို ထင်းနေအောင် ဲ့ထား၏။ မျက်လုံးက အညိုရောင်။

သနပ်ခါးရောင် အပွင့်ကလေးတွေ ပါသော အင်္ကျီနှင့် တီ ဝမ်းဆက် ဝတ်ထားသည်။

အထူးခြားဆုံးကတော့ ရေမွှေးနံ့ပင် ဖြစ်၏။ စိုးချစ်မှာ စ်မတွေ နှမတွေ ရှိသော်လည်း သူတို့က ခပ်ရိုးရိုးတွေ။ ရေမွှေး ပြာနှင့်၊ ကိုယ်လိမ်းပေါင်ဒါတောင် အပြင်သွားမှ လိမ်းတတ် ၏။ ထို့ကြောင့် ရေမွှေးနံ့သည် စိုးချစ်အတွက် ဂန္ဓာရုံ အသစ်အ န်း တစ်မျိုး ဖြစ်နေ၏။

ကျောင်းမှာ ဘယ်မိန်းကလေးမှ ရေမွှေးဆွတ်လေ့မရှိ။ နပ်ခါးထဲမှာ ပေါင်ဒါ ရောလိမ်းတာ အလွန်ဆုံးပဲ၊ နန်းမွှေးဆို ှင် တစ်ခါက သနပ်ခါးထဲမှာ ကလေးတွေ လိမ်းသည့် ဝိုင်အို က် ပေါင်ဒါတွေ ရောလိမ်းလာသဖြင့် ဝိုင်းဝိုင်းတို့က ဟားခဲ့သေး ည်။

မေရီအောင်က တစ်ခုခု မရှင်းတာရှိလို့ စိုးချစ်ကို ခေါ် ျှင် ဘေးမှာ သွားရပ်ပြီး ရှင်းပြရသည်။ ထိုအခါ ရေမွှေးနံ့ ည် လှိုက်ခနဲ ဝေ့ဝဲလွင့်ပျံ့လာတတ်၏။ ရေမွှေးက နိုင်ငံခြားဖြစ် ကောင်းစား ဖြစ်နိုင်သည်။ အနံ့က ယဉ်ယဉ်ကလေး သင်းနေ ည်။ ဒီလိုအခါမျိုးမှာ စိုးချစ် စိတ်ထဲက တစ်မျိုးကြီး ဖြစ်သွားပြီး တွေခုန်၊ အသက်ရှူ မြန်လာတတ်သည်။

မေရီအောင့် လက်ချောင်းကလေးတွေက သွယ်သွယ်လျ နှင့် အလွန်လှသည်။ ထိုလက်ကလေးများဖြင့် စာလုံးလှလှက းတွေ ရေးနေတာ အလွန်ကြည့်ကောင်းသည်။ စိုးချစ်သည် ရီအောင့်ဘေးမှာ ထိုင်ပြီး သူ စာရေးနေတာကို ငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com


ချင်သောဆန္ဒ ဖြစ်ပေါ်လာမိ၏။ မေရီအောင်က လှမ်းခေါ်ပြီး တစ်ခုခု မေးလိုက်ပါစေဟု မျှော်လင့် စောင့်စားနေသလိုလည်း ဖြစ်နေမိ၏။

မေရီအောင့်ဘေးမှာ သွားရပ်ပြီး စကားပြောတဲ့အခါတိုင်းမှာ ခင်မေတင့်က ဖျတ်ခနဲ လှမ်းလှမ်းကြည့်တတ်ကြောင်းကိုတော့ စိုးချစ် သတိမပြုမိ။

◈ ◈

BURMESE CLASSIC .com

ဒီနောက်ပိုင်းမှာတော့ စိုးချစ်သည် ရေမွှေးနံ့ကို မကြာခဏ သတိရနေမိတော့သည်။ ရေချိုးရင်း ဆပ်ပြာမွှေးနံ့ ရတဲ့အခါ အိမ်မှာ အမွှေးတိုင် ထွန်းတဲ့အခါ မေရီအောင်ဆီက ရခဲ့ဖူးသော ရေမွှေးနံ့ကို အမှတ်ရမိ၏။

မေရီအောင်သည် သဘောကောင်းသည်၊ ပွင့်လင်းသည် ဆိုသော်လည်း ယောကျ်ားလေးတွေနှင့် သိပ်ရောရောနှောနှော နေတတ်သူမဟုတ်။ စိုးချစ်နှင့် ဆိုလျှင်လည်း တန်းခွဲချင်း မတူသောကြောင့် မရင်းနှီးကြ။ မေရီအောင်က ခင်မေတင့်နှင့် ကျောင်းသွားကျောင်းပြန် အတူတူ ဖြစ်သောကြောင့် တစ်ယောက်ကို တစ်ယောက် သိတယ်ဆိုရုံသာ ရှိ၏။ နံရံကပ်စာစောင် လုပ်မှသာ နည်းနည်းရင်းနှီးသွားခြင်း ဖြစ်၏။

ခုနောက်ပိုင်းကျတော့ ကျောင်းမှာ ဆုံကြတဲ့အခါ ပြုံးပြ နှုတ်ဆက်ကြတာ၊ စကားတစ်ခွန်းနှစ်ခွန်း ပြောဖြစ်ကြတာတို့ ရှိလာသည်။ မေရီအောင်ကို ကြည့်ရတာ စိုးချစ်အပေါ် ရင်းရင်းနှီးနှီး ဆက်ဆံချင်သည့်ပုံမျိုးဟု ထင်ရ၏။

ထိုထင်မြင်ချက် မှန်ကန်ကြောင်းကိုလည်း သိရ၏။

တစ်ရက်မှာ စိုးချစ် ကျောင်းကို စောစောထွက်လာခဲ့သည်။

လမ်းမှာ မေရီအောင်နှင့် ဆုံသည်။ သူကလည်း တစ်ယောက်တည်း။

"ခင်မေတင့် မပါဘူးလား"

ဟု စိုးချစ်က မေးသည်။

"ထုံးစံအတိုင်းပဲလေ၊ ဗိုက်အောင့်လို့တဲ့၊ ကျောင်းမတက်ဘူး"

ခင်မေတင့်က ချူချာသည်။ မကြာခဏ ကျောင်းပျက်တတ်သည်။ ဒါကြောင့်လည်း ခပ်ညှက်ညှက် ဖြစ်နေတာပဲဟု စိုးချစ် တွေးသည်။

ခုချိန်မှာ စိုးချစ်နှင့် မေရီအောင် နှစ်ယောက်တည်း ဖြစ်နေ၏။ သွားရမည့်လမ်းက တစ်လမ်းတည်း။ အတူတူ တွဲလျှောက်သွားဖို့ကို စိုးချစ် စိတ်ထဲမှာ မဝံ့မရဲ ဖြစ်နေ၏။ ထို့ကြောင့် သွားဦးမယ်ဟု နှုတ်ဆက်ပြီး ရှေ့က ခပ်သွက်သွက် လျှောက်သွားဖို့ ...တ်ကူးလိုက်စဉ် မေရီအောင်က စကားစပြောသည်။

"ကဗျာတွေ ရေးတယ်ဆို"

"ခင်မေတင့် ပြောလို့လား"

"နံရံကပ်စာစောင်မှာ ပါတဲ့ စိတ္တဇည ဆိုတဲ့ ကဗျာလေး ...ဘောကျလို့ မေးကြည့်တော့ စိုးချစ် ရေးတာလို့ ခင်မေတင့်က ပြောတယ်၊ နာမည်ရင်းနဲ့ ရေးတာမဟုတ်တော့ တို့က မသိဘူးလေ"

www.burmeseclassic.com



အဲဒါနဲ့ စကားစပ်မိရင်း စိုးချစ် ကဗျာတွေ ရေးနေတယ်ဆိုတာ သိရတာလေ”

“သိပ်အဖြစ်မရှိသေးပါဘူး၊ ခုမှ မတောက်တခေါက် စမ်းရေးကြည့်နေတုန်းပါ”

“အံမယ် . . . ဒါတောင် မတောက်တခေါက်ပဲ ရှိသေးတာလား၊ နံ့ရံကပ်စာစောင်မှာ ပါတဲ့ကဗျာက တော်တော်ကောင်းတာပဲ”

“ကိုယ်စီစဉ်တဲ့ စာစောင်မှာ ကိုယ့်ကဗျာကို ရွေးပြီးထည့်တာ ချီးကျူးစရာ မဟုတ်ပါဘူး”

“အစက ကိုယ့်ကဗျာ ကိုယ်ထည့်တာ မသင့်တော်ဘူးဆိုပြီး မရေးဘဲ နေတာဆို၊ နောက်မှ ထည့်စရာ ကဗျာကုန်သွားပြီး နေရာလွတ် ကျန်နေတော့မှ ဝင်ရေးတာ မဟုတ်လား၊ ခင်မေတင့်က ပြောပြတယ်”

“သူကလဲ အကုန်သိနေတာပါပဲလား”

“ဟုတ်တယ်၊ ခင်မေတင့်က စိုးချစ်ကို အရမ်းချီးကျူးတာ၊ သိလား”

“သူ ချီးကျူးတာတော့ မခံချင်ပါဘူး”

စိုးချစ် လွှတ်ခနဲ ပြောလိုက်မိသည်။ သူ့စကားက အဓိပ္ပာယ် တစ်မျိုး ဖြစ်သွား၏။ ခင်မေတင့် ချီးကျူးတာ မခံချင်ဘူးဆိုတော့ မေရီအောင် ချီးကျူးတာကိုတော့ ခံချင်တယ်ဆိုတဲ့သဘော ဖြစ်သွား၏။ တကယ်လည်း မေရီအောင်က ချီးကျူးသောအခါ ကျေနပ်သလို ဖြစ်သွားမိ၏။ မေရီအောင်က . . .

“ဘာပဲဖြစ်ဖြစ်လေ၊ နံ့ရံကပ်စာစောင် လုပ်နေတုန်းက စိုးချစ် ပြောခဲ့တဲ့ ကဗျာဆိုတာ ခံစားချက်နဲ့ ရင်းပြီး ရေးရတာဆိုတဲ့



BURMESE CLASSIC .com



ား‌လေးကိုတော့ သိပ်သဘောကျတယ်၊ စိုးချစ်ဟာ တစ်နေ့နေ့ နိုင်ငံကျော် ကဗျာဆရာကြီး ဖြစ်လာလိမ့်မယ်လို့ တို့တော့ ကြည်တယ်၊ သိလား”

စိုးချစ် တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွား၏။ သူ အရင်းနှီးဆုံး သူငယ်ချင်းများ ဖြစ်ကြသော ကျော်ဇင်ဦးတို့ ်သိဟတို့တောင် ဒီလောက်အထိတော့ သူ့ကို အထင်မကြီးခဲ့ဖူး ား။ ဝိုင်းဝိုင်းတို့ နန်းမွေးတို့ဆိုလျှင် ကဗျာရူးစာရူး အဖြစ်တောင် ကချင် ပြောင်ချင်ကြသေးသည်။

စိုးချစ်သည် ကျေလည်းကျေနပ် ရှက်လည်းရှက်ပြီး ဘာ ပြောရမှန်း မသိအောင် ဖြစ်နေ၏။ ကျေးဇူးတင်ပါတယ်လို့ ရမလား၊ ဒါတော့ သိပ်မြှောက်လွန်းပြီဟု ဆိုရမလား၊ ဒီ ာက်လဲ မဟုတ်ပါဘူးဟု တုံ့ပြန်ရမလား။

ထိုစဉ်မှာပင် ကျောင်းနှား ရောက်လာသည်။ မေရီအောင် ်အတူ ယှဉ်တွဲလျှောက်ရင်း ကျောင်းဝင်းထဲ ဝင်သွားလို့ မ ာင်းမှန်း သတိရသည်။ သူ့စိတ်ထဲမှာ မေရီအောင်နှင့် အတူ ျှောက်ရတာကို သာယာသလို ဖြစ်မိတာတော့ အမှန်ပဲ။ သို့ရာ င် . . .

“သွားဦးမယ်”

စိုးချစ်က နှုတ်ဆက်လိုက်သည်။ တကယ်တော့ သွားရမယ့် မ်းက တူတူပဲ။ မေရီအောင်နှင့် တွဲလျက် မဖြစ်စေချင်လျှင် ကြ ဦးဆောင် ခြေလှမ်းသွက်သွက် လျှောက်ဖို့ပဲ ရှိ၏။ သို့တိုင် ောင် မေရီအောင်က အရပ်လည်းရှည် သွက်လက်ဖျတ်လတ်သူ ည်း ဖြစ်သဖြင့် ယောကျာ်းလေးတစ်ယောက်လောက် မြန်အောင် ျှောက်နိုင်သူ ဖြစ်၏။ ဒါကို လွတ်အောင် သွားဖို့အတွက်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်နှုန်းကို အမြင့်ဆုံး တင်မှ ဖြစ်မည်။

ထို့ကြောင့် ကျောင်းရောက်သောအခါ စိုးချစ် ချွေးတွေ တောင် ပြန်နေလေသည်။

◈ ◈ ◈

BURMESE CLASSIC .com

စိုးချစ် ဦးဆောင် လုပ်ခဲ့သော နံရံကပ်စာစောင်က အ တော် အောင်မြင်သည်။ ကျောင်းသားကျောင်းသူတွေ စိတ်ဝင်စား ကြသည်။ ဆရာဆရာမတွေလည်း ကြိုက်သည်။ ကျောင်းအုပ်ဆရာ ကြီးတောင် သဘောကျပြီး ချီးကျူးရသည်။ ဆရာကြီးသည် စည်း ကမ်းကြီးသူ ဖြစ်၏။ မျက်နှာထားကလည်း အမြဲလိုလို တည်တည် တင်းတင်းကြီး။ နံရံကပ်စာစောင် ပြီးလို့ လာပြီးစစ်ဆေးတဲ့အခါမှာ တော့ ကျေနပ်ပြီး ထူးထူးခြားခြား ပြုံးရွှင်နေလေသည်။

ဒီမှာတွင်ပဲ ဆရာကြီးသည် စိတ်ကူးတစ်ခု ပေါ်လာလေ သည်။ ကျောင်းကပွဲတစ်ခု ပြုလုပ်ရန်ပင် ဖြစ်လေ၏။ ဒီတာဝန်က လည်း လက်စလက်န ရှိသော စိုးချစ် ခေါင်းပေါ် ကျလာသည်။

ထိုပွဲသည်လည်း စည်စည်ကားကား အောင်အောင်မြင် မြင် ဖြစ်ခဲ့သည်။ စိုးချစ် ဦးဆောင်တာဆိုတော့ သူ့သူငယ်ချင်းတွေ အားလုံး ဝိုင်းကြဝန်းကြရပြန်သည်။ ဒီတော့ ခင်မေတင့်သည် လည်း ကန့်လန့်ကန့်လန့် ပါလာပြန်တာပဲပေါ့။ အမှန်က သူသည် သီချင်းလည်း မဆိုတတ်၊ ကလည်း မကတတ်၊ သရုပ်ဆောင်လည်း မတတ်။ တောက်တိုမယ်ရလောက်သာ အသုံးဝင်သည်။ စိုးချစ်





...ပ်တဲ့ကိစ္စမို့ ကူညီချင်လို့ လာခြင်းဖြစ်၏။

နောက်တော့ ဝိုင်းဝိုင်းတို့က သူတို့ တာဝန်ကျသော ကဗျာ ...တ် အကအဖွဲ့ထဲ ဆွဲထည့်ထားလိုက်သည်။ စိုးချစ်က ဖြစ်မှာ ...တ်ပါဘူးဟု ကန့်ကွက်ချင်သေးသည်။ နန်းမွှေးက. . .

"သူငယ်ချင်းတွေအားလုံး ပါတဲ့ကိစ္စ၊ သူလဲ ပါမှ ဖြစ်မှာ ...ါ"

ဟု ကာကွယ် ပြောဆိုပေးသည်။ ခင်မေတင့် ကိုယ်၌က ...တော့ ရှက်တတ် ကြောက်တတ်သဖြင့်. . .

"ငါ မကချင်ပါဘူးဟာ၊ လူတွေ ဝိုင်းကြည့်ရင် ငါ ရှက် ...ယ်"

ဟု ငြင်းချင်သေးသည်။

"နင်က မကတော့ ဘာလုပ်မှာလဲ၊ ဘယ်ထဲမှ မပါဘဲ ...တ်လျှားလတ်လျှား လုပ်နေရင် စိုးချစ်က ပြောဦးမယ်"

ဆိုပြီး အတင်းကခိုင်းရသည်။

ကဗျာလွတ်အက လေ့ကျင့်ကြရာမှာလည်း ခင်မေတင့်က ...အတိုင်း အယောင်ယောင် အမှားမှားပဲ။ ဘယ်ခြေထိုးရမည့် ...ရာမှာ ညာခြေထိုး၊ မေးထိုးရမည့်နေရာမှာ ခေါင်းခါ၊ စည်းဝါး မကိုက်။ စိုးချစ်မှာ မျက်စောင်း တထိုးထိုး လုပ်နေသည်။ ...က်ဆုံးတော့ ဝိုင်းဝိုင်းက လေသံတိုးတိုးဖြင့် ဘေးကနေ 'ညာ ... ဘယ်ခြေ၊ မေးထိုး၊ ညာလှည့်၊ ဘယ်ချိုး' စသည်ဖြင့် ထောက် ...မှ ကြည့်ပျော်ရှုပျော် ဖြစ်သွားသည်။

နောက်ပြဿနာတစ်ခုကတော့ နန်းမွှေးပင် ဖြစ်၏။ က ...လွတ်လို ယိမ်းကရာမှာ အရပ်အမောင်းချင်း ညီမှ ကြည့်လို့ ...ကောင်းသည်။ နန်းမွှေးက အရပ်ကြီး ရှည်သဖြင့် အားလုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com


ထိုးထိုးထောင်ထောင် ဖြစ်နေ၏။

ထို့ကြောင့် သူ့ကို ရှေ့ဆုံးမှာ တစ်ယောက်တည်း ထ လိုက်ရသည်။ ဒီတော့ သူက အဖွဲ့ခေါင်းဆောင် မင်းသမီး ဖြစ်သွားသည်။ ကတဲ့အခါကျတော့လည်း နွဲ့နွဲ့နှောင်းနှောင်း မရှိ တောင့်တောင့်ကြီး ဖြစ်နေသည်။ သူ ကဗျာလွတ် ကပုံမှာ ကြ ပြင်ကို ဖနှောင့်နှင့် ပေါက်နေသလိုလို၊ အင်္ဂလိပ်ကြက်ဖ ဘိုကြက် ကို အနေးကစားပြနေသလိုလို ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် က ရင်းက ဝိုင်းဝိုင်း ပါးစပ်မှ တတွတ်တွတ် ရွတ်ပြီး ခင်မေတင့် သတိပေးနေရတာကလွဲလျှင် စည်းကိုက်ဝါးကိုက် ဖြစ်သောကြော မဆိုးလှပါ။ ပရိသတ်တွေကလည်း သဘောကျသည်။

ကျော်ဇင်ဦးနှင့် မင်းသီဟကတော့ တာတွန်းအောင်ရှိန် ဦးရုံစား၊ ဦးဒိန်းဒေါင် တစ်ခန်းရပ်ပြဇာတ် ကဖို့ စီစဉ်ထားသည် သူတို့မှာ အစောကြီးကတည်းက အဝတ်အစား လဲထားကြ၏ မင်းသီဟက ခေါင်းပေါင်းကွက်ကျားကြီး ပေါင်း၊ စက္ကူနှင့် ပုံသွ ထားသော ဆေးတံအကြီးကြီး ခဲထားသည်။ သူက ဦးရုံစား၊ ကျော် ဇင်ဦးက ဆံပင်ကို တခြမ်း ဆေးဖြူသုတ်ပြီး ဦးဒိန်းဒေါင်နှင့် တ အောင် လုပ်ထား၏။ သူတို့နှစ်ယောက်မှာ ဒီအပြင်အဆင်အတိုင် လူကြားထဲလျှောက် လမ်းသလားနေသဖြင့် အစောကြီးကတည်းက ကြော်ငြာသလို ဖြစ်ပြီး နာမည်ကြီးနေကြသည်။

သူတို့ အခန်းမတိုင်ခင်မှာ အစီအစဉ်တစ်ခုရှိ၏။ လူပြ ကလေး မောင်ရွှေရိုး တေးသရုပ်ဖော်ပင် ဖြစ်၏။ မောင်ရွှေရိုး အဖြစ် သန်းဦးက သရုပ်ဆောင်မည်။ အငြိမ့်မင်းသမီး ချစ်စပ အဖြစ်ကတော့ မေရီအောင်ပါပဲ။

စိုးချစ်က သရုပ်ဆောင်ပေးဖို့ ပြောသောအခါ မေရီအော သူ မတတတ်ကြောင်း ပြောသည်။

"ကရမှာက တစ်ချိုးနှစ်ချိုးလောက်ပါ၊ သင်လိုက်ရင် ရပါ ယ်၊ သရုပ်ဆောင်ဖို့က အဓိကပဲ"

ဟု စိုးချစ်က ပြောဆို တိုက်တွန်းသောအခါ လက်ခံလိုက် ည်။ ရပ်ကွက်ထဲက အငြိမ့်မင်းသမီးဟောင်းတစ်ယောက်ဆီမှာ နေ့ပေါ် အကသင်သည်။ သူ့ပါရမီကြောင့်ပဲလား မသိ။ ရက် တိုအတွင်းမှာပင် ကချိုး နှစ်ခုသုံးခုကို တတ်မြောက်သွားသည်။

ပြဿနာကတော့ သန်းဦးပင် ဖြစ်၏။ အစကတော့ သူပဲ ရာ သရုပ်ဆောင်ချင်လှချည်ရဲ့ဆိုပြီး အတင်း နားပူနားဆာ ခဲ့သည်။ သူ့ရုပ်ရည်ကလည်း လူရွှင်တော် တစ်ယောက်လို င်ချော်ချော် ဖြစ်သောကြောင့် စိုးချစ်က ရွေးလိုက်သည်။ မ်းလေ့ကျင့်ကြတော့လည်း အဟုတ်ကြီးပဲ။

အခု တကယ် ကရတော့မည်ဆိုမှ သူ မလုပ်ရဲဘူး ဖြစ် ရော။

"မလုပ်လို့ မရဘူး ဟေ့ကောင်၊ အခုပဲ ထွက်ရတော့မှာ၊ လုံး အရှက်ကွဲကုန်လိမ့်မယ်"

"ဟာ. . . ငါ မလုပ်ရဲတော့ဘူးကွာ၊ အစမ်းလေ့ကျင့်တုန်း ကိုယ့်အချင်းချင်း ကြားထဲမှာဆိုတော့ ကိစ္စမရှိဘူး၊ အခုဟာက တွေအများကြီး ဝိုင်းကြည့်နေကြမှာ၊ ငါကြောက်လာပြီ၊ ဒူးတွေလ လာပြီ၊ မဖြစ်ဘူး၊ စင်ပေါ် ရောက်ရင် အမှားမှားအယွင်းယွင်း ဖြစ်ကုန်မှာ"

သန်းဦးက အကျောတ်အကန် ငြင်းသည်။ စိုးချစ်က. . .

"အားလုံး စီစဉ်ပြီးမှ မလုပ်လို့ ဖြစ်မလား၊ မင်း. . . ငါ ရောက်အောင် မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှ ပြောလို့မရ၊ နောက်ဆုံး 'ငါ ဗိုက်နာတယ်၊ ချေးပါချင်လာပြီ' ဆိုပြီး အိမ်သာကို ပြေးသည်။ အိမ်သာခန်းထဲ ဝင်ပြီး အထဲက ကန့်လန့်ထိုးထားလိုက်သည်။ ခေါ်ထုတ်လို့ မရ တော့။

အစီအစဉ် ကြေညာတဲ့လူကတော့ သူ့တာဝန်အတိုင်း. .

"ရွှေပွဲလာ ဧည့်ပရိသတ်များရှင်၊ ခု ဆက်လက်ပြီး တင် ဆက်မှာကတော့ လူပြက်ကလေး မောင်ရွှေရိုး တေးသရုပ်ဖော်ပဲ ဖြစ်ပါတယ်ရှင်"

ဟု ကြေညာလိုက်ပြီ။ စိုးချစ် ဗျာများရပြီ။ ကျော်ဇင်ဦးနှင့် မင်းသီဟ တစ်ယောက်ယောက် အစားထိုးဖို့ ကြိုးစားတော့. . .

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ငါက ဆံပင်တစ်ခြမ်းတောင် ဆေးအဖြူ ဆိုးထားပြီးပြီပဲဟာ"

ကျော်ဇင်ဦးက ပြောသည်။ မင်းသီဟကလည်း. . .

"ငါတို့ ဒီအစီအစဉ် ပြီးတာနဲ့ ဆက်တိုက်ထွက်ရမှာကွ၊ အဝတ်အစားတွေ လဲပြီးနေပြီ၊ ပြီးတော့ ခုမှ ရုတ်တရက်ကြီး ဆို တော့ ဘာမှလဲ လုပ်တတ်မှာ မဟုတ်ဘူး၊ ငါတို့ပြဇာတ်အတွက် ဒိုင်ယာလော့တွေတောင် ပြန်မမေ့အောင် မနည်းကျက်ထားရတာ တော်ကြာ ငါတို့ပြဇာတ်ကို ထိခိုက်သွားလိမ့်မယ်" ဟု ငြင်းသည်။ ထိုစဉ်တွင် ကားလိပ်ဆွဲသည့်တာဝန် ယူထားသော မြင့်ကြည် အ ပြေးအလွှား ရောက်လာပြီး. . .

"ဘာလုပ်နေကြတာလဲ၊ စင်ပေါ် တက်ကြတော့လေ၊ အ နောင်ဆာကတောင် ကြေညာပြီးနေပြီ၊ ပရိသတ်တွေကလည်း မျှော်နေပြီ၊ နောက်ဖက်က ကောင်တွေကဆို ကြာတယ်ဆိုပြီး အော်နေကြပြီကွ"





စိုးချစ်မှာ ရွှေးစရာလမ်း မရှိတော့။ သန်းဦး ပစ်ချထားခဲ့ သော လူရွှင်တော် အဝတ်အစားတွေ ကောက်ဝတ်ပြီး စင်ပေါ် တက်ခဲ့ရသည်။

ကန့်လန့်ကာ ဖွင့်လိုက်သောအခါ ခါးထောက်ပြီး တစ် က်လှည့် ရပ်နေသော မေရီအောင်နှင့် ဒူးထောက်ပြီး လက်နှစ် က် ကား၍ ချစ်ခွင့်ပန်နေဟန် လုပ်နေသော စိုးချစ်တို့၏ရုပ်သေ ကွက်ကို စတင်မြင်ရသည်။ ပဏာမ တီးလုံး ဆုံးတော့မှ မေရီ အောင်က ဒီဘက်လှည့်၍ လက်ညှိုးကလေး ကွေးချည်ဆန့်ချည် ပ်ပြီး ခေါ်ဟန်ပြုစဉ် သီချင်းသံ စတင်ထွက်ပေါ်လာသည်။

"မောင်ရွှေရိုး. . . မောင်ရွှေရိုး"

"ဗျာ. . . ဗျ"

"လူပြက်ကလေး သနားစရာ၊ ဟော့. . . ရှက်ပါတယ်ကွာ၊ ငြိမ့်မင်းသမီးရဲ့အနားမှာ တစ်ဖဝါးမှ မခွာ"

"ခင်ခင်ကညာ ကြွင်ကြွင်မှာ၊ ပုံပုံပမာ၊ ယုံယုံပါ။ ကိန္နရီ မောင်နှံများလို မခွဲဘဲ နေချင်တာ အချစ်ရာ"

တွံတေးသိန်းတန်နှင့် ချစ်စပယ်တို့၏ သီချင်းကို နောက်ခံ ဖြစ် ဖွင့်ပေးပြီး စိုးချစ်နှင့် မေရီအောင်တို့က သီချင်းစာသား ဓိပ္ပာယ်အတိုင်း သရုပ်ဆောင်ကြရခြင်း ဖြစ်၏။

စိုးချစ်သည် သန်းဦးနှင့် မေရီအောင်တို့ အစမ်းလေ့ကျင့် ဉ် တစ်လျှောက်လုံး သင်ပြပေးခဲ့ရသောကြောင့် ဘယ်နေရာမှာ ာလုပ်ရမယ်ဆိုတာ သိနေသည်။ သို့ရာတွင် ဒါမျိုး စင်ပေါ် က်ကဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးသောကြောင့် ရှက်ရွံ့နေမိ

ပရိသတ်ကတော့ အမြဲတမ်း တည်တည်တံ့တံ့ နေလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com

သော စိုးချစ်ကိုယ်တိုင် လူပြက်ကလေး မောင်ရွှေရိုး လုပ်ပြီး တက်ကနေတာ မြင်သဖြင့် ထူးဆန်းနေပြီး ပို၍စိတ်ဝင်စားကြသည်။

မေရီအောင်ကတော့ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုး အစားတျ၊ နဂိုကလည်း ပြင်တတ်ဆင်တတ်သူ ဆိုတော့ တကယ့် အငြိမ့်မင်းသမီးလေး တစ်ယောက်လို လှပနေ၏၊ ကရာမှာလည်း သူတတ်သလောက် မှတ်သလောက်ကိုပင် ညက်ညောအောင် က နိုင်သည်။ ဟန်အမူအရာကျတော့ကော။ ခြေဆောင့်ပုံ၊ မျက်စပစ်ပုံ မေးထိုးပုံတို့မှာ အတော်ပင် ချစ်စရာကောင်းနေ၏။

စိုးချစ်သည် မေရီအောင် ဦးဆောင်ရာကို လိုက်ပြီး သရုပ် ဆောင်နေရင်းက တစ်ချက်တစ်ချက်မှာ သူ့ကိုယ်သူ တကယ့် လူပြက်ကလေး မောင်ရွှေရိုး ဖြစ်နေပြီဟု ထင်မိ၏။ ယို့အတူ. . .

စင်ထောင့် ကားလိပ်ကြားက ချောင်းကြည့်နေသော ခင် မေတင့်သည်လည်း "ငါသာ မေရီအောင်လောက် လှရင်၊ သူ့လို က တတ်ရင် ဘယ်လောက် ကောင်းမလဲ" ဟု အားကျစိတ် ဖြစ်နေ မိလေ၏။

. . . ၅၈၈၈ . . .



စိုးချစ် စာသင်နေတာကို သူငယ်ချင်းတွေက စောင့်နေ ကြသည်။ ကျော်ဇင်ဦးနှင့် မင်းသီဟတို့က အိမ်ရှေ့ဝရန်တာမှာ ရှေးကြမ်း သောက်ရင်း ထိုင်စကားပြောနေကြသည်။ ဝိုင်းဝိုင်း င့် နန်းမွှေးတို့ကတော့ ဈေးကို ဝင်ပြီး ဟင်းချက်စရာတွေ ဝယ် နေကြသည်။ ဒီညနေ စိုးချစ်အိမ်မှာ ဆုံပြီး စားကြသောက်ကြဖို့ စဉ်ထားခြင်း ဖြစ်၏။

စိုးချစ်က ဆယ်တန်းကျောင်းသားတွေကို မြန်မာစာ ပြ ပေးနေသည်။ ဒီနေ့ စာစီစာကုံးအကြောင်း သင်ပေးသည်။ သူ သင်တာ အလွန်ကောင်းသည်။ စာစီစာကုံး ခေါင်းစဉ်တစ်ခုကို ခါန်း စာကိုယ် နိဂုံး အဆင့်ဆင့် ရှင်းလင်းပြောပြသွားတာ စာ ပ ဟောပြောပွဲတစ်ခု နားထောင်နေရသလိုပင် ဖြစ်၏။ ကျောင်း သားလေးများမှာ အလွန်စိတ်ဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စာသင်ပြီးလို့ ကျောင်းသားတွေ ပြန်သွားတော့မှ စိုးချစ်လည်း ဝရန်တာဘက် ထွက်လာပြီး ဝင်ထိုင်သည်။ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ရင်း ဆေးပေါ့လိပ် ဖွာသည်။

ကျော်ဇင်ဦးက...

"မင်း စာသင်တာ တော်တော် ကောင်းတာပဲကွ၊ မင်းသာ ကျူရှင်ဆရာ လုပ်ရင် ဆရာဦးအောင်ပြည့်တို့၊ ဆရာဦးမျိုးအောင်တို့ကို ကောင်းကောင်း ယှဉ်နိုင်တယ်ကွ"

"အေးကွ...ဟုတ်တယ်၊ မင်း ကျူရှင်ဖွင့်ပါလား၊ မင်း အိမ်ရှေ့မှာ ကျောင်းခန်းဆောက်ဖို့ နေရာရှိတာပဲ"

ဟု မင်းသီဟကလည်း ထောက်ခံ ပြောဆိုသည်။ စိုးချစ်က...

"မဖြစ်ပါဘူးကွာ၊ ငါက အချိန်မှန်မှန် တာဝန်ယူရတဲ့ အလုပ်မျိုး မလုပ်ချင်ဘူး၊ စိတ်ပါတဲ့အခါကျမှ သင်ချင်တာ၊ အခု စာမေးပွဲနီးလို့ ရပ်ကွက်ထဲက ကလေးတွေ ခေါ်သင်ပေးနေတာကွ"

"မြန်မာစာ တစ်ခုတည်းပဲလား"

"အင်္ဂလိပ်စာလဲ နည်းနည်းပါးပါး သင်ပေးပါတယ်"

ဝိုင်းဝိုင်းတို့ ဈေးဝယ်ပြီး ပြန်လာကြသည်။ သူတို့နှစ်ယောက် အိမ်ဝင်းထဲ မဝင်ခင် လမ်းပေါ်မှာကတည်းက အော်ကျယ် အော်ကျယ် ပြောလာကြတာကို ဝရန်တာပေါ်မှ ကြားနေရ၏။

အပေါ်ထပ်ကို တက်လာကြပြီးနောက် ဝယ်ခြမ်းလာသော ပစ္စည်းတွေ ခဏချပြီး ဝရန်တာ စကားဝိုင်းဆီ ရောက်လာပြီး...

"ဈေးတွေက တက်လိုက်တာ၊ ဒါပေမယ့် ငါတို့ဘက်က ဈေးတွေထက် စာရင်တော့ တော်သေးတယ် ပြောရမယ်"

ဟု နန်းမွေးက ပြောသည်။ ဝိုင်းဝိုင်းက...





"အသီးအရွက်တွေ စုံစုံလင်လင် လတ်လတ်ဆတ်ဆတ် ...ာတော့ သိပ်အဆင်ပြေတာပဲ"

"ဘာပဲဖြစ်ဖြစ် ဟိုအရင်က ဈေးသည်ဟောင်းကြီးတွေကို ...တွေ့ရတာပဲ ဝမ်းသာဖို့ ကောင်းနေပြီ"

"ဘယ်သူတွေ ပြန်တွေ့ခဲ့လို့လဲ"

ဟု မင်းသီဟက မေးသဖြင့် နန်းမွေးက...

"ဘယဆေးဆိုင်က ဦးမရမ်းသီးလေ၊ ခုထိ ရှိသေးတယ်၊ ...နှံဆို အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါး ရှိရောပေါ့၊ အံမယ် ...းတွေဝါးတွေကြားထဲ နေလို့လား မသိဘူး၊ ကျန်းကျန်းမာမာ ...ပဲ"

ဝိုင်းဝိုင်းကလည်း...

"အလှကုန်ဆိုင်က ဦးယူနွတ်ကြီးကတော့ ဆုံးသွားရှာပြီတဲ့၊ ...့ သူ့သားက ဆက်ဖွင့်နေတယ်၊ ငယ်ငယ်တုန်းက နှုတ်ခမ်းနီ ...ယ်ခ်င် နမူနာဆိုပြီး ဆိုးကြည့်လို့ ငါတို့နဲ့ ရန်ဖြစ်တဲ့ကောင်လေ၊ ...က မှတ်မိတယ် သိလား၊ နှုတ်ခမ်းနီ မဝယ်တော့ဘူးလားလို့ ...ာင် နောက်လိုက်သေးတယ်"

"အေး...ဘဲဥသည် ဒေါ်ပွင့်ကြီးလဲ တွေ့ခဲ့တယ်"

"ဟို...ဟိုဒင်း မုန့်ဟင်းခါး ရောင်းတဲ့ မိမိုးကော တွေ့ခဲ့ ...း"

ကျော်ဇင်ဦးက မေးသဖြင့် ဝိုင်းဝိုင်းက...

"တွေ့ပါတယ်တော် နင့်အဆက်ဟောင်းကို၊ ခန္ဓာကိုယ်က ...ပိုင်းလောက် ဖြစ်နေပြီ၊ ကလေးကလဲ ငါးယောက်ဆိုလား၊ ...ာင်းခါး တစ်ပွဲစီတောင် ဝယ်စားခဲ့သေးတယ်၊ နင့်ကိုလဲ နေ ...ာင်းရဲ့လားလို့ သတိတရ မေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲဆက်ဟောင်း မဟုတ်ပါဘူးဟာ၊ မုန့်ဟင်းခါး ကောင်းလို့ သွားသွားစားတာပါ။ တစ်ခုတော့ ရှိတယ်ဟ၊ ငါ သွားစားတဲ့အခါ တစ်ခါပြင်ရင် နှစ်ပွဲစာလောက် ထည့်ထည့်ပေးတယ်၊ ကြက်သွန်ဥတွေလဲ နှစ်လုံးသုံးလုံး ရှာထည့်ပေးတတ်တယ်၊ ဟင်းရည်လဲ ထပ်တောင်းလို့ရတယ်၊ ဟဲ. . . ဟဲ"

"ကဲကဲ. . နင်တို့ ချက်စရာရှိတာ သွားချက်ကြတော့၊ ငါတို့လဲ လုပ်ငန်းစတော့မယ်၊ ငါတို့ မြည်းဖို့ ငါးရံ့ခြောက်ဖုတ်နဲ့ အာလူးအချောင်းကြော် အရင်လုပ်ပေးဟာ၊ ငါမှာလိုက်တဲ့ မြေပဲလှော်ပါတယ် မဟုတ်လား၊ အဲဒါ အရင်ပေး"

ဟု မင်းသီဟက ပြောသည်။ ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့ မီးဖိုဘက် ဝင်သွားသည်။ နန်းမွှေးက မြေပဲလှော်ပန်းကန် ယူပြီး ပြန်ထွက်လာသည်။ စားပွဲပေါ် ချပေးရင်း. . .

"နင့်မီးဖိုကလဲဟာ၊ ဘာမှလဲ ပြည့်ပြည့်စုံစုံ မရှိဘူး၊ ဓားကလည်း တစ်ချောင်းတည်း၊ ဒယ်အိုးကလဲ လက်ကိုင်တစ်ဖက် မရှိဘူး၊ ဒန်အိုးက နှစ်လုံးတည်း"

"ဟ. . . ငါက တစ်ယောက်တည်း နေတာ၊ အောက်ထပ်က ပို့တဲ့ ထမင်းချိုင့်နဲ့ စားတာ၊ ဆီပုလင်းတောင် ဟိုတစ်ရက် အစ်မ လာတုန်းက ယူလာတာ၊ ကြက်ဥလေးဘာလေး ကြော်စားလို့ ရအောင်တဲ့၊ ဩော်. . . အခုမှ သတိရတယ်၊ အစ်မ ယူလာတဲ့ အမဲသားကို ငရုတ်သီးစပ်စပ်နဲ့ ကြော်ထားတာ ရှိတယ်၊ အဲဒါနဲ့ မြည်းကြမလား"

"နေပါစေကွာ၊ ဟင်းတွေလဲ ထပ်ချက်ဦးမှာပဲ၊ နောက်ရက်တွေ မင်းစားဖို့ ထားလိုက်ပါ"

ထိုစဉ်မှာ မီးဖိုခန်းထဲမှ ဝိုင်းဝိုင်းက လှမ်းအော်ခေါ်သည်။





"စိုးချစ်. . . နင့်ဟော့ပလိပ်က ဖွင့်လို့လဲ မရပါလား၊ လာ ပ်ပေးဦး"

"ခလုတ်က အဲဒီလိုပဲ ကြောင်တတ်တယ်ကွ"

ဟု ပြောပြီး စိုးချစ် မီးဖိုထဲ ဝင်သွားသည်။ ဟော့ပလိပ် ုတ်ကို နှစ်ချက်သုံးချက် ဖွင့်လိုက်ပိတ်လိုက် လုပ်တော့မှ အဆင် ွားသည်။ ဝိုင်းဝိုင်းက. . .

"စိုးချစ်ရယ် နင့်အဖြစ်ကို ကြည့်ရတာ စိတ်မသက်သာ က်တာ၊ ဖြစ်သလိုနေ ဖြစ်သလိုစားနဲ့"

"အေးဟာ. . . ဒီကောင့်ကို ဒီလိုထားလို့ မဖြစ်ဘူး၊ မိန်းမ ်ယောက်တော့ ရှာပြီး ပေးစားမှနဲ့ တူတယ်"

နန်းမွှေးက ဝင်ပြောရာ စိုးချစ်က. . .

"တော်ပါတော့ဟာ၊ ငါဘာသာ တစ်ယောက်တည်း နား း ပါးအေး နေပါရစေ၊ နင်တို့ကို မြင်ရုံနဲ့တင် မိန်းမယူရမှာ ်နေပါပြီ"

"အံမယ် ဟိုတစ်ယောက်ကို မရခဲ့လို့ မဟုတ်လား၊ ဟိုတုန်း သာ အဆင်ပြေခဲ့ရင် နင်လဲ ခုချိန်မှာ ကျော်ဇင်ဦးတို့လို အချိုး ဖြစ်နေမှာပါ၊ ဒါနဲ့ နင် သိပြီးပြီလား. . . ဟို"

ဝိုင်းဝိုင်း၏ စကားမဆုံးခင်. . .

"ဟေ့ကောင်. . . ပြီးရင် လာတော့လေကွာ၊ ဒီမှာ ငါတို့ ်ခွက်တောင် ကုန်တော့မယ်"

ကျော်ဇင်ဦးက လှမ်းခေါ်သဖြင့် စိုးချစ် အိမ်ရှေ့ခန်း ်ထွက်သွားသည်။ ဝရန်တာမှာတော့ ဝိုင်းက စနေပြီ။

"မင်းက ဘီအီးပဲ ကြိုက်တယ်ဆိုလို့ မင်းသောက်ရတာ ဆင်ပြေအောင် ဖော်ဒကာ ဝယ်ခဲ့တာကွ၊ သူက ဘီအီးနဲ့ အနံ့


www.burmeseclassic.com

 www.burmeseclassic.com

အရသာ ဆင်တယ်လေကွာ”

စိုးချစ်က သူ့အတွက် ငှဲ့ထားသော ဖန်ခွက်ကို ယူပြီး တစ်ငုံ ငုံသည်။

“ဘယ်လိုလဲ. . . ဖြစ်တယ် မဟုတ်လား”

စိုးချစ်က ခေါင်းညိတ်ပြသည်။

စိုးချစ် သောက်ပုံမှာ အရက်ကို တစ်ငုံချင်း အရသာခံပြီး တစိမ့်စိမ့် သောက်ခြင်းဖြစ်၏။ တစ်ကျိုက်သောက်ပြီးတိုင်း အ မြည်း တစ်ဖတ် ယူ၍ မြုံ့နေတတ်သည်။ ဒီလိုလူမျိုးသည် အရက် ကို လွန်လွန်ကျွံကျွံ သောက်လေ့မရှိ။ အမူးလွန်ပြီး ပြဿနာရှာတာ မျိုး၊ ရှုပ်ပျက်ဆင်းပျက် ဖြစ်တာမျိုး မရှိ။ ထို့အတူ အရက်ဖြစ်ဖို့ လည်း ဘယ်တော့မှ စိတ်ကူးလေ့မရှိ။

မင်းသီဟနှင့် ကျော်ဇင်ဦးတို့ကလည်း အပျော်သောက်သူ များ ဖြစ်သဖြင့် သူတို့သုံးယောက်အတွက် ဗော်ဒကာ တစ်ပုလင်း မှာ အနေတော်ပင် ဖြစ်၏။ အမြည်းကလည်း ငါးရံ့ခြောက်ဖုတ် နှင့် အာလူးချောင်းကြော်အပြင် ဝိုင်းဝိုင်းတို့က သရက်သီး ပိုးတီ ချဉ်ကိုပါ ကြက်သွန်နှင့် သုပ်ပေးသဖြင့် အတော် အစပ်အဟပ် တည့်သွားသည်။

“တစ်ခါတစ်လေ ခုလို သူငယ်ချင်းတွေ ပြန်ဆုံပြီး စားရ သောက်ရတာ တယ်ဖိမ်ရှိတာပဲကွာ၊ အလုပ်ထဲမှာဆိုရင် အမြဲတမ်း စိတ်ဖိစီးမှု တစ်ခုမဟုတ် တစ်ခုတော့ ရှိတာပဲ”

ဟု မင်းသီဟက ပြောသည်။ ကျော်ဇင်ဦးက. . .

“မင်းကော မပျော်ဘူးလားကွ. . . စိုးချစ်”

ဟု မေးသဖြင့်. . .

“ပျော်တာပေါ့ကွ၊ ငါ့မှာက တခြားအချိန်ဆိုရင် တစ်





ာက်တည်း အထီးကျန် ဆန်နေတာ”

“အဲဒီလို အထီးကျန် မဖြစ်ရအောင် ဒီကောင့်ကို မိန်းမ ယောက်လောက် ရှာပြီး ပေးစားရရင် ကောင်းမယ်ကွ”

ကျော်ဇင်ဦးက အစထောင်သည်။ မင်းသီဟက. . .

“မင်းကောင်ကိုလဲ မေးကြည့်ပါဦး၊ ငါတို့ ပေးစားတော့ က ယူမှာလားလို့၊ ခုချိန်မှာ ဂျူနီဖာလိုပက်စ်နဲ့ ပေးစားမယ်ဆိုရင် ကောင် ခါးခါးသီးသီး ငြင်းမယ့်ကောင်၊ မင်းကောင်က မရနိုင် တာကိုမှ လိုချင်နေတာ၊ တော်တော် အစွဲအလမ်း ကြီးတဲ့ ကောင်”

စိုးချစ်က ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။ ပြုံးပုံက ဟန်ဆောင်ပြုံး။ ကျော်ဇင်ဦးက အကဲခတ်နေပြီးမှ. . .

“ဘာလဲ ဟေ့ကောင်၊ သတိရနေပြီ မဟုတ်လား”

“မင်းတို့တောင်မှ မုန့်ဟင်းခါးသည် မိမိုးတို့ ဦးမရမ်းသီးတို့ သတိရသေးတာပဲ၊ လူတွေဟာ ငယ်ငယ်က ဖြစ်ခဲ့တဲ့ ဘာမ တ်တဲ့ ကိစ္စကလေးတွေကိုတောင် မှတ်မိနေတတ်ကြတယ်လေ၊ သတိရနေတယ်ဆိုတာ ဝန်ခံပါတယ်ကွ၊ မင်းတို့ သတိပေးမှ တ်ပါဘူး၊ ငါ့ဘာသာငါလဲ သတိရချင် ရနေတာပါပဲ၊ ကဲ. . . ပြီး ပြင်ဆင်လို့ မရတာတွေ ပြောမနေပါနဲ့တော့ကွာ၊ တခြားအ ကြောင်း ပြောစမ်းပါ”

ပြောပြီး ဖန်ခွက်ကို ယူမော့လိုက်သည်။ ဒီတစ်ခါတော့ သောက်နေကျပုံစံမျိုး တစ်ငုံချင်း မဟုတ်။ ဖန်ခွက်တစ်ဝက် ာက်ကို တစ်ခါတည်း တစ်ရှိန်ထိုး မော့ချလိုက်ခြင်း ဖြစ်၏။ းသီဟက ဒါကို သတိပြုမိပြီး ကျော်ဇင်ဦးကို လက်ကုတ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com


ကျော်ဇင်ဦးက စကားလမ်းကြောင်း ပြောင်းပြီး သူ့လုပ်ငန်းထဲမှာ တွေ့ကြုံရသော ရယ်စရာများကို ပြောပြသည်။ မင်းသီဟတလည်း လိုတာထက် ပိုပြီး တဟားဟား ရယ်ပေးနေသည်။ စိုးချစ် တစ်ချက် ငိုင်သွားတာ မြင်သောကြောင့် စိတ်ပျော်ရွှင်အောင် ပြန်လုပ်ပေးကြခြင်း ဖြစ်၏။ စိုးချစ်လည်း ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ ထို့ကြောင့် ယမကာဝိုင်းက ပြန်သွက်လာသည်။

ဇော်ဒကာပုလင်းမှာ ပြောင်လုလု ဖြစ်သွား၏။ မင်းသီဟက 'ဟင်းတွေ ကျက်ပြီလား မသိဘူး၊ သွားကြည့်ဦးမယ်' ဆိုပြီး မီးဖိုခန်းဘက် ထွက်သွားသည်။ ကျော်ဇင်ဦးကလည်း အပေါ့သွားချင်သဖြင့် အိမ်အောက်ဆင်းပြီး အိမ်သာဘက် သွားသည်။ အပေါ် ပြန်တက်လာသောအခါ ဝရန်တာမှာ တစ်ယောက်တည်း ကြောင်တောင်တောင် ရပ်နေသော မင်းသီဟကို တွေ့လိုက်ရ၏။

"ဟိုကောင် စိုးချစ် မရှိတော့ဘူးကွ၊ ဘယ်ထွက်သွားလဲ မသိဘူး"

"မဝသေးလို့ သွားထပ်ဝယ်တာ ထင်တယ်"

"သွားဝယ်မယ်ဆိုရင်လဲ ငါတို့ကို ပြောသွားမှာပေါ့ကွ"

ပြောပြီး မင်းသီဟ တစ်ချက်တွေ၍ စဉ်းစားသည်။

"ဒီကောင် ဘယ်သွားတယ်ဆိုတာ ငါ ခန့်မှန်းလို့ရပြီ"

"အေး. . . ဟုတ်တယ်၊ ငါလဲ တွေးမိပြီ"

"ငါတို့ လိုက်သွားကြည့်ရအောင်"

ဝိုင်းဝိုင်းတို့ နန်းမွေးတို့ကို မှာခဲ့ပြီး ထွက်လာခဲ့ကြသည်။ ရပ်ကွက်ထဲက ဖြတ်ထွက်လာပြီးသောအခါ မြေနီလမ်းကလေးဆီ ရောက်လာ၏။ သူတို့ ငယ်ငယ်က ကျောင်းသွားကျောင်းပြန် ဖြတ်လျှောက်ခဲ့ရသော လမ်းကလေး။



"နှစ်တွေ ကြာပေမယ့် သိပ်အရမ်းကြီးတော့ မပြောင်းလဲ ...ဘူးကွနော်"

ဟု မင်းသီဟက ပြောသည်။

"အေးကွာ. . ဒီနေရာရောက်တော့ ငယ်ငယ်တုန်းက ဘဝ ... လွမ်းလိုက်တာ"

လမ်းတစ်လျှောက်မှာ အိမ်တစ်ချို့ တိုးလာတာကလွဲလို့ ...ပ်အပြောင်းအလဲ မရှိ။ သရက်ပင်တွေ၊ ချုံပုတ်တွေ၊ မြေကွက် ...ပ်တွေ၊ သူတို့ ငယ်ငယ်က ဘောလုံးကန်ခဲ့ကြသော ကွင်းကလေး ...ောင် ရှိသေးသည်။

ရေတွင်းပျက်ကြီးနှင့် ကံ့ကော်ပင်ကြီးကို လှမ်းမြင်နိုင် ...ာ နေရာသို့ ရောက်လာသည်။ ရေတွင်းပေါင်ပေါ်မှာ လူတစ် ...ာက် ထိုင်နေတာကို လရောင်အောက်မှာ လှမ်းမြင်ရသည်။

"ထင်တဲ့အတိုင်းပဲ"

ဟု မင်းသီဟက ရေရွတ်လိုက်သည်။

"ဒီကောင် ဒီမှာ လာထိုင်ပြီး ဆွေးနေတာကွ"

ကျော်ဇင်ဦးက လျှောက်နေရာမှ ရပ်လိုက်သည်။ မင်းသီ ...က အဓိပ္ပာယ်ပါပါ လှမ်းကြည့်သည်။ ကျော်ဇင်ဦးက. . .

"သူ့ဘာသာ လွတ်လွတ်လပ်လပ် နေပါစေကွာ၊ သွား ...နှောင့်ယှက်ပါနဲ့တော့၊ ငါတို့ အိမ်မှာပဲ ပြန်စောင့်နေရအောင်၊ ...ကောင် လွမ်းလို့ဝရင် ပြန်လာမှာပေါ့"

မင်းသီဟက ခေါင်းညိတ် သဘောတူလိုက်၏။

စိုးချစ်သည် ရေတွင်းဘောင်ပေါ် ထိုင်ပြီး ကံ့ကော်ပင်ကြီး ...မော့ကြည့်နေသည်။ ထွက်ခါစ လရောင်သည် ဖြာကျနေသည်။ ...မြင်ကွင်းကို မြင်ရတာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်လောက်


www.burmeseclassic.com

www.burmeseclassic.com

က ထွက်ခဲ့သော အချစ်ဝတ္ထုတစ်ပုဒ်၏ မျက်နှာဖုံးပုံနှင့် တူနေလေသည်။





ဖိုးချစ်သည် ကံ့ကော်ပင်ပေါ် မော့ကြည့်လိုက်သည်။ မ
က် ရောင်နီဖျို့လာချိန် ဖြစ်သော်လည်း အမှောင်ရိပ်က မပြယ်
။ အပင်ပေါ်ကို ထင်သာမြင်သာ မရှိ။

ကျောင်းကပွဲမှာ "လူပြက်ကလေး မောင်ရွှေနို" သီချင်း
ရုပ်ဖော်သည် အလွန်နာမည်ကြီးသွား၏။ လူကြိုက်လည်း များ
ည်။ ဖိုးချစ်ခမျာ အရေးပေါ် ဝင်သရုပ်ဆောင်လိုက်ရခြင်း ဖြစ်
ာ်လည်း ပီပီပြင်ပြင် ဖြစ်သွားခဲ့သည်။

ဗိုနောက်မှာတော့ ကျောင်းမှာ ဖြစ်တတ်တဲ့ ထုံးစံအတိုင်း
တို့ မောင်ရွှေနိုးဟု ခေါ်ကြတော့သည်၊ ပြီးတော့. . .

"ဟေ့. . . မောင်ရွှေနို. . . ချစ်စပယ်နဲ့ မင်္ဂလာ မဆောင်
းဘူးလား"

ဟု နောက်ကြပြောင်ကြသည်။ ဝိအတိုင်းဆိုလျှင် မေ


www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကိုလည်း "ချစ်စပယ်" ဟု ကင်ပွန်းတပ်ကြမှာ သေချာ သည်။ 'မောင်ရွှေရိုးနဲ့ မင်္ဂလာ မဆောင်သေးဘူးလား' ဟု အ မေးခံရသလားတော့ မပြောတတ်။

စိုးချစ်သည် မေရီအောင်နှင့် ဆုံမိတဲ့အခါ မျက်နှာပူပြီး ရှက်နေတတ်သည်။ မေရီအောင်ကတော့ သိပ်ထူးထူးခြားခြား မရှိ လှ။ ဟိုအရင်ကလိုပင် စိုးချစ်ကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆက်ဆံသည်။

တစ်ခုထူးခြားတာကတော့ စိုးချစ်သည် ဟိုအရင်က ခင် မေတင့်နှင့် အစခံရလျှင် စိတ်ဆိုးတတ်သည်။ အခု မေရီအောင်နှ အစခံရတဲ့အခါကျတော့ စိတ်မဆိုးမိ။ ရှက်မိတာ တစ်ခုပဲ။

ဘာကြောင့် ဒီလိုဖြစ်ရတာလဲဟု သူ့ကိုယ်သူ ပြန်မေး သည်။ ရက်ပေါင်းများစွာ ကြာအောင် ဆန်းစစ် အဖြေရှာခဲ့သည် နောက်ဆုံးတော့ အဖြေတစ်ခုကို ရသည်။ မေရီအောင့်ကို သူ စိတ်ဝင်စားမိပြီ။

သို့ရာတွင် ခုချိန်မှာ ဒါတွေကို ဦးစားမပေးသင့်သေး။ ဆယ်တန်းစာမေးပွဲအောင်ဖို့က အဓိက။ စာမေးပွဲ ဖြေပြီးမှ ဆက် စဉ်းစားမည်။ ခုလောလောဆယ်မှာတော့ သူ့ဘက်က သဘော ထားကို အရိပ်အယောင် ပြရုံလောက်ဆို တော်ပြီ။

ထို့ကြောင့်ပင် ဒီကံ့ကော်ပင်ကြီးအောက်ကို ရောက်ရှိ ခြင်း ဖြစ်၏။ ဒီအပင်ကြီးက တခြားအပင်တွေထက် စော ပွင့်တတ်သည်။ စောတဲ့ထဲမှ ဦးဦးဖျားဖျားဆို ပိုပြီးတန်ဖိုးရှိသည် ငယ်ငယ်တုန်းက ခင်မေတင့် ခူးခိုင်းလို့ ကံ့ကော်ဦးကို တစ် ခူးပေးခဲ့ဖူးသည်။

ကံ့ကော်ဦး ဆိုတာကလည်း များများစားစား မပွင့်တတ်





တစ်ခါတစ်လေ ထူးထူးခြားခြား တစ်ပွင့်တည်း ဖြစ်ချင်ဖြစ်တတ် သည်။ ပြီးတော့ အစအဦးမှာ တစ်ပွင့်နှစ်ပွင့်တည်း စွန့်စွန့်စားစား ပွင့်ရသောကြောင့်လား မသိ။ သစ်ရွက်တွေကြားမှာ ပုန်းလျှိုးကွယ် လျှိုး ပွင့်နေတတ်သည်။

မနေ့ညနေက ရှာကြည့်တော့ အပင်ရဲ့ အရှေ့ဘက်ခြမ်း အဖူးကလေးတွေ ဟိုကြားဒီကြား တွေ့ရသည်။ ဒီမနက်ဆိုလျှင် တော့ တချို့ ပွင့်နိုင်လောက်သည်။ ဒီလို ဦးဦးဖျားဖျား ရှားရှားပါး ကံ့ကော်ပန်းကို မေရီအောင်အား လက်ဆောင်ပေးနိုင်လျှင် သဘောထားကို ခန့်မှန်းနိုင်ပြီ။

ဒါကြောင့်လည်း သူများထက် ဦးအောင် မနက်ဝေလီဝေ ကတည်းက ထပြီး လာခဲ့ခြင်းဖြစ်သည်။ မှောင်ရိပ်သန်းနေ မှု မြင်သာထင်သာ မရှိသေး။ သို့ရာတွင် ကိစ္စမရှိ။ သူ့မှာ လက်နှိပ်ဓာတ်မီး ပါသည်။

ထိုစဉ် အပင်ပေါ်မှ လှုပ်ရှားသံ ကြားရသည်။ သစ်ရွက် ပွတ်တိုက်သောအသံ။ ရှဉ့်တစ်ကောင်ပဲ ဖြတ်ပြေးသလား။ ငှက်တွေပဲ အိပ်ရာက နိုးလို့ လှုပ်လှုပ်ရှရှ နေသလား။

အသံကြားရာကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ အပင်ပေါ်မှာ သူ့ထက်ဦးတဲ့ လူတစ်ယောက် နေသည်။

"အောက်က လက်နှိပ်ဓာတ်မီးနဲ့ ထိုးတာ ဘယ်ကောင်လဲ

အပေါ်က လှမ်းအော်သည်။ ပန်းရောင်းတဲ့ ကောင်လေး ယောက်လို့ ထင်နေတာ။ မဟုတ်။ အသံက သူရင်းနှီးပြီးသား



www.burmeseclassic.com

www.burmeseclassic.com



အသံ၊ ထို့ကြောင့် မျက်နှာကို မြင်သာအောင် ရွှေ့ပြီး မီးထိုးကြည့်
တော့. . .

"ဟာ. . . ဟော့ကောင် မြင့်ကြည်"

"စိုးချစ်လား၊ မင်း ဘာလာလုပ်တာလဲ"

"မင်းကကော"

"ကံ့ကော်ပန်း လာခူးတာလေ၊ မမြင်ဘူးလား၊ မင်းကော

"ငါလဲ ပန်းလာခူးတာပဲ"

"အမယ်. . . အကြံတူနေပါလား၊ တက်ခဲ့လေကွာ၊ ဒါ
မဟုတ် မင်းအတွက်ပါ ခူးပေးရမလား"

"နေပါစေ. . . ငါ့ဘာသာ ခူးမယ်"

စိုးချစ်က လက်နှိပ်ဓာတ်မီးကို ခါးမှာ ထိုးလိုက်ပြီး အပ
ပေါ် တက်သည်၊ မြင့်ကြည်နှင့် ယှဉ်လျက်ရှိသော အကိုင်းပေါ်
ရောက်တော့. . .

"အပွင့်တွေ တွေ့လား"

ဟု မေးသည်၊ မြင့်ကြည်က. . .

"မတွေ့သေးဘူးကွ၊ မှောင်နေတော့ စမ်းတဝါးဝါးနဲ့ အ
တော်ပဲကွာ၊ မင်းမှာ လက်နှိပ်ဓာတ်မီး ပါတာနဲ့၊ မင်း မီးထိုးပေ
ကွာ၊ ငါခူးမယ်"

"အံမယ်. . တကယ်လို့ တစ်ပွင့်တည်းရှိရင် မင်းက ခူး
ယူသွားမှာပေါ့"

"တစ်ပွင့်တည်း ရှိရင် မင်းကို ပေးမယ်ကွာ၊ ဟုတ်ပြီလား

စိုးချစ်က ခေါင်းညိတ်ပြီး လက်နှိပ်ဓာတ်မီးနှင့် ဟိုဒီထိုး
ရှာသည်၊ ကံအားလျော်စွာ နှစ်ပွင့် အတိအကျ ရသည်၊

ကံ့ကော်ပင်ပေါ်က ဆင်းလာကြပြီးနောက် မြင့်ကြည်





"ကဲ. . . တရားမျှတအောင် ငါလုပ်ပေးမယ်၊ မင်း ဟို
က်လှည့်"

"ဘာ. . . ဘာလုပ်ဖို့ လှည့်ရမှာလဲ"

"ဩော်. . . ဘယ်သူက ဘယ်အပွင့် ယူရမလဲဆိုတာ ရွေး
ယ်လေကွာ၊ ငါက လက်တစ်ဖက်စီမှာ ပန်းတစ်ပွင့်စီ ကိုင်ထား
ယ်၊ မင်းက ဟိုဘက်လှည့်ပြီး ဘယ်လား ညာလား ပြော"

စိုးချစ် တစ်ဖက်ကို လှည့်သည်၊ ထို့နောက် 'ဘယ်' ဟု
ာပြီး ပြန်လှည့်လိုက်သည်။

"မင်း ကံကောင်းတယ်ကွ၊ ဘယ်ဘက်က အပွင့်က ပိုကြီး
ယ်"

ဆိုပြီး စိုးချစ်ကို လှမ်းပေးသည်၊ စိုးချစ်က ပန်းပွင့်ကို
မ်းယူရင်း. . .

"ဒါနဲ့. . . နေပါဦး၊ မင်းက ဒီပန်းကို ဘယ်သူ့ပေးမလို့လဲ၊
တြာချေမလို့လား"

"ဟဲဟဲ. . . ယတြာချေဖို့ဆိုရင် ဒီလောက် အစောကြီး
ကွခံပြီး လာခူးပါ့မလားကွ"

"အေးကွာ. . . ဟုတ်သားပဲ"

"နေစမ်းပါဦး၊ မင်းကကော ဘာကြောင့် အစောကြီး
ခူးရတာလဲ၊ ယတြာချေဖို့တော့ မဟုတ်လောက်ပါဘူး. . .
ာ"

စိုးချစ်က ရယ်ကျဲကျဲ လုပ်နေလိုက်၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



စိုးချစ်သည် ထိုကိစ္စကို သူငယ်ချင်းတွေကို အသိမပေး
ဟိုကောင်တွေ သိသွားလျှင် ဝိုင်းဟားမှာ စိုးသည်။ ကံ့ကော်ပ
လေးတစ်ပွင့် ရဖို့များ အိပ်ရေးပျက်ခံပြီး တကူးတက သွားခ
တယ်လို့ကွာဟု လောင်ချင်လောင်ကြလိမ့်မည်။ နောက်တစ်ချက်
လည်း မေရီအောင်လို တစ်ကျောင်းလုံး၏ စကားတစ်ယောက်
ယှဉ်ကြည့်လျှင် သူ့ဘက်က အားနည်းနေတာလည်း တစ်ကြော
တကယ်လို့ သူပေးတဲ့ပန်းကို မေရီအောင်က မယူဘဲ ငြင်းခဲ့လျှ
ရှက်စရာကြီး ဖြစ်မှာ ကြောက်တာလည်း တစ်ကြောင်း။

မေရီအောင်က တနင်္ဂနွေ မနက်ဆိုလျှင် လမ်းလျှော
ထွက်လေ့ ရှိ၏။ ပြီးလျှင် ဈေးထဲ ဝင်ပြီး သူ့အတွက် လိုအပ်သေ
ပစ္စည်းကလေးတွေ ဝယ်တတ်သည်။ သူ အမြန်ကို စောင့်ပြီး ကံ့
ကော်ပန်း ပေးမည်ဟု စိတ်ကူးထားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပ
ဒီတနင်္ဂနွေ မနက်မှာမှ ကံ့ကော်ပန်းကလည်း စပွင့်သည်။ အ
ကောင်းတဲ့ အတိတ်နိမိတ်ပါပဲ။

ကံ့ကော်ပန်း ခူးပြီးနောက် အိမ်ကို ပြန်သည်။ အဝတ်အ
စား လဲသည်။ ကံ့ကော်ပန်းကို သန့်စင်အောင် ပြုလုပ်သည်။ 
ရွက် နှစ်ရွက်တည်း ချန်ထားသည်။ ပန်လို့ အနေတော် ဖြစ်အော
ဖြတ်သည်။ ထို့နောက် မေရီအောင်ကို စောင့်မည့်နေရာ ဖြစ်သေ
ရေတွင်းပျက်ကြီးဆီသို့ ထွက်လာခဲ့၏။

သူ အံ့သြသွားသည်။ ရေတွင်းဘောင်ပေါ်မှာ သူ့ထက်
အရင်ဦးအောင် ရောက်ပြီး ထိုင်နေသူတစ်ယောက် ရှိနေ၏။ တ
ခြားလူ မဟုတ်။ မနက်က ပန်းအတူ ခူးခဲ့သော မြင့်ကြည်ပ
ဖြစ်၏။ သူ့လက်ထဲမှာလည်း ကံ့ကော်ပန်းတစ်ပွင့်။

"ဟေ့ကောင်. . . မင်း ဘာလုပ်နေတာလဲ"





စိုးချစ်က မေးသည်။ မြင့်ကြည်ကလည်း စိုးချစ်လက်ထဲက
ကံ့ကော်ပန်းကို မြင်သွားပြီး. . .

"မင်းလိုပဲ လာစောင့်နေတာပေါ့ကွ"

စိုးချစ် စိုးရိမ်သွား၏။

"မင်းက ဘယ်သူ့ကို စောင့်တာလဲ"

"နောက်တော့ သိရမှာပေါ့ကွာ"

ဟု မြင့်ကြည်က ပြောရင်း ကံ့ကော်ပန်းကို အားပါးတရ
နမ်းရှုပ်လိုက်၏။ စိုးချစ်လည်း ရေတွင်းဘောင်ပေါ် တက်ထိုင်
သည်။ သူ့စိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေ၏။ မေရီအောင့်ကို
သူ ကံ့ကော်ပန်း ပေးတာကို မြင့်ကြည် သိသွားလျှင် လူတကာကို
လျှောက်ပြောတော့မည်။ ကျော်ဇင်ဦးတို့ မင်းသီဟတို့ပါ သိကုန်
တော့မည်။ လူမသိစေချင်လို့ လျှို့ဝှက်ပြီး ကြံစည်ခဲ့ကာမှ။

"မင်းကကော ဘယ်သူ့ကို ပန်းပေးမှာလဲ"

မြင့်ကြည်က မေးသည်။

"ဟိုဒင်း. . . သူငယ်ချင်းတစ်ယောက်ပါကွာ၊ သူက အဲ. .
သူက ကံ့ကော်ပန်း ကြိုက်တယ်ဆိုလို့"

ဟု ပြီးစလွယ် ဖြေသည်။ မြင့်ကြည်က ရယ်လိုက်ပြီး. . .

"ဟားဟား. . . သူငယ်ချင်းကို ပေးဖို့ ကံ့ကော်ပန်းကို
မနက်အစောကြီး ဒုက္ခခံပြီး ထခူးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊
ဒါကတော့ ရှင်းရှင်းပဲဟေ့၊ အချစ်ကလေးကို ပေးမလို့"

ထိုအခိုက်အတန့်တွင် စိုးချစ် တစ်စုံတစ်ခု တွေးမိပြီး
စိုးရိမ်စိတ် ဝင်လာသည်။

"ဟေ့ကောင် မြင့်ကြည်၊ မင်း ငါ့ကို မှန်မှန်ပြောကွာ၊
မင်းလက်ထဲက ကံ့ကော်ပန်းက ဘယ်သူ့ကို ပေးဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေနေစရာတောင် မလိုတော့ပါဘူးကွာ၊ လူကိုယ်တိုင်တောင် မြင်ရတော့မှာပဲဟာ၊ ဟိုမှာ လာနေပြီလေကွာ"

မြင့်ကြည်က မေးငေါ့ပြရင်း ပြောသည်။ သူ ညွှန်ရာသို့ ကြည့်လိုက်တော့ ဒီဘက်ကို လျှောက်လာနေတာ မေရီအောင်၊ သူတစ်ယောက်တည်း မဟုတ်။ ဘေးမှာ ပါလာသူက ခင်မေတင့်။

"ဟာ. . . ဟော့ကောင်၊ မင်း. . . မင်း. . . မင်း ဘယ်သူ့ကို ပန်းပေးမှာလဲ"

စိုးချစ် ချောက်ချောက်ချားချား မေးသည်။ မြင့်ကြည်က ပြန်မဖြေဘဲ ပြုံးစိစိသာ လုပ်နေ၏။ မေရီအောင်တို့က နီးလာပြီ။

"ဟော့ကောင် ပြောလေ၊ မြင့်ကြည် ပြောပါကွ၊ ဘယ်သူ့လဲ"

စိုးချစ် ထူပူပြီး ယောင်ကန်းကန်း ဖြစ်နေတုန်း မြင့်ကြည်က ရေတွင်းဘောင်ပေါ်မှ ခုန်ဆင်းပြီး မေရီအောင်တို့ဆီ လျှောက်သွားသည်။ သူတို့ကလည်း စိုးချစ်တို့ကို မြင်ပြီး ပြုံး၍ နှုတ်ဆက်သည်၊ ထိုအချိန်တွင် မြင့်ကြည်က အနားရောက်သွားပြီ။

"ဘာထိုင်လုပ်နေကြတာလဲ"

မေရီအောင်က မေးသည်။ မြင့်ကြည်က. . .

"မေရီ့ကို ကံ့ကော်ပန်း လက်ဆောင်ပေးမလို့ စောင့်နေတာ၊ ရော့"

ဆိုပြီး မေရီအောင့်ကို လှမ်းပေးသည်။ မေရီအောင်က ဘာမှ ထူးခြားဟန်မပြ။ သူ့အဖို့တော့ ဒါမျိုးက ရိုးနေပြီ။

'ဟုတ်လား၊ သင့်ခ်ယူ' ဆိုပြီး မြင့်ကြည် ကမ်းပေးသည့် ကံ့ကော်ပန်းကို လှမ်းယူသည်၊ ဒီအခါကျမှ စိုးချစ်လည်း ယောင် ချာချာ လုပ်ရင်း အနားကို ရောက်လာသည်၊ သူ့လက်ထဲက ကံ့





ကော်ပန်းကို မြင်တော့ ခင်မေတင့် ကြွေမဆယ်နိုင်။ ကံ့ကော်ပန်း လျှင် အရှုံးအမှုး ဖြစ်တတ်တဲ့ ထုံးစံအတိုင်း။

"ဟယ်. . . ကံ့ကော်ပန်း"

အခြေအနေက အတော် ရှုပ်ထွေးသွားသည်၊ ယောကျ်ား း နှစ်ယောက်က ကံ့ကော်ပန်းတစ်ပွင့်စီ ကိုင်ပြီး စောင့်နေ ည်။ မိန်းကလေးနှစ်ယောက် ရောက်လာသည်၊ ယောကျ်ားလေး စ်ယောက်က မိန်းကလေးတစ်ယောက်ကို ကံ့ကော်ပန်း ပေးလိုက် ည်၊ ထိုအခါ ယောကျ်ားလေးတစ်ယောက် မိန်းကလေး တစ် ယာက်နှင့် ကံ့ကော်ပန်းတစ်ပွင့် ကျန်သည်၊ ထိုမိန်းကလေးက ည်း ကံ့ကော်ပန်း ခရေဇီ။

"အဲဒီပန်းက ဘယ်သူ့ဖို့လဲဟင်"

ခင်မေတင့်က မျှော်လင့်တကြီး လေသံဖြင့် မေးသည်၊

"ဟို. . . ဟို. . ."

စိုးချစ် ယောင်နန ဖြစ်နေတုန်း မြင့်ကြည်က ဝင်၍. . .

"ဘယ်သူ့ဖို့ ရှိရမှာလဲ၊ နင့်ဖို့ပေါ့၊ ဟုတ်တယ် မဟုတ်လား ချစ်"

"ဟုတ်. . . အဲ. . . နင် ယူချင်ယူလိုက်လေ"

"ဟင်. . . တကယ်လား"

စိုးချစ်က ပန်းကို ပေးရမှာ နှမြောနေသည်၊ ထို့ကြောင့် အတိုင်းကြီး ကိုင်ထားမိ၏၊ ခင်မေတင့်က ရှေ့တိုးလာပြီး လက် က ပန်းကို ဖျတ်ခနဲ ယူလိုက်သည်၊ သူ့မျက်နှာပေါ်က အပြုံးက တော့ ပန်းတစ်ပွင့်ကို ယူလိုက်တာထက် ပိုပြီး အဓိပ္ပာယ် ကျယ် န်းနေ၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com

စိုးချစ်က ခင်မေတင့်ကို ကံ့ကော်ပန်း ပေးတဲ့ကိစ္စက နာရီမဆိုင်းဘဲ သတင်းပြန့်သွားသည်။ ခင်မေတင့်က အိမ်တောင် မပြန်နိုင်သေးဘဲ ဝိုင်းဝိုင်းဆီ ဝင်ပြီး ဝမ်းသာအားရ သတင်းပေးသွားတာကိုး။ ဝိုင်းဝိုင်းက တစ်ဆင့် နန်းမွေ့၊ ပြီးတော့ ကျော်ဇင်ဦးနှင့် မင်းသီဟပါ သိသွား၏။

"မင်းကွာ တော်တော် ပိရိတဲ့ကောင်၊ ငါတို့တောင် လုံးဝ မရိပ်မိဘူး"

ဟု ကျော်ဇင်ဦးက ပြောသည်။

"ဟာ. . . ဘာလဲကွ၊ ဘာတွေ ပြောနေတာလဲ"

စိုးချစ်က ပြန်မေးသည်။ မင်းသီဟက. . .

"ခင်မေတင့်ကို ကံ့ကော်ပန်း ပေးတဲ့ကိစ္စပေါ့ကွ၊ ဒါဟာ မင်းရင်ထဲက ပြောချင်နေတဲ့စကားကို သင်္ကေတနဲ့ ပြလိုက်တာပဲ မဟုတ်လား"

"မဟုတ်ရပါဘူးကွာ၊ ရိုးရိုးခင်လို့ ပေးတာပါ"

"မဖြစ်နိုင်ဘူး၊ သူငယ်ချင်းလို ခင်လို့ ပေးတာဆိုရင် ဒီလောက် အပင်ပန်းခံပြီး မနက်အစောကြီး ထခူးပေးမှာ မဟုတ်ဘူး"

"ငါ မနက်အစောကြီး ထခူးတာ မဟုတ်ပါဘူး၊ ဟို. . ."

"လာမဖိန့်နဲ့၊ မြင့်ကြည်က ပြောပြပြီးပြီ"

မြင့်ကြည် ဆိုတော့မှ သူပြောခဲ့သော စကားတစ်ခွန်းကို သတိရပြီး ထပ်ဖြီးဖို့ ကြိုးစားကြည့်သည်။

"ငါက ယတြာချေတာပါကွ၊ ဗေဒင်က ဟောထားလို့"

"လုပ်မနေနဲ့၊ ယတြာတွေဘာတွေ မင်း ဘယ်တုန်းက ယုံဖူးလို့လဲ၊ မယုံတဲ့အပြင် ဒါတွေဟာ သက်သက် အယူသီးမှုတွေပါ





...တောင် ရှုတ်ချခဲ့သေးတယ် မဟုတ်လား"

"မင်းတို့ ထင်နေသလို မဟုတ်ပါဘူး၊ ရိုးရိုးသားသားပါကွ"

"စိုးချစ်ရာ. . . မင်းက တော်တော် ရှက်တတ်တဲ့ကောင်ပဲ၊ ...ယာက်ခင်တဲ့ သူငယ်ချင်းတွေ၊ လျှို့နေစရာ မလိုပါဘူးကွာ၊ ...ယ်ဆိုရင် ငါတို့က ဝမ်းသာပြီးတော့တောင် အားပေးရဦးမှာ

ဘယ်လို အကြောင်းပြလို့မှ ရမှာမဟုတ်။ အမှန်အတိုင်း ...လို့လည်း မဖြစ်။ မေရီအောင်ကို ပေးဖို့ဟာ ဟိုကောင် မြင့် ...က ဦးသွားလို့ ခင်မေတင့်ကို ပေးလိုက်ရတာဟု ပြောလိုက် ... တစ်ရှက်က နှစ်ရှက် ဖြစ်တော့မည်။ မေရီအောင့်ကိစ္စကိုပါ ...င့်ချက်ပေးသလို ဖြစ်တော့မည်။

မြင့်ကြည်ကလည်း မေရီအောင့်ကို ကံ့ကော်ပန်း ပေးတာ ...သွားကြောင်း ကြွားရင်း စိုးချစ်ကလည်း ခင်မေတင့်ကို ပန်းပေး ...တယ် ဆိုတာမျိုး လျှောက်ပြောမှာ သေချာသည်။ ဒီကောင်က ... ဆိုင်ဆိုင်မဆိုင်ဆိုင် ကြွားတဲ့သတင်း မှန်သမျှ လူတကာကို ...က်ပြောတာမျိုး သိပ်ဝါသနာပါသည်။ ခုလောက်ဆိုလျှင် ဒီ ...ကို တန်းခွဲအားလုံးနီးပါးလောက် သိကုန်ကြတော့မည်။

ပိုဆိုးတာက ခင်မေတင့် ကိုယ်တိုင်ကြောင့်ပဲ ဖြစ်၏။ ...က စိုးချစ်သည် သူ့ကို တကယ်ပဲ စိတ်ဝင်စားနေသောကြောင့် ...က်ပြလိုက်ခြင်း ဖြစ်သည်ဟု ယူဆနေသည်။ ဒီလိုထင်မည် ...သည်း ထင်စရာပဲ။

စိုးချစ်သည် ငယ်ငယ်တုန်းက တစ်ခါ ကံ့ကော်ပန်း တက် ...ပေးခဲ့ဖူးသည်။ အပင်ပေါ်က ပြုတ်ကျပြီး မေးစေ့ ကွဲသွားလို့ ...တင် ခင်မေတင့် သတင်းသွားမေး၊ စာတွေကူးပေး လုပ်ခဲ့ရသေး

www.burmeseclassic.com

သည်။ အတန်းကြီးလာသောအခါ စိုးချစ်က သူ့အပေါ် သိပ်ရင်း ရင်းနှီးနှီး မဆက်ဆံဘဲ နေခဲ့လို့ စိတ်မကောင်း ဖြစ်ခဲ့ရသေးသည်။ လက်စသတ်တော့ စိုးချစ်ဘက်က မရိုးသားလို့ စိတ်မလုံမလဲ ဖြစ်ပြီး ရှောင်နေခဲ့တာကိုးဟု ခင်မေတင့်ဘက်က ယူဆသွားတာ သဘာဝ ကျသည်။

ဝိုင်းဝိုင်းတို့ နန်းမွှေးတို့ကလည်း ဒီအတိုင်းပဲ သုံးသပ်ကြသည်။ စိုးချစ်ဆိုတဲ့ကောင်က ဒီလိုကိစ္စမျိုးမှာ အရှက်အကြောက်ကြီးတတ်သည်။ တကယ်ကတော့ ခင်မေတင့်ကို စိတ်ထဲက ကြိတ်ပြီး စိတ်ဝင်စားနေသည်။ ခုတော့ မနေနိုင်လို့ သူ့သဘောထား ပွင့်အံထွက်လာတာ။ ပြီးတော့မှ ရှက်ပြီး အကြောက်အတန် ငြင်းနေတာဟု တွက်သည်။

ခင်မေတင့်ကတော့ လုံးဝကို ယုံကြည်ထားလိုက်ပြီး စာမေးပွဲ နီးနေလို့သာ ဒီလောက်ပဲ အရိပ်အမြွက် ပြထားတာ။ စာမေးပွဲပြီးမှ သူ ဖွင့်ပြောလိမ့်မည်။ ဘာပဲဖြစ်ဖြစ် စိုးချစ်တစ်ယောက် ဒီဘက် စိတ်ရောက်ပြီး ကျောင်းစာဘက်မှာ လစ်ဟင်းမှာလည်း စိုးရိမ်သည်။

ထို့ကြောင့် စိုးချစ်ကို...

"စိုးချစ် နင့်မှာ စာတွေ စုံရဲ့လား၊ ငါ ကူးပေးရဦးမလား"

ဟု မေးသည်။ စိုးချစ်က...

"စုံပါတယ်... မလိုပါဘူး"

ဟု တုံးတိတိကြီး ပြန်ဖြေသည်။

"ငါ့လက်ရေးက မလှလို့လား၊ သပ်သပ်ရပ်ရပ် ဖြစ်အောင် ကူးပေးမှာပါဟာ"

စိုးချစ်က ခေါင်းခါသည်။





ခင်မေတင့်သည် စာမေးစရာရှိလို့ ဆိုသော အကြောင်းပြချက်ဖြင့် စိုးချစ်တို့အိမ်ကို သွားသည်။ စိုးချစ်က 'ငါ ရှင်းမပြတတ်ဘူး' ဆိုပြီး ခါထုတ်သည်။ သို့ရာတွင် စိုးချစ်၏ အစ်မတော့ နှမတွေ ခင်မေတင့်ကို ခင်ကြသဖြင့်...

"စိုးချစ်... ဟိုက အားကိုးတကြီးနဲ့ လာတာကို နင်က ပစ်ပစ်ခါခါ လုပ်ရသလား၊ ပညာဆိုတာ ဖြန့်ဝေပေးမှ တန်ဖိုးရှိတာ" ဟု ဝိုင်းပြောသောကြောင့် အောင့်သက်သက်နှင့် ရှင်းပြရသည်။ ခင်မေတင့်ကတော့ ကျေနပ်နေသည်။ တစ်ခါတော့ အရဲစွန့် ပြောလိုက်၏။

"စိုးချစ်ရယ်... နောက်ကို ခုလို မှောင်မှောင်မည်းမည်း မှာ ကံ့ကော်ပန်း တက်မခူးပါနဲ့ဟာ၊ နင့်စေတနာကိုတော့ ငါ တန်ဖိုးထားပါတယ်၊ ဒါပေမယ့် ငယ်ငယ်တုန်းကလို သစ်ပင်ပေါ်က ပြုတ်ကျမှာ စိုးရိမ်လို့ပါ။ ကံ့ကော်ပန်းကို ငါ အရူးအမူး ကြိုက်တယ် ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် နင့်အတွက် အန္တရာယ်ရှိမယ်၊ နင် ပင်ပန်းမယ် ဆိုရင်တော့ ကံ့ကော်ပန်း မပန်ရလဲ နေပါစေ တော့"

ဟု စေတနာစကား ဆိုသည်။ စိုးချစ်ကလည်း သူ့အဓိပ္ပာယ်နှင့်သူ။

"အေးပါ... နောက်ကို မခူးတော့ပါဘူး"

ဟု ပြောသည်။ ဒါကို ခင်မေတင့်က 'စိုးချစ်က ငါ့စကား နားထောင်တယ်ဟ၊ သိလား' ဟု ဝိုင်းဝိုင်းတို့ကို ဂုဏ်ယူစွာ ပြောလသည်။

စိုးချစ်မှာတော့ နေမထိ ထိုင်မသာ ဖြစ်နေရ၏။ 'နင်ထင်သလို မဟုတ်ဘူး' ဟု ခင်မေတင့်ကို ပြောလို့လည်း မဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com

'ငါက သူငယ်ချင်းလို ရိုးရိုးခင်လို့ ပေးတာပါ' ပြောရအောင်က လည်း ယုတ္တိမရှိ။ ကံ့ကော်ဦးကို တကူးတက ခူးပေးတာဟာ သူငယ်ချင်းသဘောထက် ပိုကြောင်း ထင်ရှားနေသည်။ အမှန်အတိုင်း ပြောပြန်လျှင် မေရီအောင်ကိစ္စက ပါလာတော့မည်။

ပိုပြီးအထိနာတာက မေရီအောင်နှင့် ပတ်သက်လို့ပဲ ဖြစ်၏။ မေရီအောင် အမြင်မှာ စိုးချစ်သည် ခင်မေတင့်အပေါ် စိတ်ဝင်စားမှု ရှိနေပြီဟု ယူဆစရာ ဖြစ်သွားမှာ သေချာသည်။ ခုချိန်ကျတော့မှ. . .

"အမှန်က ကံ့ကော်ပန်းကို နင့်ကို ပေးမလို့၊ ဟိုကောင် မြင့်ကြည်က ဦးသွားလို့၊ ခင်မေတင့်ကို ပေးလိုက်ရတာ"

ဟု ပြောလိုက်လည်း မဖြစ်။ တစ်ယောက်ကို ပေးခွင့်မရတာနှင့်ပဲ နောက်တစ်ယောက်ကို အလွယ်တကူ လွှဲပေးလိုက်တဲ့ လူစားမျိုးဟု ထင်စရာ ဖြစ်သွားမည်။

နောက်တစ်ခုကတော့ မြင့်ကြည်ကိစ္စ။ မြင့်ကြည်သည် မေရီအောင်ကို ဆက်ကြိုးစားတော့မှာ သေချာသည်။ မိန်းကလေးတစ်ယောက်အပေါ် တစ္ဆားပြိုင်ဖက်တစ်ဦးနှင့် အတူယှဉ်လုရမှာမျိုးကို စိုးချစ် မလိုလား။ ပြီးတော့ မြင့်ကြည်သည် ဟောင်ဖွာဟောင်ဖွာ လုပ်တတ်တာကလွဲလျှင် စိတ်ရင်းကောင်းသူ ဖြစ်၏။ ထို့ကြောင့် မြင့်ကြည်ကိုပင် ဦးစားပေးလိုက်တော့မည်ဟု စိတ်ကူးသည်။ ခင်မေတင့်ကိစ္စကိုလည်း အေးအေးဆေးဆေးကျမှ အမှန်အတိုင်း ရှင်းပြတော့မည်။ လောလောဆယ် စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဦးစားပေးရမည်။

ဒီကြားထဲမှာ မြင့်ကြည်နှင့် မေရီအောင်တို့ သတင်းကို ကြားရသည်။ မြင့်ကြည်က တစ်ရက်မှာ မေရီအောင်ကို စကား





က်ပြောသည်။ သူ့ထုံးစံအတိုင်း လိုရင်းကို တော်တော်နှင့် မ ာဖြစ်။ ကံ့ကော်ပန်း တက်ခူးရတာ မလွယ်တဲ့အကြောင်း၊ ကံ့ က်ပင်မှာ အစောင့် ရှိတယ်လို့ သတင်းထွက်နေလို့ ကြောက် ကြက်လန့်လန့်နဲ့ ခူးရတဲ့အကြောင်း၊ စိုးချစ် ရောက်လာမှ အ က် ရှိပြီး စိတ်သက်သာရာရကြောင်း ပြောရင်းက. . .

"စိုးချစ်ကလဲ ခင်မေတင့်အတွက် ကံ့ကော်ပန်း လာခူး လေ၊ ကံ့ကော်ဦး ဆိုတာကလဲ ရဖို့မလွယ်ဘူး မဟုတ်လား၊ ကောင်းလို့ နှစ်ပွင့်ရှိနေတာနဲ့ အဝေတည့်သွားတာ၊ ကံ့ကော်ပန်း ရောင်းတဲ့ ကောင်လေးတွေ ရောက်မလာသေးတာလဲ ကံကောင်း အချက်တစ်ချက်ပဲ၊ ဒီကောင်လေးတွေက. . ."

ဆိုပြီး ကံ့ကော်ပန်း ခူးရောင်းတဲ့ ကောင်လေးတွေ အ ကြောင်း ဆက်ပြောပြန်သည်။ ဒီကမှ ဈေးထဲက ပန်းသည်တွေ ကြောင်း ရောက်သွားပြန်သည်။

မေရီအောင်သည် အတော်လေးတော့ သည်းခံပြီး နား ထောင်ပေးသေးသည်။ နောက်တော့ လက်ကိုင်ပုဝါလေးထုတ်၊ နှာ င်းကို မသိမသာ အုပ်ရင်း 'ဟုတ်လား၊ သြော်. . . အင်း' စ ည်ဖြင့် အလိုက်အထိုက် ပြန်ပြောသည်။ မြင့်ကြည်ကလည်း းထက်ပြီး ပန်းသည်တွေအကြောင်းကနေ အမဲသားသည် အ ကြောင်း ဆက်ဖို့ စကားလမ်းပြောင်းသည်။ ဒီအခါမှာတော့ မေရီ အောင် ဆက်လက် သည်းမခံနိုင်တော့ဘဲ. . .

"မြင့်ကြည်ရယ် ပြောစရာရှိရင်လဲ နောက်နေ့မှ ထပ်ပြော ား၊ ခုလောလောဆယ်တော့ အိမ်ပြန်ပြီး ခြေထောက်ဆေးလိုက် ကောင်းမယ်ထင်တယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"နင် ခွေးချေး နင်းမိလာတယ် ထင်တယ်၊ သိပ်နံ့တာပဲ"

"အယ်. . ."

မြင့်ကြည် သူ့ခြေထောက်ကို ငုံ့ကြည့်၏။ မေရီအောင် ပြောတာ မှန်သည်။ ဘယ်ဘက်ဖိနပ်အောက်မှာ ခွေးချေးတွေ အချပ်လိုက် ကပ်နေသည်။ ဖနောင့်မှာတောင် လာပေနေသေး သည်။

"အဲဒါပါပဲကွာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ ငါလဲ ဆက်လိုက်လို့ ဘယ်ရတော့မလဲ၊ နောက်တစ်ခါ ထပ်ပြီး စကားလိုက်ပြောဖို့လဲ ဘယ်ဖြစ်နိုင်တော့မလဲ၊ မေရီအောင်က ငါ့ကို တွေ့တာနဲ့ ပြုံးစိစိ ဖြစ်နေတာကွ၊ တော်ကြာ ဟားလွှတ်နေရင် ပြဿနာပဲ၊ တော်ပါပြီ ကွာ၊ လက်လျှော့လိုက်တာ ကောင်းပါတယ်"

ဟု မြင့်ကြည်က သူ့အဖြစ်ကို လာပြောပြသည်။ ပြီးတော့

"မင်းကတော့ ခင်မေတင့်နဲ့ အဆင်ပြေတယ် မဟုတ်ပဲ လား"

"မပြေပါဘူးကွာ"

စိုးချစ်က သူ့အဓိပ္ပာယ်နှင့်သူ ပြောသည်။ မြင့်ကြည်က

"ဟာ. . . မဖြစ်နိုင်တာကွာ၊ ဒီကတုံးမက မင်းကို တစ် ဖက်သတ် ဖြစ်နေတာ လူတိုင်း သိတာပဲဟာ"

ဟု ပြောသည်။

ဘာပဲဖြစ်ဖြစ် မြင့်ကြည်က မေရီအောင်နှင့် ပတ်သက်ပြီး ဆက်မကြိုးစားတော့ကြောင်း သိရသဖြင့် စိုးချစ်အတွက် အခွင့်အ လမ်း ပြန်ပေါ်လာပြီဟု ဆိုရမည်။

◈ ◈ ◈





စာမေးပွဲကို အားလုံး ကြိုးကြိုးစားစား ဖြေကြသည်။ ဖြေ [...]သည်ဟုလည်း ထင်ကြသည်။

"အောင်တာတော့အောင်မှာပဲ၊ အမှတ်တော့ သိပ်ကောင်း မဟုတ်ဘူး"

ဟု ကျော်ဇင်ဦးက ပြောသည်။ ကျန်တဲ့လူတွေကလည်း

"ငါတို့လဲ ဒီအတိုင်းပဲ"

ဟု ပြောကြသည်။ ခင်မေတင့်ကတော့. . .

"ငါက သင်္ချာကို သိပ်ကြောက်တာ၊ သင်္ချာဖြေရမယ့်နေ့က [...]ခွန်းစာရွက် ယူကြည့်တဲ့အချိန်မှာ လက်တွေတောင် တုန်တယ်၊ [...]ပမယ့် မေးခွန်းတွေက စိုးချစ် တွက်ပြဖူးတဲ့ ပုစ္ဆာတွေချည်း [...]နေလို့ ဖြေနိုင်သွားတာဟ၊ စိုးချစ်တတော့ ငါ့ရဲ့ ကယ်တင်ရှင် [...]ပဲ"

ဟု ဆိုသည်။ ဝိုင်းဝိုင်းက. . .

"အေး. . . နင်ကတော့ တစ်သက်လုံး စိုးချစ်ကိုပဲ အား [...]သွားရမှာပါပဲ"

ဟု ပြောတော့ စိုးချစ်က မျက်နှာထား တည်တည်ကြီးနှင့် [...]ဝိုင်းကို ကြည့်သည်။

"နင်ကကော ဘယ်သူ့ကို အားကိုးမှာလဲ"

ကျော်ဇင်ဦးက ဝင်မေးရာ ဝိုင်းဝိုင်းက. . .

"ဘယ်သူ့ အားကိုးရမှာလဲ၊ ကိုယ့်ကိုယ်ကိုပဲ အားကိုးမှာ [...]"

"ဪ. . . မသိပါဘူး၊ အားကိုးရာ မဲ့နေရင်တော့ ငါ့ကို [...]နော်၊ အားမနာနဲ့"

ဆိုသဖြင့် ဝိုင်းဝိုင်းက သူ့ကျောကို ထုသေးသည်။ မသိ



www.burmeseclassic.com

www.burmeseclassic.com



ဟာကတော့ နန်းမွှေးကို ကြည့်ပြီး 'ဟဲဟဲ. . . ဟဲဟဲ' ဟု ရယ်နေ၏

◈ ◈ ◈

စိုးချစ်သည် ရေတွင်းပေါင်ပေါ်မှာ ထိုင်နေသည်။ မေ
အောင် ပြန်အလာကို စောင့်နေခြင်းဖြစ်၏။ ရှပ်အကျႌအိတ်ထဲမှ
တော့ စာတစ်စောင် ရှိနေသည်။

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ပြီးသား ဖြစ်၏၊ ခ
မေတင့်ကို ပန်းလေးတစ်ပွင့် ပေးရုံနဲ့ သစ္စာစောင့်သိရမယ်ဆိုလျှ
သဘာဝမကျ။ တစ်ဖက်မှာလည်း မေရီအောင်နဲ့ ပတ်သက်
အခွင့်အရေး ပြန်ပေါ်လာသည်။ မေရီအောင်ကလည်း သူ့အပေ
လက်ခံနိုင်သော အခြေအနေ ရှိနေသည်ဟု ယူဆရသည်၊
ကြောင့် မေရီအောင်ကို စာတစ်စောင် ပေးမည်ဟု စဉ်းစားခဲ့ခြ
ဖြစ်၏။

ခင်မေတင့်ဖက်က မျှော်လင့်နေတာတော့ ရှိသည်။ နော
မှပဲ သူငယ်ချင်းတွေကတစ်ဆင့် အသိပေးလိုက်မည်ဟု စိတ်
သည်၊ ဒီလိုဖြစ်လာလျှင် ခင်မေတင့်တော့ တော်တော် စိတ်
ကောင်း ဖြစ်မှာပဲဟု တွေးမိသောအခါ နည်းနည်းတွေဝေသွား၏

ခင်မေတင့်ကို သူ မချစ်နိုင်တာတော့ မှန်သည်၊ သို့
တွင် ငယ်ငယ်ကတည်းက ခင်မင်လာခဲ့သော သံယောဇဉ်ကတေ
ရှိနေသေးသည်၊ လုံးဝ ဝစ်ပစ်ခါခါ ပြတ်ပြတ်တောက်တော
ပြောပစ် လုပ်ပစ်ဖို့တော့ နည်းနည်းခက်တာ အမှန်ပဲ ဖြစ်၏





တစ်ခု ရှိပြန်တာက ခင်မေတင့်ကို ငဲ့လိုက်လျှင် မေရီ
အောင်ကို လက်လွှတ်ရမည်။ ဒါမျိုးတော့ အဖြစ်မခံနိုင်။ ဘာပဲဖြစ်
ဖြစ် မေရီအောင် လာလျှင် စာကို ပေးဖြစ်အောင် ပေးဖို့တော့
ဆုံးဖြတ်ပြီးသား။

သို့ရာတွင် သူနှင့် မေရီအောင်တို့၏ ဖူးစာသည် အထစ်
အငေါ့ အခက်အခဲ ရှိနေဟန် တူသည်။ ထိုနေ့က မေရီအောင်
ရောက်မလာခဲ့။ တနင်္ဂနွေနေ့တိုင်း လမ်းလျှောက်ထွက်နေကျ။ ဈေး
ဝင်ပြီး ဒီလမ်းအတိုင်း ပြန်လာနေကျ။ ဒီနေ့ကျမှ ဘာဖြစ်လို့
လာသလဲ မသိ။ နေအတော်မြင့်သည်အထိ သူ စောင့်နေသည်။

လာမယ့်လာတော့ မေရီအောင် မဟုတ်။ ကျော်ဇင်ဦးနှင့်
မင်းသီဟတို့ ဖြစ်နေ၏။

"အမယ်. . . ကဗျာဆရာကြီးက ဒီမှာလာပြီး စိတ်ကူး
ယဉ်နေတာကိုး၊ ကဲ. . . လာ ဟော့ကောင် လိုက်ခဲ့"

မင်းသီဟက ခေါ်သည်။

"ဘယ်ကို လိုက်ရမှာလဲကွ"

"ငါတို့ ပိုက်ကျော်ခြင်း ခတ်ဖို့ ချိန်းထားတာကွ၊ အဲဒါ
လူလိုနေလို့"

"ဟင်. . . သန်းဦးက ဘာဖြစ်လို့လဲ၊ မနေ့က ပြောတော့
ကောင် ပါမယ်ဆို"

"အဲဒါ ပြောတာပေါ့ကွ၊ ဒီကောင့် ထုံးစံအတိုင်းပဲ၊ မနေ့တ
တော့ ဒီနေ့ပွဲမှာ ဘယ်လို ကစားလိုက်မယ် ဘာညာနဲ့ သူထွင်ထား
ဆာပင်ပေးနည်း ဆိုတာတောင် နမူနာ ခတ်ပြသွားသေးတယ်၊
မနက် သွားလဲ ခေါ်ရော ညက အလည်လွန်ပြီး ညဥ့်နက်မှ
ရောက်လို့ သူ့အဖေက ဒီမနက် ဘယ်မှ မထွက်ရဘူးတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



မိန့် ထုတ်ထားလို့တဲ့ကွာ၊ အဲဒါကြောင့် သန်းဦးအစား ဝင်ပါပေးဖို့ မင်းကို လိုက်ရှာတာ"

"ဟာ. . . ငါက သိပ်မှ မကျွမ်းကျင်တာ"

"လူမစုံလို့ အရှုံးပေးရတာထက်စာရင် တော်သေးတာပေါ့ ကွ၊ နောက်ပြီး မင်းက ခြင်းလုံး ထိန်းတာတော့ ကောင်းပါတယ်၊ လာပါကွာ. . . ဟော့ကောင်"

ကျော်ဇင်ဦးက အတင်းဆွဲခေါ်သဖြင့် ကန့်လန့်ကန့်လန့် ပါသွားသည်။ ခပ်လှမ်းလှမ်း အရောက်မှာ နောက်ပြန် လှည့်ကြည့် လိုက်တော့ ဒီဘက်ကို လျှောက်လာနေသော မေရီအောင်ကို လှမ်း တွေ့လိုက်ရလေသည်။

◈ ◈ ◈

ပိုက်ကျော်ခြင်းပွဲက မထင်မှတ်ဘဲ ပွဲကြီးပွဲကောင်း ဖြစ် သွား၏။ စိုးချစ်သည် သိပ်တော်လှတာ မဟုတ်သော်လည်း တစ် ဖက်က ရိုက်ချသော ခတ်ချက်တွေကို ဆယ်တင်ရာမှာတော့ အား ကိုးရသည်။

နှစ်ဖက် ခြေရည် ညီနေသောကြောင့် အကြိတ်အနယ် ကစားကြရသည်။ သုံးပွဲ ကစားရာ တစ်ပွဲတစ်ပွဲကို အတော်ကြာ အောင် ကစားကြရ၏၊ တစ်ပွဲစီ နိုင်ကြပြီး နောက်ဆုံးပွဲမှာ ရေကု ရေခန်း ကစားကြရသည်။ သူတို့ဘက်က ရှုံးလုလု ဖြစ်နေပြီးမှ စိုးချစ် ကယ်လိုက်သော ခြင်းတစ်လုံးကြောင့် သက်သာရာ ရသွား





နောက်ဆုံးမှာ တစ်မှတ်တည်းဖြင့် ကပ်ပြီး နိုင်လိုက်သည်။

ကျော်ဇင်ဦးတို့မှာ ပြီးခဲ့သော ချိန်းပွဲနှစ်ကြိမ် ဆက်တိုက်ရှုံး ပြီး ခုမှ နိုင်သဖြင့် ဝမ်းသာအားရ ဖြစ်နေကြသည်။ စိုးချစ်ကို ခေါက်ဆွဲကြော် ဝယ်ကျွေးသည်။ လက်ဖက်ရည် တိုက်သည်။

မနက်က ပင်ပန်းသွားသောကြောင့်လား မသိ၊ စိုးချစ် စောစောကြီး အိပ်ချင်လာသဖြင့် ညကိုးနာရီ မထိုးခင်မှာပင် အိပ်ရာ ဝင်ခဲ့သည်။

မှေးခနဲ အိပ်ပျော်သွားစဉ် အိပ်မက်မက်သည်။ အိပ်မက် ထဲမှာ သူက မေရီအောင်ကို စာပေးသည်။ မေရီအောင်က မယူ၊ ယ်ပဲ ရယ်နေသည်။ စိုးချစ် မလုံမလဲဖြစ်ပြီး ချွေးချေးတွေဘာတွေ င်းလာမိသလားဟု ငုံ့ကြည့်သည်။ ထိုအခိုက်မှာပင် နောက်မှာ ွယ်ပြီး ပုန်းနေသော ခင်မေတင့်က မေရီအောင်၏ ချိုင်းကြားမှ ့လက်ကို လျှိုထုတ်၍ စာကို ဆတ်ခနဲ ဆွဲယူပြီး ပြေးထွက်သွား သည်။

စိုးချစ် ဖြတ်ခနဲ လန့်နိုးလာသည်။ ခုမှ သတိရ၏။ မေရီ အောင်ကို ပေးမယ့်စာက ရှပ်အင်္ကျီအိတ်ထဲမှာ ဒီအတိုင်း ရှိနေ သေးသည်။ အစ်မတွေ နှမတွေက သူ့ အိပ်ရာက မနိုးခင် ဝတ် က်စ အင်္ကျီကို လာယူသွားပြီး လျှော်တတ်သည်။ စာကို သူတို့ တွေ့သွားလျှင် ရှုပ်ကုန်မည်။

ထို့ကြောင့် အိပ်ရာမှ လူးလဲထလိုက်၏။ ထိုင်ခုံကျောမှီမှာ တ်ထားသော အင်္ကျီအိတ်ထဲက ဆွဲထုတ်သည်။ ငါးကျပ်တန် စ်ရွက်၊ တစ်ကျပ်တန် နှစ်ရွက်သုံးရွက်၊ အကြွေစေ့ အနည်းငယ် သာ လက်ထဲမှာ ပါလာသည်။ စာအိတ်ကို မတွေ့ရတော့။

သူ စိုးရိမ်သွားသည်။ အစ်မတွေ နှမတွေများ နှိုက်သွားသလ



www.burmeseclassic.com

www.burmeseclassic.com

လား။ မဖြစ်နိုင်။ ဒီအင်္ကျီကို သူ အိပ်ခါနီးကျမှ ချွတ်လိုက်တာ။ ညကြီးမင်းကြီးတော့ အခန်းထဲ ဘယ်သူမှ ဝင်မှာမဟုတ်။

ဖြစ်နိုင်တာတွေ စဉ်းစားကြည့်သည်။ မနက်က ပိုက်ကျော်ခြင်း ခတ်နေစဉ် အင်္ကျီကို ချွတ်ပြီး တိုင်မှာ ချိတ်ထားသည်။ လေတိုက်ပြီး လွင့်ကျသွားလို့ ပြန်ကောက်ပြီး ချိတ်လိုက်ရတာ မှတ်မိသည်။ အဲဒီမှာပဲ ထွက်ကျသလား။

နာရီကို ကြည့်တော့ ညဆယ့်တစ်နာရီခွဲ။ လက်နှိပ်ဓာတ်မီး ယူပြီး ထွက်လာခဲ့သည်။ ပိုက်ကျော်ခြင်း ခတ်တဲ့ကွင်းထဲမှာ ဓာတ်မီးထိုးပြီး ရှာသည်။ မတွေ့။

"ဟေ့. . . ဘယ်သူလဲကွ၊ ဘာလုပ်နေတာလဲ"

ကွင်းစပ်နားရှိ အိမ်တစ်အိမ်မှ လူကြီးတစ်ယောက်က လှမ်းအော်မေးသည်။

"ကျွန်တော်ပါ ဦးလေး၊ စိုးချစ်ပါ"

"ဩော်. . . ညဥ့်နက်နေမှကွာ၊ ဘာလာရှာတာလဲ"

"ဟိုဗင်း. . . အဲ. . . ကျွန်တော် မနက်က ခြင်းခတ်ရင်း ပိုက်ဆံ ကျပျောက်သလားလို့"

"ဟ. . . မင်းတို့ပွဲ ပြီးတော့ ကလေးတွေ ဆက်ခတ်ကြသေးတာပဲ၊ ပိုက်ဆံကျပျောက်လဲ ဘယ်ပြန်တွေ့တော့မလဲကွ"

စိုးချစ် လက်လျှော့ပြီး အိမ်ပြန်လာခဲ့ရသ[illegible]။ အိမ်ရောက်မှ နောက်တစ်ချက် စဉ်းစားမိပြန်၏။ ပိုက်ကျေ[illegible] ခတ်ပြီးအပြန်မှာ ကျော်ဇင်ဦးတို့အိမ်မှာ ဝင်နားပြီး ရေချိုးကြသည်။ ရေချိုးကာနီးမှာ ရှပ်အင်္ကျီ ချွတ်ပြီး ကုလားထိုင် လက်တန်းပေါ် တင်ထားခဲ့သည်။ အဲဒီမှာ ထွက်ကျခဲ့လေသလား။

ဒါဆိုလျှင်တော့ ကျော်ဇင်ဦးတို့အိမ်က လူတွေ တွေ့သွား





[illegible]တော့မည်။ မတော်တဆ ဘာစာပါလိမ့်ဆိုပြီး ဖောက်ဖတ်ကြည့်[illegible] အခက်ပဲ။ လူကြီးတွေ တွေ့သွားလည်း မကောင်း။ ကျော်ဇင်[illegible] တွေ့သွားလို့လည်း မဖြစ်။

သူသည် စိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေသောကြောင့် [illegible]နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ ဖြစ်နေရ၏။ မနက်ခြောက်နာရီ[illegible]သာက် ထပြီး ထွက်လာခဲ့သည်။ လမ်းရောက်မှ စဉ်းစားမိ၏။

ဒီအချိန်မှာ ကျော်ဇင်ဦး အိပ်ရာက နိုးမှာ မဟုတ်သေး။ [illegible]ပြီးမေးလို့လည်း မဖြစ်။ စာက သူ့အိမ်မှာ ကျခဲ့တာ မဟုတ်ခဲ့[illegible] သက်သက် ကိုယ့်ဘာသာ ဖော်ကောင် လုပ်သလို ဖြစ်နေ[illegible]။ သူ့အိမ်မှာ ကျခဲ့တယ်ပဲ ထား။ ဒီလောက် အရေးတကြီး [illegible]မေးတဲ့အတွက် မသင်္ကာ ဖြစ်နိုင်၏။

ထို့ကြောင့် လက်ဖက်ရည်ဆိုင် ဝင်ထိုင်၍ နံပြားနှင့် လက်[illegible]က်ရည် စားသောက်ရင်း အချိန်ဖြုန်းနေလိုက်သည်။ တကယ်လို့ [illegible]ကို ကျော်ဇင်ဦးက ဖွင့်ဖတ်ကြည့်ပြီးပြီဆိုလျှင်တော့ အမှန်အ[illegible]း ဝန်ခံလိုက်ရုံသာ ရှိသည်။ ထိုအခါ သူတို့ကို စောစောက [illegible]ဟ မတိုင်ပင်ရကောင်းလားဟု အပြစ်တင်ချင်တင်မည်။ ဒါ[illegible]ဘာ့ မတတ်နိုင်။ သူ့အကျင့်ကိုက ဒါမျိုးကိစ္စမှာ ဘယ်သူ့ကိုမှ [illegible]ကြိုတင်အသိမပေးချင်။ သူ့စိတ်ကူး၊ သူ့ကိုယ်ပိုင် ဆုံးဖြတ်ချက်နှင့် [illegible] လုပ်ချင်သည်။

လက်ဖက်ရည် သောက်ရင်းက တစ်ခု သွားတွေးမိပြန်၏။ [illegible]ကယ်လို့ စာက ကျော်ဇင်ဦးအိမ်မှာ ကျခဲ့ပြီး ကျော်ဇင်ဦးက [illegible]ည်း ဖွင့်ဖတ်ပြီးပြီဆိုလျှင် ဒီကောင် မနေ့ကတည်းက အိမ်ကို [illegible]ပြောမှာ သေချာသည်။ စာကို မတွေ့ကြသေးလို့လား။ စာက [illegible]ကျီအိတ်ထဲက ထွက်ကျပြီး စားပွဲအောက်တွေဘာတွေ ရောက်


www.burmeseclassic.com

www.burmeseclassic.com



သွားလို့လား။

ကျော်ဇင်ဦး မနိုးခင် သွားပြီး ညှော်ခန်းထဲ ရှာကြည့်လျှင် ကောင်းမည်ဟု စိတ်ကူးရသည်။ သူတို့အမေက စောစောနိုးတတ်၊ တော့ အိမ်တံခါး ဖွင့်ပြီးနေလောက်ပြီ။

သူ လက်ဖက်ရည်ဆိုင်မှ ထပြီး ထွက်လာခဲ့သည်။ ကျော်ဇင်ဦးတို့ အိမ်ရှေ့အရောက်တွင် ခြင်းတောင်းလေး ဆွဲပြီး ဈေးသွား ဖို့ ထွက်လာသော ကျော်ဇင်ဦးတို့ အမေနှင့် ဆုံသည်။

"ဟဲ့... မောင်စိုးချစ် စောစောစီးစီးပါလား"

"ဟုတ်ကဲ့... ကျော်ဇင်ဦး နိုးပြီလား ဒေါ်ဒေါ်"

"မင်းသူငယ်ချင်းက ဘယ်တုန်းကများ ဒီအချိန် ထဖူးလို့လဲ၊ ကိစ္စရှိရင်တော့ ဝင်သာ နှိုးလိုက်တော့"

ဟု ပြောပြီး ထွက်သွားသည်။

စိုးချစ် အိမ်ထဲ ဝင်သည်။ ဘယ်သူမှ မနိုးကြသေး။

စိုးချစ်သည် ညှော်ခန်းထဲမှာ ဟိုဟိုဒီဒီ လိုက်ရှာသည်။ ဆက်တီခုံတွေအောက်၊ စားပွဲအောက် ငုံ့ကြည့်သည်။ မတွေ့။ ယို ကက်ဆက် တင်ထားသော စားပွဲပုကလေးအောက်ကို ငုံ့ကြည့်နေတုန်း..

"ဟေ့ကောင်... ဘာလုပ်နေတာလဲ"

ဆိုသော ကျော်ဇင်ဦး အသံကို ကြားလိုက်ရသဖြင့် လန့်သွား၏။ စိုးချစ်မှာ ကုန်းကုန်းကွကွကြီး ဖြစ်နေ၏။ သူက ရှက်ရယ် ရယ်ပြီးမှ ထရပ်လိုက်သည်။

"ဪဟာ... ကွာ၊ မနေ့က ဒီမှာ ဟိုဥစ္စာများ ကျနေခဲ့သလားလို့"

"ဘာလဲ... စာတစ်စောင်လား"





"ဟာ... ဟုတ်တယ်၊ မင်း တွေ့ထားလား"

"အေး... တွေ့တယ်"

စိုးချစ်က ကျော်ဇင်ဦးကို အတဲခတ်သည်။ သိပ်ထူးထူးခြားခြား မဟုတ်သော မျက်နှာထားကို တွေ့ရသည်။ စာကို ဖွင့်ဖတ်ရသေးဟန် မတူ။ ထို့ကြောင့်...

"အေးကွာ... အဲဒီစာက အရေးကြီးတယ်၊ ငါတို့အဖေရဲ့"

ဟု ဖြီးလိုက်သည်။ ကျော်ဇင်ဦး မျက်မှောင်ကုတ်လိုက်ပြီး

"ဟာ... အဲဒါဆိုရင်တော့ ဒီစာကို မင်းတို့အမေ မမြင်ခင်နဲ့၊ တွေ့သွားလို့ကတော့ မိုးမီးလောင်မှာပဲ၊ မင်းတို့အဖေကလဲ ဒီအရွယ်ကြီး ရောက်မှ ရည်းစားစာ ရေးရတယ်လို့"

"ဘာ... ဟေ့ကောင်၊ မင်း စာကို ဖတ်ပြီးပြီပေါ့"

ကျော်ဇင်ဦးက ရယ်လိုက်ပြီး...

"အေးလေ... စာအိတ်ပေါ်မှာ လိပ်စာလဲ တပ်မထားဘူး၊ ဘယ်သူ့စာမှန်း သိရအောင် ဖောက်ဖတ်ကြည့်တာပေါ့ကွ၊ ရေးတဲ့ဆရာလို့ မပြောရဘူး၊ စာသားတွေက သိပ်မိတာပဲ၊ ဒီစာကို ဖတ်ရတဲ့ ဘယ်မိန်းကလေးမဆို ပြန်မချစ်ဘဲ နေနိုင်မှာ မဟုတ်ဘူး"

စိုးချစ် ရှက်သွားသည် ပြီးမှ...

"အေးလေ... မင်း သိသွားပြီ ဆိုတော့လဲ ပြီးရောပေါ့၊ ခြားလူတွေကိုတော့ လျှောက်မပြောပါနဲ့ကွာ၊ ပြီးတော့ အဲဒီစာ ငါ့ကို ပြန်ပေးလေကွာ"

"ပြန်ပေးလို့ မရတော့ဘူး၊ သက်ဆိုင်တဲ့လူဆီ ပို့လိုက်ပြီ"

"ဘာ... ဘယ်သူ့ဆီလဲ"



www.burmeseclassic.com

www.burmeseclassic.com

"စာထဲမှာ မေလို့ မင်း ညွှန်းထားတဲ့သူဆီကိုပေါ့၊ အဲဒါ မနေ့က ညနေကပဲ ဝိုင်းဝိုင်းကတစ်ဆင့် ပေးခိုင်းလိုက်ပြီ"

"ဘယ်သူ့ဆီ ပေးခိုင်းတာလဲ"

"ဘယ်သူ ရှိရမလဲကွ၊ အူကြောင်ကြောင် လုပ်နေပြန်ပြီ၊ ခင်မေတင့်ဆီကိုပေါ့"

"ဘာ. . . ခင်မေတင့်"

စိုးချစ် တစ်ကိုယ်လုံး ထုံပူသွားသည်။ အဖြစ်အပျက်ကိုလည်း ချက်ချင်း သဘောပေါက်လိုက်သည်။ စာထဲမှာ သူက မေရီအောင်ကို 'မေ' ဟု သုံးနှုန်းထားသည်။ ဒါကို ကျော်ဇင်ဦးက 'မေ' ဆိုတာ ခင်မေတင့်ကို ဆိုလိုတာပဲဟု အတပ်စွဲပြီး စာကို ခင်မေတင့်ဆီ ပို့ခိုင်းလိုက်ခြင်းပင် ဖြစ်လေ၏။

"ဟာ. . . မင်း. . . မင်း၊ ဘာတွေ လျှောက်လုပ်တာလဲ"

စိုးချစ်က ထိတ်ထိတ်ပြာပြာ ပြောတော့ ကျော်ဇင်ဦးက

"စိတ်မပူစမ်းပါနဲ့ကွာ၊ ခင်မေတင့်က မင်းကို စိတ်ဝင်စားနေတယ်ဆိုတာ အသိသာကြီးပါ၊ မိန်းကလေးမို့သာ သူ့ဖက်က စပြီးဖွင့်မပြောတာ"

"မဟုတ်သေးဘူးကွာ"

"ဟေ့ကောင်. . . ရှက်မနေနဲ့၊ မင်းဘာသာဆိုရင် ဟိုစဉ်းစား ဒီစဉ်းစားနဲ့ တော်တော်နဲ့ စာပေးဖြစ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါတို့က ဝင်ကူညီပေးရတာ၊ ငါတို့ကို ကျေးဇူးတောင်တင်သင့်တယ်"

စိုးချစ်မှာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေ၏။ ကျော်ဇင်ဦးကို ငေးကြောင်ပြီး ကြည့်နေမိသည်။ ဦးနှောက်ထဲမှာတော့ အတွေးတွေ ရှုပ်ထွေးပွေလီနေ၏။





ထိုစဉ်မှာ မင်းသီဟ၊ ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့ အိမ်ပေါ် က်လာသည်။ ဝိုင်းဝိုင်းက. . .

"အံမယ်. . . ကိုယ်တော်ချောက ဒါမျိုးတော့ တယ်ဝီရိယ ကောင်းပါလား"

"မင်းအိမ်ကို ငါတို့ ရောက်ခဲ့ပြီးပြီကွ၊ အပြင်ထွက်သွားပြီ ိုလို့ ဒီမှာရှိမှာပဲဆိုပြီး လိုက်လာတာ"

မင်းသီဟက ပြောသည်။ နန်းမွှေးကလည်း. . .

"အားလုံး လူစုံတော့ ပိုကောင်းတာပေါ့ဟာ"

စိုးချစ်သည် ခုပြောနေတာ သူ့ကိစ္စ မဟုတ်သလို ယောင် ချာကြီး ဖြစ်နေ၏။ ဝိုင်းဝိုင်းက. . .

"ကဲ. . . သတင်းကောင်း ပါတယ်ဟေ့၊ အံမယ် ဒါတောင် ာင်မက အချိန်ယူ စဉ်းစားပါရစေဦး ဘာညာနဲ့ အိုက်တင်ခံနေ းတယ်၊ ငါက ဒီလူနဲ့ဒီလူ ဘာစဉ်းစားနေစရာ လိုသလဲ၊ ဝမ်း စရာ ရှိရင်လဲ စောစော ဝမ်းသာပါစေလားလို့ တိုက်တွန်းတော့ စာပြန်ရေးပေးလိုက်တာ၊ ရော့"

ဟု စိုးချစ်ကို စာတစ်စောင် လှမ်းပေးသည်။ စိုးချစ်သည် စာကို တရားရုံးမှ ပို့လိုက်သော ဆင့်ခေါ်စာကို လက်ခံရတော့မှာ သို့ တုံ့ဆိုင်းနေသည်။

"ဟ. . . ဘယ်လို ဖြစ်တာလဲ၊ ယူပါဟ"

"မင်းကလဲ ခုကျမှ ရှက်နေပြန်ပြီ၊ မိန်းကလေးဘက်က တ်ဖို့လည်း ထားပါဦး"

သူငယ်ချင်းတွေ အမြင်မှာတော့ စိုးချစ်သည် ရုတ်တရက် ပေါ်လာသော ကိစ္စကြောင့် ဝမ်းသာလုံး ဆို့ပြီး ယောင်တိ ာင်ချာ ဖြစ်နေတာဟု ထင်သည်။ အားလုံး သိကုန်လို့ ရှက်နေ


www.burmeseclassic.com

www.burmeseclassic.com

တာဟုလည်း ယူဆသည်။

"ကဲ. . . ရော့လေ"

ဝိုင်းဝိုင်းက စာကို စိုးချစ်လက်ထဲ ထည့်ပေးလိုက်သည်။ စာအိတ်ပေါ်မှာ ငှက်ကလေးနှစ်ကောင် ယှဉ်တွဲပျံနေပုံ ရိုက်နှိပ်ထားသည်။ စိုးချစ်သည် စာအိတ်ကို ငေးကြောင်ကြည့်နေ၏။

"ဟော့ကောင်. . . စာကို ဖတ်ကြည့်လေကွာ"

မင်းသီဟက လောသည်။ စိုးချစ်က မတုန်မလှုပ်။

"မင်း မဖတ်ရင် ငါဖတ်ပြမယ်. . . ပေး"

ကျော်ဇင်ဦးက စာအိတ်ကို လှမ်းဆွဲယူမည် ပြုသည်။ နန်းမွေးက. . .

"ဟဲ့. . . နင်နဲ့ ဘာဆိုင်လို့လဲ၊ ကာယကံရှင် သူ့ဘာသာ ဖတ်ပစေပေါ့။ ကဲ. . . စိုးချစ်၊ ဖွင့်ဖတ်ဟာ၊ ပြီးရင် ငါတို့ကို ပြောပြ"

"အိမ်ရောက်မှ ဖတ်မယ်"

ဟု ပြောပြီး ထထွက်လာခဲ့၏။ ကျန်ခဲ့တဲ့လူတွေကတော့ တော်တော် ရှက်တတ်တဲ့ကောင်ဟု ပြောရင်း ရယ်မောနေကြပေလိမ့်မည်။

အိမ်ရောက်တော့ စာကို ဆွဲဆုတ်ပစ်လိုက်မည်ဟု စိတ်ကူးသေးသည်။ ဆွဲဆုတ်လိုက်ရုံနဲ့ကော အထဲမှာ ရေးထားတဲ့ အကြောင်းခြင်းရာတွေက ပျက်ပြယ်သွားမှာတဲ့လား။

စာကို စားပွဲပေါ် ပစ်တင်ထားလိုက်သည်။ ဘာလုပ်ရမလဲ၊ ခုချိန်မှာတော့ ဘာမှ လုပ်လို့မရ။ လမ်းပေါ် ပြေးထွက်ပြီး 'မဟုတ်ဘူး. . . မဟုတ်ဘူး' ဟု အော်လိုက်ချင်သည်။

စားပွဲပေါ်က စာကို လှမ်းယူလိုက်ပြန်သည်။ ဒီစာကို မဖတ်ဘဲ ထားခြင်းဖြင့် ပြဿနာ ပြေလည်စရာ အကြောင်းမရှိ။





ကိစ္စကို ရင်ဆိုင်ဖို့အတွက် ပထမခြေလှမ်းမှာ စာကို ဖောက်ဖတ်ဖို့ပင် ဖြစ်၏။

စာအိတ်ကို ဖောက်သည်။ အပြာနုရောင် စာရွက်တိုလိုက်သည်။

ချစ်

အချိန်ယူပြီး စဉ်းစားရင်လည်း ဒီအဖြေပဲ ရမှာပဲဆိုတာ သေအချာမို့ အမြန်ဆုံး စာပြန်လိုက်ပါတယ်၊ အမှန်အတိုင်း ခံရရင် ငါ့အတွက်တော့ နင့်ရဲ့စာဟာ နောက်ကျလို့တောင် သေးတယ်လို့ ထင်မိပါတယ်၊ နင် မမေးခင်ကတည်းက ငါ ခဲ့ပြီးသားပါ စိုးချစ်ရယ်။

နင့်ကို ငါ သိပ်ချစ်ပါတယ်။

မေ"

. . . [illegible] . . .

www.burmeseclassic.com

'အမ်စီကုမ္ပဏီ' က အလွန်စည်းကမ်းတင်းကျပ်သည်။ သတ်မှတ်ထားသော အလုပ်ခွင်စည်းကမ်းကို အတိအကျ လိုက်နာကြရသည်။ ထို့အပြင် ကုမ္ပဏီသူဌေး ဒေါ်ခင်မေတင့်၏ နှုတ်မှ အခါအားလျော်စွာ ထွက်ပေါ်လာသော စည်းကမ်းချက်များကိုလည်း လိုက်နာဖို့ တာဝန်ရှိ၏။ (ဥပမာ. . . ဟိုတစ်ခါ ဖြစ်ခဲ့သလို ရုံးခန်းထဲမှာ ကော်ဖီ(?) မပန်ရ၊ ယူမလာရ ဆိုတာမျိုး။)

ဒေါ်ခင်မေတင့်သည် မျက်နှာထား အလွန်တင်းသည်။ ဝန်ထမ်းတွေနှင့် ဆက်ဆံရာမှာ ရှင်းရှင်းပြတ်ပြတ် ပြောဆိုတတ်သည်။ သူ ပြုံးရယ်တာကို တွေ့ရခဲသည်။ အလုပ်ကိစ္စနှင့် ပတ်သက်၍ အလျှော့ပေး လိုက်လျှောရမည့် ပုဂ္ဂိုလ်မျိုးနှင့် ဆက်ဆံရာမှာတောင် ခပ်တည်တည် ခပ်မှန်မှန် ပြောဆိုလေ့ရှိ၏။

ရုံးခန်းထဲမှာဆိုလျှင် သူရှိနေတဲ့အချိန်မှာ ဝန်ထမ်းများ





ည် ကျောင်းအုပ်ကြီးရှေ့ ရောက်နေသော ကျောင်းသားကျောင်းများလို ငြိမ်ကုပ်နေကြရ၏။ သူ ဆူတာကြိမ်းတာကို မခံရဖူးသာ ဝန်ထမ်းဟူ၍ ညစောင့်အဘိုးကြီးတစ်ယောက်သာ ရှိ၏။ တွင်းရေးမှူးမလေးဆိုလျှင် တစ်နေ့ အနည်းဆုံး တစ်ခါလောက်တော့ အငေါက်ခံရတတ်၏။

ဒီလိုအခြေအနေမျိုး ရှိသော်လည်း ကုမ္ပဏီဝန်ထမ်းတွေက ခွာသွားခြင်းမျိုး မရှိဘဲ စွဲစွဲမြဲမြဲ လုပ်ကြသည်။ အကြောင်းကတော့ ဒေါ်ခင်မေတင့်၏ အတွင်းစိတ် သဘောထား မှန်ကန်ကြောင်း သိကြသောကြောင့် ဖြစ်၏။

နောက်တစ်ချက်ကတော့ လစာကောင်းကောင်းရခြင်းနှင့် ခြားအခွင့်အရေးတွေလည်း ရရှိနေကြသောကြောင့် ဖြစ်၏။ ပတ်လည် ဆုကြေးအပြင် လုပ်ငန်းတစ်ခု အောင်မြင်တဲ့အခါ ထူးဆုကြေးဆိုတာ ရသေးသည်။ ဝန်ထမ်းများ၏ ကျန်းမာရေး၊ မှုရေးကိစ္စတွေကိုလည်း ဂရုတစိုက် ဆောင်ရွက်ပေးတတ်သည်။

ထူးခြားတာတစ်ခုကတော့ ဒေါ်ခင်မေတင့်သည် တစ်စုံစ်ခု အလိုမကျတဲ့အခါ တစ်ရုံးလုံးကို ခေါင်းမဖော်ရဲလောက်အောင် ဆူပူကြိမ်းမောင်းတတ်သည်။ ဘယ်သူမှ တုတ်တုတ် မလှုပ်ကြ။ ထို့နောက် အတန်ကြာတဲ့အခါမှာတော့ ဝန်ထမ်းအားလုံးတွက် လက်ဖက်ရည် သို့မဟုတ် အအေးပုလင်းများ ရောက်ရှိတတ်ခြင်းပင် ဖြစ်လေ၏။

◈ ◈ ◈


www.burmeseclassic.com

www.burmeseclassic.com

"အေအိး ကိုကျော် ရောက်နေပါတယ် မမ"

အတွင်းရေးမှူးမလေးက လာပြောသည်။

"အေး. . . လွှတ်လိုက်"

ခဏအကြာတွင် ဆံပင်စုတ်ဖွား အဝတ်အစား မသပ် မရပ် ဝတ်ထားသော လူရွယ်တစ်ယောက် ဝင်လာပြီး စားပွဲရှေ့မှာ ရပ်သည်။

"ထိုင်လေ မောင်ကျော်"

ဟု ခင်မေတင့်က ခွင့်ပြုတော့မှ လက်ထဲမှ စက္ကူလိပ်ကြီး ကို စားပွဲပေါ် တင်ပြီး ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ကဲ. . . ပြောပါဦး၊ အခြေအနေ"

"ဟုတ်ကဲ့. . . မမ ပြောတဲ့ မြေကွက်ကို ကျွန်တော် စုံစမ်း ကြည့်ပြီးပါပြီ၊ မြေက သုံးဧကလောက် ကျယ်ပါတယ်"

ခင်မေတင့်က ခေါင်းညိတ်သည်။ မောင်ကျော်က ဆက်ရှ

"အဲဒီမြေကွက်က ဟိုအရင် ဒုတိယကမ္ဘာစစ် မဖြစ်ခင် တုန်းက မြန်မာသူဌေးတစ်ယောက် ပိုင်ခဲ့တာပါ၊ ပျော်ပွဲစား ထွက် ရင် အသုံးပြုဖို့လို့ သိရပါတယ်၊ အဲဒီသူဌေးက စစ်အတွင်းမှာ ဆုံးသွားပါတယ်၊ အဲဒီနေရာက ဟိုအရင်က တော်တော်ခေါင်ပြီး လူနေရပ်ကွက်နဲ့လဲ သိပ်မနီးတော့ တန်ဖိုးလဲ မရှိလှပါဘူး၊ ဒါ ကြောင့် သူဌေးရဲ့ အမွေဆက်ခံသူတွေကလဲ စိတ်မဝင်စားတော့ဘဲ ပစ်ထားခဲ့တာပါ"

"အင်း. . . ဆက်ပြောပါဦး"

"ဟိုအရင်က လခစား ခြံစောင့်တစ်ယောက် ရှိပါတယ်၊ နောက်ပိုင်း အဆက်အသွယ် ပြတ်သွားတဲ့အခါမှာ ခြံစောင့်က အဲဒီမြေပေါ်မှာ ဟင်းသီးဟင်းရွက် စိုက်ခင်းလုပ်ပြီး အသက်မွေးပါ





တယ်၊ နောက် သူ့သားသမီးတွေ အိမ်ထောင်ခွဲတာရယ်၊ ဆွေနီးမျိုး ယ်တွေ လာရောက် အခြေချတာရယ်ကြောင့် အဲဒီအနားတစ်ဝိုက် တဲအိမ်စုတွေ ဖြစ်လာပါတယ်"

"အဲဒီအကြောင်းတွေ မင်း ဘယ်လိုလုပ် သိသလဲ"

ဟု ခင်မေတင့်က စကားထောက်လိုက်သည်။

"ဒီလိုပါ. . . ခြံစောင့်ကြီးက ခုထိ ရှိနေပါသေးတယ်၊ အ က် ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါး ရှိနေပါပြီ၊ သူပြောပြလို့ သိရတာပါ"

"ပိုင်ရှင်ရဲ့ အဆက်အနွယ်တွေကကော"

"ခြံစောင့် အဘိုးကြီးဆီက ရတဲ့ အချက်အလက်တွေက စ်ဆင့် စုံစမ်းလိုက်တော့ အဲဒီသူဌေးမှာ သားတစ်ယောက်ပဲ ခဲ့တယ်၊ သူ့မှာ သားတစ်ယောက် သမီးတစ်ယောက် ရှိတယ်၊ သားက အင်းစိန်မှာ နေတယ်၊ ဝန်ထမ်းပဲ၊ သမီးကတော့ သူ့အိမ် ထောင်နဲ့အတူ ဗိုက်ဦးမှာ နေပါတယ်"

မောင်ကျော် ဆောင်ရွက်ထားပုံမှာ စိတ်ကျေနပ်စရာပင် ဖြစ်၏။ ခုလိုကိစ္စမျိုးတွေမှာ အမွေဆက်ခံသူတွေကို ရှာရတာ တော် မလွယ်ကူသောကိစ္စ ဖြစ်၏။

"ဒါဆို အဲဒီနှစ်ယောက်က ဒီမြေကွက်ကို အမွေဆက်ခံပိုင် င့် ရှိသူတွေပေါ့၊ သူတို့နဲ့ မင်း တွေ့ပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့. . . ကျွန်တော် ဗိုက်ဦးအထိ လိုက်သွားပါတယ်၊ မြေကွက်ပေါ်မှာ အိမ်ရာစီမံကိန်း လုပ်မယ်၊ သူတို့လဲ အထိုက်အ လျောက် အကျိုးခံစားခွင့် ရှိမယ်လို့ ပြောပြတော့ သူတို့က ဝမ်းသာ ားရပဲ လက်ခံကြပါတယ်၊ အမွေထိန်းလက်မှတ် ရဖို့ကိုလဲ ကျွန် တော်တို့ကပဲ လိုက်စီစဉ်ပေးမယ်လို့ ပြောခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"လက်ရှိမြေပေါ်မှာ နေနေတဲ့ လူတွေရဲ့ သဘောထားက
ကော"

"ခြံစောင့် အဘိုးကြီးကတစ်ဆင့် တီးခေါက်ကြည့်တော့
တဲအိမ်စုက လူတွေကလဲ သင့်တော်တဲ့ လျော်ကြေးရရင် ဖယ်ပေး
မယ်လို့ သိရပါတယ်"

"သူတို့က ဘယ်လောက်လောက် လိုချင်တယ်လို့ ခန့်မှန်း
သလဲ"

"တစ်အိမ်ထောင်ကို ငါးသိန်းလောက် ရရင် ဖြစ်နိုင်တယ်
လို့ ကြားရပါတယ်၊ အဲဒါ. . ."

"ခြောက်သိန်းစီ ပေးမယ်လို့ ပြောလိုက်"

"ခင်ဗျာ၊ ဟို. . . ကျွန်တော် တစ်ခု တင်ပြပါရစေ၊ ဒီနေ
ရာက သိပ်ပြီး ဖွံ့ဖြိုးသေးတဲ့နေရာ မဟုတ်သေးဘူးခင်ဗျ၊ အကျိုးအ
မြတ်က သိပ်သေချာတာ မဟုတ်ဘူး၊ အဲဒီလောက် ပေးမယ်ဆိုရင်"

ခင်မေတင့်က မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်၊
မောင်ကျော် ပြောလက်စ စကား ရပ်သွား၏။ ပြီးမှ. . .

"ဟုတ်ကဲ့. . . မမ ပြောတဲ့အတိုင်း ကျွန်တော် ပြောပြ
လိုက်ပါ့မယ်"

ထို့နောက် မောင်ကျော်က စက္ကူလိပ်ကြီးကို ဖြန့်၍ ခင်မေ
တင့် ရှေ့မှာ ချပြပြီး. . .

"ဒါက မြေကွက်ပေါ်က အနေအထားကို ပုံကြမ်းဆွဲထား
တာပါ၊ တဲအိမ်စုတွေက ဒီမှာ၊ လမ်းမကြီးက ဟောဒီဟာ၊ အဲ. . .
ဒါက ချောင်းဘက်ကို ထွက်တဲ့ မြေနီလမ်းကလေး"

ခင်မေတင့်က မြေပုံကြမ်းကို စိတ်ဝင်စားစွာ ကြည့်နေ
သည်၊





ထို့နောက်. . .

"မင်းရဲ့ပုံက မပြည့်စုံသေးဘူး"

ဆိုပြီး ဆော့ပင်တစ်ချောင်းကို ယူသည်၊ မြေပုံပေါ်ရှိ
စ်နေရာကို ထောက်ပြပြီး. . .

"မြေနီလမ်းကလေးရဲ့ဘေး၊ ဟောဒီနေရာလောက်မှာ ရေ
င်းပျက်ကြီးတစ်ခု ရှိတယ်၊ အဲဒီဘေးမှာ ကုက္ကိုပင်ကြီးတစ်ပင်
တယ်၊ ဟုတ်လား"

မောင်ကျော် မျက်လုံးပြူးသွား၏။ ဘယ်တုန်းကများ သွား
ည့်ထားလိုက်ပါလိမ့်၊ သိပ်မချောင်ဘူးဟု တွေးရင်း. . .

"ဟုတ်. . . ဟုတ်ကဲ့၊ ရှိပါတယ်၊ ကျွန်တော်က လမ်းနဲ့
မ်တွေရဲ့ အနေအထားကိုပဲ အဓိက တင်ပြထားတာပါ၊ အဲဒီရေ
င်းနဲ့ ကုက္ကိုပင်က သိပ်အရေးမကြီးသေးဘူး ထင်လို့"

"ဘာဖြစ်လို့ အရေးမကြီးရမှာလဲ"

ခင်မေတင့်က ဖြတ်ပြောသည်၊ သူ့လေသံက နည်းနည်း
တ်သွား၏၊ မောင်ကျော် လန့်သွားပြီး. . .

"နောက်ကို ကျွန်တော် ဂရုစိုက်ပါ့မယ်"

ဟု အမြန်ပြောလိုက်၏၊ ခင်မေတင့်က လေသံကို ပြန်
ျော့ပြီး. . .

"ထားပါတော့၊ တစ်ခါတစ်လေကျတော့ အသေးအဖွဲလို့
င်တာကလဲ အရေးကြီးချင် ကြီးနေတတ်တယ်ဆိုတာ မှတ်ထား
ပါ"

"ဟုတ်ကဲ့"

"ကဲ. . . ဒီတော့. . . ဒီပရောဂျက်ကို မင်းပဲ အစအဆုံး
ဝန်ယူ လုပ်ရမယ်၊ မင်း လက်ရှိကိုင်နေတဲ့ ဆိုက်ကို ခင်လှဲဝင်း


www.burmeseclassic.com

www.burmeseclassic.com



ကို လွှဲပေးလိုက်၊ မင်းကတော့ ဒီကိစ္စတစ်ခုတည်းကိုပဲ ဖိဖိစီး… အာရုံစိုက်ပေတော့၊ ဒီကိစ္စ အရေးကြီးတယ်လို့သာ မှတ်ထားလိုက်… ရုံးကိုလျှောက်ဖို့ကိစ္စ၊ ဟိုမောင်နှမအတွက် အမွေဆက်ခံခွင့်လျှောက်… ဖို့ကိစ္စတွေကို ဥပဒေအကျိုးဆောင် ဦးမောင်မောင်အေးနဲ့ တိုင်ပင်… ပြီး လုပ်၊ ဟုတ်ပြီလား”

“ဟုတ်ကဲ့ ခင်ဗျ”

မောင်ကျော်သည် အရက်ကြိုက်တတ်တာကလွဲလျှင် … လွန် တော်သော အင်ဂျင်နီယာလေးတစ်ယောက် ဖြစ်၏။ အရက် … သောက်တာကတော့ သူ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့် ဖြစ်၏၊ အလုပ် … ကို ထိခိုက်လောက်အောင် သောက်ခြင်း မဟုတ်သဖြင့် ခွင့်လွှတ် … ထားရ၏။ အလုပ်ချိန်အတွင်းမှာတော့ သောက်ခွင့်မပြု။

“ကျွန်တော့်ကို ခွင့်ပြုပါဦး”

မောင်ကျော် ထရပ်လိုက်သည်။ ခင်မေတင့်က လက်တစ်ခု… ပြလိုက်ပြီး ရုံးတွင်းပြော တယ်လီဖုန်းဖြင့် ငွေစာရင်းမှူးဆီ ဆ… သည်။

“မောင်ကျော့်ကို ငွေငါးထောင် ထုတ်ပေးလိုက်ပါ၊ မဟုတ် … ဘူး၊ ကျွန်မရဲ့ အသုံးစာရင်းထဲ ထည့်လိုက်”

ဖုန်းချပြီးနောက်. . .

“ကဲ. . . မောင်ကျော်၊ မင်း ငွေစာရင်းမှူးဆီက ငွေငါး … ထောင် ထုတ်သွား”

“ဘာ. . . ဘာအတွက်လဲ မမ”

“မင်း သိပ်ပင်ပန်းသွားပြီ၊ ဒီညနေ စားသောက်ဆိုင် တ… ဆိုင်ဆိုင်မှာ သွားအနားယူလိုက်ပေါ့”

မောင်ကျော် ခေါင်းညိတ်ပြီး လှည့်ထွက်မည်အပြု။





“ဪ. . . သိပ်လဲ မလွန်စေနဲ့ဦးနော်၊ ခုချိန်မှာ သွား … …စ်ချောင်း စိုက်ရတဲ့ စရိတ်က နည်းတာ မဟုတ်ဘူး”

မောင်ကျော် တွန့်ခနဲ ဖြစ်သွား၏၊ တစ်ခါက သူငယ်ချင်း … …လာဆောင်ညမှာ သောက်တာ နည်းနည်းများသွားသည်။ အိမ် … …ပြန် ချော်လဲပြီး ရှေ့သွားတစ်ချောင်း ကျိုးသွားသဖြင့် ပြန်စိုက်ခဲ့ … …တာကို ရည်ညွှန်းလိုက်ခြင်းဖြစ်ကြောင်း သိလိုက်၏၊ မလွယ်ဘူး၊ … အကုန်သိနေတာပဲဟု တွေးလိုက်မိ၏။

မောင်ကျော် ထွက်သွားပြီးနောက် ခင်မေတင့် မြေပုံကြမ်း … တစ်ခါထပ်ကြည့်လိုက်သည်။ စောစောတ သူ ဆော့ပင်နှင့် … …ထားသောနေရာကို တွေ့ပြီး စိုက်ကြည့်နေသည်။ အဝိုင်း သ … …ကန်လေးတစ်ခုနှင့် ဘေးတွင် အဝိုင်း၏အောက်မှာ ဖေါင်လိုက် … …ဦးလေးနှစ်ကြောင်း ခြစ်ထားသော သစ်ဝင် သင်္ကေတပုံလေး …

ဒါတွေက သိပ်အရေးမကြီးဘူး ထင်လို့ပါ. . . တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

သူတို့ တစ်အုပ်စုလုံး စာမေးပွဲ အောင်ကြသည်။ စိုးချစ်က မြန်မာစာ ဂုဏ်ထူး ပါသည်။ ကျော်ဇင်ဦးက သင်္ချာ ပါသည်။ မင်းသီဟ၊ ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့က ရိုးရိုးပဲ အောင်သည်။

ထူးခြားတာကတော့ ခင်မေတင့် ဖြစ်၏။ သူက စာတော်တဲ့ စာရင်းထဲမှာ မပါခဲ့။ တကယ်လို့ စာမေးပွဲ ကျခဲ့ရင်တောင် အံ့သြကြမှာမဟုတ်။ ခုတော့ ခင်မေတင့်က ဂုဏ်ထူးနှစ်ခုတောင် ပါသည်။ သင်္ချာနှင့် ရူပဗေဒ။

ဝိုင်းဝိုင်းတို့က ပြောမနာ ဆိုမနာ ဖြစ်သောကြောင့်...

"ထင်တောင် မထင်ဘူးဟယ်၊ နင်က ကျိတ်ကြိုးစားခဲ့တာ ပေါ့လေ"

ဟု ပြောသည်။ ခင်မေတင့်က...

"ငါလဲ မမျှော်လင့်ပါဘူး၊ ကိုယ့်ဘာသာလဲ အံ့သြတယ်၊ တစ်ခုတော့ ရှိတယ်ဟာ၊ ငါ စာညံ့တာကို စိုးချစ်က သိပ်သဘော





ကျဘူး ထင်တာနဲ့ အရမ်းကြိုးစားလိုက်တာပါ"

ဟု ပြန်ပြောသည်။

အောင်စာရင်း ထွက်တဲ့နေ့က သူတို့တစ်ဖွဲ့လုံး မြို့ထဲထွက် စားကြသောက်ကြပြီး ရုပ်ရှင် ဝင်ကြည့်ကြသည်။

ရုပ်ရှင်ရုံထဲ ဝင်ကြတော့ မိန်းကလေးသုံးယောက်က ရှေ့က ဝင်သည်။ သူတို့ ယူထားသော ခုံနံပါတ်၏ အတွင်းဘက် အစွန်ဆုံးမှာ နန်းမွှေးက ထိုင်သည်။ ပြီးတော့ ဝိုင်းဝိုင်း။ ဒီဘက်မှာ ခင်မေတင့်။

စိုးချစ်က နောက်ဆုံးမှ လိုက်လာသည်။ ခုပုံအတိုင်းဆိုလျှင် စိုးချစ်က ဒီဘက်အစွန်ဆုံးမှာ ထိုင်မည့်သဘော ဖြစ်၏။ သို့ရာတွင် ကျိတ်ပြီး တိုင်ပင်ထားတဲ့အတိုင်း ဒီဘက်အစွန်နှစ်ခုံမှာ ကျော်ဇင်ဦးနှင့် မင်းသီဟတို့ အရင် ဝင်ထိုင်လိုက်သည်။ ထိုအခါ အတွင်းဖက်ရှိ ခင်မေတင့်ဘေးက တစ်ခုံသာ လွတ်တော့သည်။

"ဟိုဘက် တိုးလေကွာ"

ဟု စိုးချစ်က ပြောသည်။ ကျော်ဇင်ဦးက....

"ရုက်မနေပါနဲ့ကွာ၊ သွားထိုင်စမ်းပါ"

ဆိုပြီး စိုးချစ်လက်ကို ဆွဲ၍ ခင်မေတင့် ဘေးခုံမှာ ထိုင်ခိုင်းသည်။ ပြီးတော့ နန်းမွှေးကို လှမ်းပြောသည်။

"နန်းမွှေး... နင်က အစွန်ဆုံးမှာ မထိုင်သင့်ဘူး၊ တော်ကြာ နင့်ဘေးမှာ ကုလားကြီးတစ်ယောက် လာထိုင်ရင် ခက်နေမယ်၊ နင်နဲ့ငါနဲ့ နေရာလဲရအောင်"

နန်းမွှေးက...

"မလဲချင်ပါဘူး၊ မင်းသီဟ နားမှာ ငါ မထိုင်ချင်ဘူး"

"ဘာဖြစ်လို့လဲဟ၊ ဒီကောင်က အီးပေါက်တတ်လို့လား၊


www.burmeseclassic.com

www.burmeseclassic.com

လာပါဟ၊ နေရာလဲရအောင်၊ ငါ ဝိုင်းဝိုင်းနားမှာ ထိုင်ချင်လို့ပါ"

"ဘာပြောတယ်"

ဝိုင်းဝိုင်းက လှမ်းအော်သည်။

"ဟုတ်တယ်ဟ၊ ဒါမှ ရုပ်ရှင်ပြလို့ မှောင်နေတုန်း. . . အဟိ"

"ကျော်ဇင်ဦးနော်. . . ပါးကျိုးချင်လို့လား"

"ဟာ. . . ငါပြောတာက မှောင်နေတုန်း နင့်နေကြာစေ့တွေ ခိုးစားမယ်လို့ ပြောမလို့ပါဟ"

ရုပ်ရှင်ပြီးလို့ ထွက်လာကြတော့ 'ရုပ်ရှင်ပြနေတုန်း စိုးချစ်က နင့်လက်ကို လာကိုင်သေးလား' ဟု နန်းမွေးက တိုးတိုးမေးသည်။ ခင်မေတင့်က. . .

"လက်ကိုင်ဖို့ နေနေသာသာ သူ့ဘေးမှာ ငါရှိတယ်လို့တောင် ထင်ရဲ့လား မသိဘူး၊ ကျော်ဇင်ဦးဘက်ပဲ လှည့်လှည့်ပြီး စကားပြောနေတာပဲ၊ ငါ့ကို စကားလေးတစ်ခွန်းတောင် မပြောဘူး၊ ငါက နေကြာစေ့ ကျွေးဘာတောင် ဟင့်အင်းလို့ တစ်ခွန်းပဲ ပြောတယ်"

"ဒီတောင်က သိပ်ရှက်တတ်တာ နင်လဲ သိသားပဲ"

ဟု ဝိုင်းဝိုင်းက ဖြောင်းဖြသည်။

"မင်းကလဲကွာ. . . ခင်မေတင့်ကို စကားလေး ဘာလေးတောင် လှည့်မပြောဘူး"

"မင်းနဲ့ငါ နေရာချင်း လဲလိုက်ချင်တယ်ကွာ"

ဟု မင်းသီဟတို့ ကျော်ဇင်ဦးတို့က အားမလို အားမရ ပြောသည်။ စိုးချစ်ကတော့ သူ့ဒုက္ခနဲ့သူ။

◈ ◈ ◈





စိုးချစ်က သူ စိတ်ကူးထားတဲ့အတိုင်း တက္ကသိုလ်မှာ မြန်မာစာ အဓိက ယူသည်။ ကျော်ဇင်ဦးနှင့် မင်းသီဟတို့က ရူပဗေဒ အဓိက။ ဝိုင်းဝိုင်းနှင့် နန်းမွေးက စီးပွားရေး တက္ကသိုလ် တက်သည်။ ခင်မေတင့်က အမှတ်ကောင်းသဖြင့် စက်မှုတက္ကသိုလ် တက်ခွင့်ရသည်။ သူက ဗိသုကာပညာ သင်မည်ဟု ဆို၏။

"ဟား ဟား. . . နံရံကပ် စာစောင် လုပ်တုန်းက မျဉ်းကြောင်းတောင် ဖြောင့်အောင် မဆွဲတတ်တဲ့လူက ဗိသုကာ လုပ်မယ်တဲ့၊ နင်ဆွဲတဲ့ အိမ်ပုံစံဆိုရင် တော်တော် ရယ်ရမှာပဲ၊ ကြမ်းခင်း မျက်နှာကျက် မှားဆွဲတာတို့၊ ခြောက်ထပ်တိုက် ပုံစံမှာ လှေကား ထည့်ဖို့ မေ့သွားတာတို့ ဖြစ်မှာ ကျိန်းသေတယ်"

ဟု ကျော်ဇင်ဦးက ဟားသည်။ ခင်မေတင့်ကလည်း ပြန်၍ ချေပသည်။

"နင်တို့ကကော ဘာထူးလဲ၊ မှန်ဘီလူးကို အခုံးနဲ့အခွက် ခွဲတတ်တဲ့ မင်းသီဟက ရူပဗေဒ ယူမယ်၊ အဝက်သားမှာ ဘယ်နှစ်ကျပ်သား ရှိမှန်းတောင် မသိတဲ့ နန်းမွေးက စီးပွားရေး တက္ကသိုလ် တက်မယ်တဲ့၊ အင်း. . . စိုးချစ်ပဲ ကောင်းတယ်၊ သူ ဝါသနာပါတာနဲ့ သူ ယူတဲ့ဘာသာနဲ့ အံကိုက်ပဲ"

"အေးပါ အေးပါ၊ နင့်အတွက်တော့ စိုးချစ် လုပ်သမျှ ကောင်းတာ ဘာမှ မရှိဘူး၊ စိုးချစ် ပါတဲ့ ချီးတောင် ချောကလက် ကူလီဖီနဲ့ တူတယ်လို့ ပြောမယ့်ဟာမျိုး"

မင်းသီဟက ပြန်နှက်သည်။

စိုးချစ်ကတော့ ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားရမှန်း မသိအောင် ဦးနှောက် ခြောက်နေရ၏။ ခင်မေတင့်ကို အဖြစ်မှန်အတိုင်း ရှင်းပြဖို့ အကြိမ်ကြိမ် စိတ်ကူးခဲ့သည်၊ သို့ရာတွင် ပြောမ


www.burmeseclassic.com

www.burmeseclassic.com

ထွက်။

ခင်မေတင့်သည် စိုးချစ်က သူ့ကို တကယ် ချစ်တာဟု ယုံကြည်နေသည်။ စိုးချစ်၏အချစ်ကို ပိုင်ဆိုင်ခွင့်ရသောကြောင့် အလွန် ဝမ်းသာ ကျေနပ်နေသည်။ စိုးချစ်က တခြားလူတွေလို မကြာခဏ တွေ့ခွင့်တောင်းတာမျိုး မလုပ်ရုံမက ရှောင်ဖယ်ဖယ် လုပ်နေသလိုတောင် ထင်ရသည်။ ဒါကိုလည်း ခင်မေတင့်က အ ပြစ် မမြင်။ စိုးချစ်က ဣန္ဒြေကြီးလို့ပါဟု ကြံဖန်ဂုဏ်ယူချင်သေး သည်။

များသောအားဖြင့်တော့ နှစ်ယောက်ချင်းတောင် ဆုံလေ့ သိပ်မရှိ။ သူငယ်ချင်းတွေအားလုံး ဆုံမိတော့မှပင် တွေ့ကြတာ များသည်။ ထိုအခါမျိုးတွင် ခင်မေတင့်က စိုးချစ်၏မျက်နှာကိုသာ အရိပ်တကြည့်ကြည့် ရှိနေ၏။ သူ တော်တော် ချစ်ရှာကြောင်း စိုးချစ် သိသည်။

ထို့ကြောင့်လည်း ပစ်ပစ်ခါခါ မလုပ်ရက်အောင် ဖြစ်နေရ ၏။ ခင်မေတင့်ကို ချစ်သူတစ်ယောက်လို လုံးဝမချစ်နိုင်တာ မှန် သည်။ သို့ရာတွင် သူငယ်ချင်း တစ်ယောက်လိုတော့ ခင်မင်ခဲ ဖြစ်၏။

အမှန်အတိုင်း သိသွားလျှင် ခင်မေတင့် ဘယ်လောက် ရှက်လိုက်မလဲ၊ ဘယ်လောက် ခံစားရမလဲ၊ ခင်မေတင့် စိတ်ထိ ခိုက်သွားမှာကိုတော့ သူ စိုးရိမ်သည်။ စိုးချစ်၏အဖြစ်မှာ ရောဂါ ကျွမ်းနေပြီဖြစ်ကြောင်း လူနာကို ဖွင့်ပြောရမှာ ခက်နေသော ဆရာဝန်တစ်ယောက်လိုပါပဲ။

◈ ◈ ◈





မေရီအောင်နှင့် တစ်ခါဆုံတုန်းက. . .

"ကွန်ဂရက်ကျူလေးရှင်း. . . စိုးချစ်"

ဟု မေရီအောင်က နှုတ်ဆက်သည်။

"ဘာအတွက်လဲ"

စိုးချစ် ပြန်မေးမိ၏။

"ပထမ တစ်ခုက မြန်မာစာ ဂုဏ်ထူး ပါတဲ့အတွက်၊ တစ်မြို့နယ်လုံးမှာ စိုးချစ်တစ်ယောက်ပဲ မြန်မာစာ ဂုဏ်ထူးရ တာ၊ မြန်မာစာက ဂုဏ်ထူးထွက်ဖို့ မလွယ်ဘူးလေ၊ နောက်တစ်ခု တော့ ခင်မေတင့်အတွက်"

"ခင်မေတင့်"

"ဟုတ်တယ်လေ၊ ခင်မေတင့်က သိပ်ရိုးသားတာ၊ စိုးချစ်နဲ့ လိုက်ဖက်ညီပါတယ်၊ နောက်ပြီး စိုးချစ်လို လူမျိုးနဲ့ ဆုံဆည်းခွင့် ရတာလဲ ခင်မေတင့် ကံကောင်းတာပဲပေါ့"

"ကျေးဇူးတင်ပါတယ်"

ဟု စိုးချစ် ပြောလိုက်ရသည်။ သူ့လေသံထဲမှာ၊ သူ့မျက်နှာပေါ်မှာ မချိတင်ကဲ ဟန်ပန်တွေများ ပေါ်လွင်နေလေမလားဟု လည်း စိုးရိမ်လိုက်မိသေးသည်။

ဒီကြားထဲမှာ တစ်ရက်တော့ ခင်မေတင့်က ရေမွှေးတွေ ထွက်လာသည်။ စိုးချစ်က 'ရေမွှေးနံ့ ရတယ်' ဟု လွှတ်ခနဲ ပြောမိ၏။ ခင်မေတင့်က. . .

"ဟုတ်တယ်. . . ငါ ဆွတ်လာတာလေ၊ မမွှေးဘူးလား"

"ရေမွှေးပါဆိုမှ မွှေးတော့ မွှေးတာပေါ့၊ ဒါပေမယ့်"

"ဘာဖြစ်လဲ. . . နင် မကြိုက်ဘူးလား"

"အနံ့က စူးလွန်းတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဧါလဲ ရေမွှေး သိပ်မကြိုက်ပါဘူး၊ ဝိုင်းဝိုင်းတို့က အတင်းဆွတ်ပေးလိုက်လို့၊ နင် မကြိုက်ဘူးဆိုရင် ငါ နောက်ကို ရေမွှေး မသုံးတော့ဘူးနော်"

"နင့်သဘောပါပဲ"

"ဒါနဲ့ နင် သနပ်ခါးကော ကြိုက်လားဟင်"

မကြိုက်ဘူး ပြောလို့ မဖြစ်သဖြင့် ခေါင်းညိတ်ပြလိုက်ရ၏။

"ဒါဆို ငါ နောက်ကို သနပ်ခါးပဲ လိမ်းတော့မယ်နော်"

"သဘောပဲ"

တကယ်တော့ စိုးချစ်သည် ရေမွှေးနံ့ကို မကြိုက်သူ တစ်ယောက်တော့ မဟုတ်။ သင်းသင်းကလေးဆိုလျှင် ကြိုက်သည်။ ခုဟာက စူးစူးရှရှကြီး။ ဦးယူနွတ်ဆိုင်က ဝယ်ထားတာလား မသိ။ ဘာပဲဖြစ်ဖြစ် ရေမွှေးနံ့ကို ရလျှင် မေရီအောင်တို့ သတိရသွားစေပြီး စိတ်ထဲမှာ မခံချိမခံသာ ဖြစ်ရ၏။

ဒီလိုနဲ့ပဲ အခြေအနေက ဇာတ်မျောနေ၏။ အဖြစ်မှန်ကို ဖွင့်မပြောဖြစ်ဘဲ အချိန်တွေသာ ကြာလာသည်။ အကြွေးတင်ခံနေရတဲ့ လူတစ်ယောက်လို တစ်လပြီးတစ်လ ဝန်ထုပ်ဝန်ပိုးက ပို၍ လေးလံလာနေလေသည်။

◈ ◈ ◈

ဒီကြားထဲမှာ ထူးခြားတဲ့ ဖြစ်ရပ်တွေကတော့. . .

ကျော်ဇင်ဦးက ဝိုင်းဝိုင်းကို စာပေးသည်။ ဒီလိုဖြစ်လာနိုင်





ယ် ဆိုတာ အားလုံးက ခန့်မှန်းခဲ့ပြီးသား ဖြစ်၏။ ငယ်ငယ်က
ည်းက အတူနေကြ၊ သံယောဇဉ်လည်း ရှိခဲ့ကြသူတွေကိုး။ ဒီကိစ္စ
ကိုယ့်ဘာသာ မရှင်းဘဲ ဝိုင်းဝိုင်းက ရှည်ပြီး သူ့အဖေကို သွားတိုင်
သည်။

အဖေလုပ်တဲ့လူက. . .

"သမီးလဲ တက္ကသိုလ်တောင် စတက်နေပြီပဲ၊ ဒီလိုကိစ္စမျိုး
ငယ်ချင်း ဖြေရှင်းတာ ကောင်းပါတယ်၊ ကိုယ် လက်မခံနိုင်ရင်
ည်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ပေါ့"

ဟု ဆိုသော်လည်း မရ။ ဒီကောင့်ကို မှတ်လောက်သား
လာက်အောင် လုပ်ရမှ ကျေနပ်မယ်ဆိုပြီး ကျော်ဇင်ဦး အဖေကို
ွားတိုင်ပေးရမယ်ဟု အတင်းအကျပ် အရေးဆိုသည်။

ထို့ကြောင့် သူ့အဖေလည်း ကျော်ဇင်ဦးတို့အိမ်ဖက် ထွက်
ွား၏။ ဘာတွေ ပြဿနာဖြစ်သလဲ မသိ၊ လူကြီးချင်းပါ ဆက်ပြီး
ကုန်သလားပဲ။ နစ်နာရီကျော်ကျော်လောက် ကြာမှ ပြန်လာ
ည်။ မျက်နှာက သိပ်ရွှင်ရွှင်လန်းလန်း မရှိ။

"အဖေ ပြောသားပဲ၊ ကိုယ့်ကိစ္စ ကိုယ် ရှင်းသင့်တယ်လို့"

"အခု ဘာဖြစ်လို့လဲ"

တိုင်တုန်းက သူပဲ တိုင်ပြီး ခုမှ စိုးရိမ်တကြီး လေသံဖြင့်
မေးသည်။

"ဘာဖြစ်ရမလဲ၊ အဖေက တိုင်တော့ သူ့သားကိုသူ ဆုံးမ
ာပေါ့၊ အရေးထဲမှာ ဟိုကောင်က ကလန်ကဆန် လုပ်နေလို့
အဖေက စိတ်ဆိုးပြီး မျက်ခွက်ကို ပိတ်ထိုးတာနဲ့ ဝင်ဆွဲခဲ့ရသေး
ယ်"

ဟု ပြောပြီး ဝိုင်းဝိုင်း ဘာမှ ဆက်မမေးနိုင်ခင် အတွင်း


www.burmeseclassic.com

www.burmeseclassic.com

ခန်းထဲ ဝင်သွားသည်။ ခဏအကြာမှာ ခန်းဆီးကြားက ပြန်ချောင်းကြည့်လိုက်သောအခါ ဧည့်ခန်းထဲမှာ ဝိုင်းဝိုင်း မရှိတော့။

ဝိုင်းဝိုင်းသည် ကျော်ဇင်ဦး မျက်ခွက်ကို ပိတ်ထိုးခံရတယ်ဆိုတာ ကြားကြားချင်း နှာခေါင်းထဲက သွေးတွေ ယိုစီးကျနေသော ကျော်ဇင်ဦးမျက်နှာကို ကွက်ခနဲ မြင်လိုက်မိ၏။ ထို့ကြောင့် စိတ်ပူပြီး ပြေးထွက်လာခဲ့သည်။

လမ်းရောက်မှ စဉ်းစားမိ၏။ ကိုယ်ကပဲ တိုင်ခိုင်းပြီး ခုတော့ ကိုယ်ကပဲ သတင်းသွားမေးဦးမယ်ဆိုတော့ သဘာဝ မကျ။ ပြီးတော့ မိန်းကလေး သိက္ခာကိုလည်း ထိခိုက်နိုင်သည်။

ထို့ကြောင့် လမ်းကြောင်းပြောင်းပြီး နန်းမွှေးအိမ်ကို ဝင်သည်။ နန်းမွှေးကို အကျိုးအကြောင်း ပြောပြပြီး ကျော်ဇင်ဦးဆီ လမ်းကြုံလို့ ဝင်သလို လုပ်ရင်း သတင်းမေးခဲ့ပါဟု အကူအညီတောင်းရသည်။

နန်းမွှေးက သွားကြည့်ပေးမယ် ဆိုပြီး ထွက်သွားသည်။ ဟိုရောက်တော့ အိမ်ရှေ့ခုံတန်းမှာ ထိုင်ပြီး ဂစ်တာကြိုး ညှိနေသော ကျော်ဇင်ဦးကို တွေ့လိုက်ရသည်။ မျက်နှာမှာ ညိုမည်းဖူးရောင်နေတာလည်း မရှိ။ ပြဿနာ တစ်စုံတစ်ခု ကြုံခဲ့ရပုံလည်း မပေါ်။ အေးအေးဆေးဆေးပဲ။

“အံမယ် ချိုင်းမွှေးပါလား၊ ငါ့ကို လာကန်တော့တာလား”

လို့တောင် နောက်နေသေးသည်။

“နင်. . . နင် ဘာမှ မဖြစ်ဘူးလား”

နန်းမွှေးက ကျော်ဇင်ဦး ကိုယ်ပေါ်မှာ ဒဏ်ရာရှာသလို စူးစမ်းကြည့်ရင်း မေးသည်။ ကျော်ဇင်ဦးက ကြောင်တောင်တောင်ဖြင့်. . .





“မဖြစ်ပါဘူး. . . ဘာလို့ မေးတာလဲ”

“ဟိုဒင်းဟာ. . . ဝိုင်းဝိုင်းတို့အဖေ နင်တို့အိမ် လာလား”

“လာတယ်”

“နင်တို့အဖေနဲ့ တွေ့သွားလား”

“တွေ့တာပေါ့”

“ပြီးတော့ ဘာတွေ ပြောသေးလဲ”

“ဒါတော့ ငါ ဘယ်သိမလဲဟ”

“ဟိုဉစ္စာလေ၊ သူတို့နှစ်ယောက် ဘာဖြစ်ကြ”

“ဘာဖြစ်ရမှာလဲ၊ ထုံးစံအတိုင်း စစ်တုရင် သုံးပွဲ ထိုးကြတာပေါ့”

“ပြဿနာ မဖြစ်ဘူးလား”

“နည်းနည်းပါးပါးတော့ ဖြစ်တာပေါ့”

“ဟင်. . . ဘာတွေဖြစ်လဲ”

“ငါတို့အဖေက မြင်းတစ်ကွက် တက်တယ်၊ အဲဒါကို ဝိုင်း
င်းတို့ အဖေက ဘစ်ရှော့နဲ့ စားတယ်၊ ဒီတော့မှ ငါတို့အဖေက
မှားတက်မိတာ ပြန်နွှေးမယ် ပြောတယ် ဝိုင်းဝိုင်းတို့အဖေက
ည်း အရုပ်တွေ လက်လွှတ်ပြီးရင် အတည်ပဲလို့ ငြင်းကြတာလေ”

“ဒါပဲလား”

“ဒါပဲ”

“ပြီးတော့ နင့်အဖေက နင့်ကို မဆူဘူးလား”

“ဟာ. . . ဘာကြောင့် ဆူရမှာလဲ၊ ငါက ဘာလုပ်လို့လဲ”

နန်းမွှေး စဉ်းစားကြည့်ပြီး သဘောပေါက်သွားသည်။ ဝိုင်း
င်းတို့ အဖေက ဝိုင်းဝိုင်း ကျေနပ်အောင် ကျော်ဇင်ဦး အထိုးအ
ကြိတ် ခံရတယ် ဘာညာ ပြောခြင်းဖြစ်မည်။ နန်းမွှေး အကြံတစ်ခု


www.burmeseclassic.com

www.burmeseclassic.com

ရသဖြင့် . . .

"ကျော်ဇင်ဦး . . . ဒီတစ်ရက်နှစ်ရက်မှာ နင် အပြင် မ ထွက်နဲ့ဦး"

"ဘာဖြစ်လို့လဲ၊ တောင်မလေးတွေ ဝိုင်းဆွဲမှာစိုးလို့လား"

"အကောင်းပြောတာ၊ တကယ်လို့များ ဝိုင်းဝိုင်း အိမ်ကို လာရင်လဲ နင့်မျက်နှာကို လက်ကိုင်ပုဝါနဲ့ အုပ်ပြီးမှ စကားပြော"

"ဟင် . . . ဘယ်လို သဘောလဲ၊ ဝိုင်းဝိုင်းက လေပုပ်ထုတ် ဆေးတွေ စားထားလို့လား"

နန်းမွှေးက အဖြစ်အပျက်ကို ပြောပြသည်။ ပြီးတော့ သူ့အကြံအစည်ကို ပြောသည်၊ သူက ဝိုင်းဝိုင်းကို ကျော်ဇင်ဦး တကယ်ပဲ အထိုးအကြိတ် ခံရကြောင်း ပြောမည်။ ဒါမှ ဝိုင်းဝိုင်းက သနားပြီး မြန်မြန် အဖြေပေးလိမ့်မည်ဟု ဆိုသည်။

ညကျတော့မှ အဖေက ကျော်ဇင်ဦးကို မျက်နှာထား တင်းတင်းနှင့် မေးသည်၊

"ဟေ့ကောင် . . . မင်း ဝိုင်းဝိုင်းကို စာပေးတယ်ဆို"

ကျော်ဇင်ဦး လန့်သွား၏။ ခုမှပဲ တကယ် အထိုးခံရတော့ မယ် ထင်တယ်ဟု တွက်ပြီး . . .

"ကျွန်တော် နောက်တာပါ အဖေရာ"

ဟု ပြန်ဖြေသည်။ ထိုအခါ အဖေက . . .

"ဒါ . . . နောက်စရာ မဟုတ်ဘူးကွ"

သဘောကတော့ တကယ်ကြိုက်ရင် အတည်လုပ်ဟု ဆို လိုခြင်းပင် ဖြစ်လေ၏။

◈ ◈ ◈





တကယ်တော့ နှစ်ဖက်မိဘတွေအနေနဲ့ကလည်း ကျေနပ် သား ဖြစ်၏။ ငယ်ငယ်ကတည်းက တတွဲတွဲ နေလာခဲ့ကြတဲ့သူ ... တစ်နေ့ ဒီလိုဖြစ်လာမယ်လို့ သဘောပေါက်ထားပြီးသားပဲ။

ဒီလိုနဲ့ ကျော်ဇင်ဦးနှင့် ဝိုင်းဝိုင်းတို့ အဆင်ပြေသွားသည်။ အခါ သူတို့က တစ်တွဲ၊ စိုးချစ်နှင့် ခင်မေတင့်တို့က တစ်တွဲဆို ... မင်းသီဟနှင့် နန်းမွှေးတို့မှာ အလိုလို တွဲပြီးသား ဖြစ်သွား ... သူငယ်ချင်းတွေကလည်း ဝိုင်းပြီး တွန်းပို့ကြသည်။

ထို့ကြောင့် မင်းသီဟလည်း စိတ်ပါလာပြီး နန်းမွှေးကို ...ကပ် ကြိုးစားသည်။ နန်းမွှေး၏အဖြစ်မှာ မဲနှိုက်ရာမှာ နောက် ... အလှည့်ကျသူလို ဖြစ်နေ၏။ မဲလိပ်ကို နှိုက်နေစရာတောင် ...။ နောက်ဆုံးကျန်တာ ငါဟာပဲဆိုတဲ့ သဘောမျိုး။

သူက 'ဒီဂျပုကများ ရာရာစစ' ဆိုတာမျိုး လုပ်ချင်သေး ...။ သူငယ်ချင်းတွေက ဝိုင်းပြီး ဖျောင်းဖျတိုက်တွန်းကြသည်။ ...တော့မှ 'နင်တို့ဆန္ဒကို မပယ်ရှားချင်လို့၊ သိလား' ဆိုပြီး မင်းသီ ...ကို လက်ခံလိုက်သည်။

သူ့ကွယ်ရာမှာတော့ ဝိုင်းဝိုင်းက 'နန်းမွှေးအနေနဲ့ မင်းသီ ... သူ့ကို ကြိုက်ဖော်ရတာကိုပဲ ကျေးဇူးတင်ရဦးမယ်' ဟု ...ချက်ပြုလေ၏။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ထိုင်နေခဲ့ကြတာ တစ်နာရီလောက် ရှိပြီ
အစပိုင်းတုန်းကတော့ ခင်မေတင့်က စကားတွေ ပြောနေခဲ့ေ
သည်။ စိုးချစ်ကတော့ တစ်ခွန်းတစ်လေသာ တုံ့ပြန်ခဲ့သည်
နောက်ပိုင်းကျတော့ ခင်မေတင့်မှာလည်း ပြောစရာစကား
တော့၊ ဘာမှ မပြောဖြစ်ကြဘဲ ငြိမ်သက်နေခဲ့ကြတာတောင် န
ဝက်လောက် ရှိနေပြီ။

စိုးချစ်သည် ခင်မေတင့်တို့ စက်မှုတက္ကသိုလ်ထဲကို သွ
လေ့ မရှိ။ ကျော်ဇင်ဦးတို့က သွားရအောင်ဆိုပြီး ခေါ်သွားတုန်း
တစ်ခါသာ ရောက်ဖူးသည်။ ထိုစဉ်က ခင်မေတင့်မှာ အလွန်ဝ
သာရသည်။ ကျောင်းဝင်းထဲ လိုက်ပြပြီး စားသောက်ဆိုင်မှာ ဧ
မွေးသည်။ စိုးချစ်က နောက်ထပ် မသွားဖြစ်တော့၊

ခင်မေတင့်ကသာ စိုးချစ်ကို တွေ့ချင်လျှင် ရန်ကုန်တ
သိုလ်ထဲ သွားရသည်၊ ဒီအတွက် မိန်းကလေးသိက္ခာ ကျတယ်





ထင်၊ စိုးချစ်နှင့် ပတ်သက်လျှင် သူက စပြီး ချစ်ရေးမဆိုခဲ့တာက
ပဲ့လို့ အရာရာမှာ သူ့ဘက်က လိုက်လျောဖို့ ခင်မေတင့် အဆင်
သင့် ပြင်ထားခဲ့ပြီးသား ဖြစ်၏။

ရန်ကုန်တက္ကသိုလ်ထဲမှာ တွေ့ကြတော့လည်း သိပ်ထူးထူး
ားခြား မဟုတ်။ စားသောက်ဆိုင်မှာ တစ်ခုခု စားပြီး အတူတူ
န်ကြခြင်းသာ ဖြစ်၏။

ဒီနေ့တော့ ခင်မေတင့်က အင်းယားကန်စပ်ကို မသွားဖူး
သးသဖြင့် လိုက်ပို့ပါဟု တောင်းဆိုသည်။ ထို့ကြောင့် ကန်စပ်မှာ
ကြော်သွားစားသည်။ ပြီးတော့ ခင်မေတင့်ကပဲ တစ်နေရာရာမှာ
င်ရအောင်ဟု ဆိုသည်။

ခင်မေတင့်သည် ဝတ္ထုတွေထဲမှာ ဖတ်ခဲ့ရတဲ့အတိုင်း စိတ်
ယဉ်မိ၏။ ကန်စပ်မှာ ထိုင်ရင်း ရွက်လှေကလေးတွေကို ကြည့်
မည်။ ကန်ရေပြင်ပေါ်က ဖြတ်သန်းတိုက်ခတ်လာသော လေ
ကလေးတ သူတို့ကို ကျီစယ်မည်၊ စိုးချစ်က သူ့ပခုံးလေးကို
ဖ်ထားလိမ့်မည်၊ ပြီးတော့. . .

လက်တွေ့မှာတော့ ကန်ထဲမှာ ရွက်လှေတစ်စင်းမှ မရှိ၊
က နည်းနည်းထန်ချင်သည်။ စိုးချစ်ကလည်း ကန်ရေပြင်ဆီကို
ငေးကြည့်နေခဲ့တာ ကျောက်ရုပ်တစ်ရုပ်လား အောက်မေ့ရ

"စိုးချစ်"

ခင်မေတင့်က ခေါ်လိုက်သည်။ စိုးချစ်က မကြား။

"စိုးချစ်"

ထပ်ခေါ်မှ အသက်ဝင်လာသလို လှည့်ကြည့်သည်၊

"နင် ဘာတွေ စဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်... ဩော်... ဘာမှ မစဉ်းစားပါဘူး"

"မစဉ်းစားဘူးသာ ဆိုတယ်၊ နင် ရေကသိုဏ်း ရှုနေတာ ကြာလှပြီ"

"ဟို... ငါ ကဗျာရေးဖို့ စဉ်းစားနေမိလို့ပါ"

"နင့်အတွက် ကဗျာထက် အရေးကြီးတာ မရှိဘူး ထင် တယ်နော်"

စိုးချစ်က သက်ပြင်းချလိုက်သည်။ သူ ခုလိုပင် ခဏခဏ သက်ပြင်းချတတ်သည်။

"အရေးအကြီးဆုံး အရာတွေထဲမှာ ကဗျာလဲ ပါတယ်လို့ ပြောရင် ပိုမှန်မယ် ထင်တယ်"

"အဲဒီ အရေးကြီးတဲ့အရာတွေထဲမှာ ငါကော ပါလားဟင်"

စိုးချစ်က ခဏဆိုင်းပြီးမှ...

"ပါနိုင်ပါတယ်"

ဟု ပြောသည်။ စိုးချစ်သည် ခင်မေတင့် မေးသော မေ ခွန်း တော်တော်များများကို ခုလိုပင် 'ဟုတ်မှာပေါ့' 'ထင်တာ' 'ဖြစ်နိုင်တယ်' ဆိုတာမျိုး ဖြေလေ့ရှိ၏။ ယတိပြတ် မဟုတ်။

ခင်မေတင့်ကတော့...

"ငါ့အတွက်တော့ အရေးအကြီးဆုံးအရာဟာ တစ်ခု ရှိတယ်"

"ဘာလဲ"

"နင် စိတ်ချမ်းသာဖို့ပဲပေါ့" ဟု ပြောပြီး စိုးချစ်၏ ပ ပေါ် ခေါင်းမှီလိုက်သည်။ ထိုအခါ စိုးချစ်၏ကိုယ်က တွန့် ဖြစ်သွားကြောင်း သတိပြုလိုက်မိ၏။

◈ ◈ ◈





ခင်မေတင့်သည် တက္ကသိုလ် ရောက်နေသည့်တိုင် အရင် က အချိုးကို မပြောင်းသေး။ အဝတ်အစား ရိုးရိုးကြီး ဝတ်သည်။ ပ်ဆင်ခြယ်သခြင်း သိပ်မရှိ။ ဆံပင်အရှည်ကြီးကို ကျစ်ဆံမြီး ကျစ်ထားသည်။ ရန်ကုန်တက္ကသိုလ်တို့ စီးပွားရေးတက္ကသိုလ်တို့မှာ ဆိုထားနှင့်၊ သိပ်အလှပြင်လေ့ မရှိကြသော စက်မှုတက္ကသိုလ်မှာ တောင် သူ့ကို 'သူကြီးသမီး' ဟု ခေါ်ဆိုသည်။

ဒါကို ဝိုင်းဝိုင်းတို့က မကြိုက်။

"နင် ဒီလိုပုံစံကြီးမျိုး လုပ်နေရင် စိုးချစ်က ဗီလင်အောက် မှာပေါ့ဟ၊ တော်ကြာ တခြားကောင်မလေးတွေနောက် ပါသွားမယ်၊ မြန်မာစာဌာနက အချောအလှတွေ သိပ်ပေါတာနော်"

ဟု သတိပေးပြီး ခင်မေတင့်ကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပေးကြသည်။

ခင်မေတင့်သည် တက္ကသိုလ် ရောက်တဲ့အထိ ထဘီကို ခေါက်ထည့်ပြီး မဝတ်တတ်သေး။ ဝိုင်းဝိုင်းတို့က ထဘီတွေကို ပြန်ပြင်ချုပ်ခိုင်းသည်။ အင်္ကျီအရောင်လွင်လွင်ကလေးတွေ ဝတ် ခိုင်းသည်။ ခါတိုင်းလို ပြောင်တွေချည်းပဲ မဝတ်စေဘဲ အပွင့်က လေးတွေပါ ဆင်သည်။

အထူးသဖြင့် ဆံပင်ပုံစံကို လုံးဝပြောင်းလဲလိုက်၏။ ခင် မေတင့်၏ ပင်ကိုဆံပင်က အရှည်ကြီး ဖြစ်၏။ ပေါင်ရင်းနား လောက်ထိ ရောက်သည်။ ခင်မေတင့်က ကျစ်ဆံမြီးကြီး ကျစ်ထား တ၏။ ဒါကို ဝိုင်းဝိုင်းတို့က ခါးလည်လောက်အထိ ဖြတ်ပစ်ခိုင်း ။ ကျောင်းမှာ ခေတ်စားနေသော ဂျူးလီယက်ပုံ ဆံပင်ဖား ချစေသည်။ ခင်မေတင့်က ဒီလောက်တော့ မရဲသေးသဖြင့် က်မှာ စုစည်းထားလိုက်သည်။ ကျစ်ဆံမြီးထက် စာလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ခေတ်မီသွားပြီ။

တကယ်တော့ ခင်မေတင့်သည် အပြင်အဆင် မတတ်သောကြောင့်သာ ပုံက တုံးနေခြင်း ဖြစ်၏။ ခုလို ပြုပြင်ပြောင်းလဲလိုက်တော့ ရုပ်က ထွက်လာသည်။ ညိုစိမ့်စိမ့်နှင့် ကြည့်ကောင်းသော ရုပ်မျိုးဖြစ်၏။ အရပ်က မနိမ့်မမြင့်၊ ချပ်ချပ်ရပ်ရပ် ဝတ်စားလိုက်သောအခါ ကိုယ်လုံးအလှက ပေါ်လွင်လာသည်။ ထူးခြားတာကတော့ သူ၏ အညိုရောင်မျက်လုံးများ ဖြစ်၏။ ထိုမျက်ဝန်းများသည် ယောက်ျားလေးတွေကို စွဲဆောင်နိုင်သော အစွမ်းသတ္တိ ရှိ၏။ (စိုးချစ်က လွဲလျှင်ပေါ့)

စိုးချစ်ကတော့ သူ့ကို မိန်းကလေးတစ်ယောက်လို့တောင် သတိပြုမိပါရဲ့လားမသိ။ ခင်မေတင့် ဆံပင်ဖြတ်လာတဲ့နေ့တုန်းက အဖြစ်ကို ကြည့်၊

တကယ်ဆိုလျှင် ယောက်ျားလေးတစ်ယောက်သည် ကိုယ့်ချစ်သူကို အရိပ်တကြည့်ကြည့် ရှိနေသင့်သည်။ တချို့ဆို ကောင်မလေးရဲ့ ခြေဖမိုးက မှဲ့လေး အရောင်နည်းနည်းပြောင်းသွားတာမျိုးကအစ အသေးအဖွဲကလေးတွေတောင် ဂရုတစိုက် ရှိကြသည်။

စိုးချစ်ကျတော့ ဒီလိုမဟုတ်။ ထုံးစံအတိုင်းဆိုလျှင် ခင်မေတင့် ဆံပင်ဖြတ်လာသောကိစ္စနှင့် ပတ်သက်ပြီး. . .

"ဘာကြောင့် ဆံပင်တွေ ဖြတ်လိုက်တာလဲ၊ ကလက်တက်တက်နဲ့"

ဟု အပြစ်တင်ချင်တင်၊

"ဆံပင်ဖြတ်လိုက်တော့ ပိုတောင် နုသွားသေးတယ်"

ဟု ချီးကျူးချင် ချီးကျူး၊ ယုတ်စွအဆုံး 'ဆံပင်တွေ ဖြတ်လိုက်တယ် ထင်တယ်' ဆိုတာမျိုးလောက်တော့ အသိအမှတ်ပြုသင့်





ည်။ ခုတော့ လမ်းထိပ် မုန့်ဟင်းခါးဆိုင်က ကောင်မလေး
တ်ခမ်းနီ ဆိုးထားတာကို သတိမပြုမိသလိုမျိုးပါပဲလား။

ခုလို သူ့အပေါ် လျစ်လျူရှုခဲ့တာတွေကို ခင်မေတင့် တ
ည်းဖြည်း ပိုသိလာ၏။ စိတ်ထဲမှာလည်း သံသယ ဖြစ်လာသည်။
ကြောင့် ဝိုင်းဝိုင်းတို့ နန်းမွေးတို့ကို ရင်ဖွင့်မိ၏။ သူတို့က. . .

"စိုးချစ်အကြောင်းလဲ နင်သိသားပဲ၊ သူ ဝါသနာပါတဲ့
ဂျာကိစ္စကလွဲရင် ဘယ်နေရာမှာမျှ တက်တက်ကြွကြွ ရှိလို့လဲ၊
းတိဝေးကြောင် နေတတ်တာ သူ့အကျင့်ပဲလေ"

"ကျော်ဇင်ဦးတို့ မင်းသီဟတို့နဲ့ကျတော့ ဒီလိုမဟုတ်ပါဘူး၊
ာက်လားပြောင်လား နေတာပဲ"

"ဒါတော့ ယောကျ်ားလေးချင်းကိုးဟ၊ သူက တည်ချင်ရင်
တာင် ဟိုမျောက်လောင်းတွေက လိုက်စနေတဲ့ဟာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ နင်တို့ စဉ်းစားကြည့်၊ သူများသမီး
ည်းစားတွေနဲ့ လုံးဝမတူဘူး၊ ကိုယ် မကြိုက်ဘဲ မိဘချင်း သဘော
ထားတဲ့လူတွေတောင် ငါတို့ထက်တော့ ပိုပြီးရင်းရင်းနှီးနှီးနေမယ်
င်တယ်"

"စိုးချစ် ရှက်တတ်တာ နင် သိသားနဲ့ဟာ"

"နောက် ရှိသေးတယ်၊ သူက ယောကျ်ားလေး ဖြစ်ပြီး
ါတို့ကျောင်းတို့ မလာဘူး၊ ငါကပဲ သူ့ဆီ လာရတယ်၊ မိန်းကလေး
စ်ယောက်အနေနဲ့ ဘယ်လောက် သိက္ခာကျသလဲ၊ နောက်ပြီး
 သံသယ ဖြစ်နေတာ တစ်ခုရှိတယ်"

"ဘာလဲ"

"သူ ငါ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားလို့"

"ဟာ. . . နင်ကလဲ၊ တကယ်မချစ်ဘဲနဲ့ ဒီအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပါ့မလား"

"ငါ့စိတ်ထဲမှာ သံသယ ဖြစ်နေတာက သူဟာ ဟိုတုန်းက အနေနီးပြီး စိတ်ကစားလို့သာ ငါ့ကို ချစ်မိတာ၊ ခုတော့ တဖြည်းဖြည်း စိတ်ဝင်စားမှု လျော့သွားပြီလို့ ထင်တယ်၊ ပြီးတော့ သူ တခြား တစ်ယောက်ယောက်များ ထပ်တွေ့နေပြီလား မသိဘူး"

"ဟာ. . . မဟုတ်တာ၊ မဖြစ်နိုင်ပါဘူး"

ပြောသာပြောရတယ်၊ ဝိုင်းဝိုင်းတို့လည်း နည်းနည်းတော့ စဉ်းစားစရာ ဖြစ်လာ၏။ ကျော်ဇင်ဦးတို့ကလည်း. . .

"ဟုတ်တယ်ဟ. . . ဒီကောင် ခင်မေတင့်ကို ဆက်ဆံပုံက တစ်မျိုးပဲ၊ သမီးရည်းစားနဲ့ သိပ်မတူဘူး"

သူတို့ စိုးရိမ်တာက စိုးချစ် တခြားမိန်းကလေး တစ်ယောက်ကိုများ စိတ်ဝင်စားနေသလား ဆိုသော ကိစ္စမဟုတ်၊ ကျောင်းစာက လွဲလျှင် ကဗျာတွေ စာတွေထဲမှာပဲ နစ်မျောနေ၍ ခင်မေတင့်ကို ဂရုမစိုက်နိုင်အားတာဟု ထင်နေကြခြင်းသာ ဖြစ်၏။

စိုးချစ်သည် ကျောင်းမဂ္ဂဇင်း ကော်မတီထဲမှာလည်း ပါသည်၊ ပန်းချီခန်းက နံရံကပ်စာစောင်မှာလည်း အယ်ဒီတာ အဖွဲ့ဝင် ဖြစ်သည်၊ ကဗျာတွေ ရေးပြီး မဂ္ဂဇင်းတိုက်တွေ ပို့သည်။ အားလျှင် မြို့ထဲ သွား၊ သုံးဆယ့်သုံးလမ်းထိပ်က ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး စာရေးဆရာ၊ ကဗျာဆရာများ၏ သြဝါဒကို ခံယူလေ့ ရှိ၏။

◈ ◈ ◈





တစ်ရက်မှာ မေရီအောင် ကျောင်းထဲ လာလည်သည်။ အနုပညာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှာ တက်နေသည်။ အခုတော့ သူသည် ဝိုင်းဝိုင်းတို့ နန်းမွှေးတို့ဆီ လာခြင်းဖြစ်၏။ ဝိုင်းဝိုင်းတို့က ကျော်ဇင်ဦးတို့နှင့်အတူ ဂုဏ်ရုံက ဂျပန်အချစ်ဇာတ်ကား ကြည့်ဖို့ ထွက်သွားကြပြီ။

စီးပွားရေးတက္ကသိုလ်မှာ ဝိုင်းဝိုင်းတို့ကို ရှာမတွေ့သဖြင့် ပြန်ထွက်လာသော မေရီအောင်သည် လမ်းမှာ စိုးချစ်နှင့် သွားဆုံသည်။

"တဲ. . . တွေ့တဲ့လူကိုပဲ ညှဉ်းရတော့မှာပဲ၊ ဧည့်သည်ကို ဘာကျွေးမလဲ"

ဟု မေရီအောင်က ပြောသည်။ စိုးချစ်က. . .

"စားချင်တာ ပြောလေ၊ ကျွေးပါ့မယ်"

"စားတော့ မစားချင်ဘူး၊ အအေးသောက်ချင်တယ်၊ စိုးချစ်တို့ ကျောင်းက အမေကြည့် အအေးဆိုင်မှာ သံပုရာဖျော်ရည် ကောင်းတယ်လို့ နာမည်ကြီးတယ်လေ"

သူတို့နှစ်ယောက် အမေကြည့် ဆိုင်မှာ ထိုင်ဖြစ်ကြ၏။ မေရီအောင်က ခင်မေတင့်အကြောင်း မေးသည်။

"ဟိုတလောက ဗိုလ်ချုပ်ဈေးထဲမှာ ခင်မေတင့်နဲ့ တွေ့သေးတယ်၊ သူက ဆယ်တန်းတုန်းကလို မဟုတ်တော့ဘူးနော်၊ ပိုင်တတ်ဆင်တတ်လာပြီ၊ သူ လှပုံက တစ်မျိုးပဲ၊ တစိမ့်စိမ့်ကြည့်လေ လှလေ ဆိုတာမျိုး၊ စိုးချစ်က ကဗျာဆရာလို့ မပြောရဘူး၊ တကယ် စစ်မှန်တဲ့အလှကို ကြည့်တတ်တယ်"

စိုးချစ် ပြုံးရုံသာ ပြုံးနေလိုက်၏။

မေရီအောင်က စကားပြော ကောင်းသည်။ သွက်လည်း



www.burmeseclassic.com

www.burmeseclassic.com

သွက်သောကြောင့် စကားဝိုင်းက စိုပြည်နေ၏။ စိုးချစ်ပင်လျှ
စကားတွေ အတော်များများ ပြန်ပြောမိသည်။ သူကိုယ်တိုင်
မေရီအောင်နှင့် စကားပြောရတာ စိတ်ပါလက်ပါ ရှိတာလည်း
တစ်ကြောင်း။

မေရီအောင်က သူတို့ကျောင်းမှာ တွေ့ကြုံရသော ရယ်ရ
ရာများအကြောင်း ပြောပြသည်။ စိုးချစ်ကလည်း ပြန်ပြောသည်
သူတို့နှစ်ယောက်သည် အပြန်အလှန် ဟာသတွေ ပြောရင်း ရယ်
မောနေကြစဉ်. . . ခင်မေတင့်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပ
ရောက်ရှိလာခဲ့သည်။

သူ ရောက်လာသဖြင့် မေရီအောင်က ဝမ်းသာအား
ဖြစ်သွားပြီး. . .

"ဟယ်. . . ကြည့်စမ်း၊ ခုပဲ နင့်အကြောင်း ပြောနေတာ
တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတယ်"

ဟု ဆီးကြိုပြောသည်။ ခင်မေတင့်က. . .

"ငါ့အကြောင်းထဲမှာ ဘာများ ရယ်စရာပါလို့လဲ"

ဟု မေးသည်။

"ရယ်စရာက ငါတို့ကျောင်းက အကြောင်းပါ၊ နင့်အ
ကြောင်းကတော့ နင် ပိုလှလာတဲ့အကြောင်း ပြောတာ"

"နင့်လောက်နီးနီး လှလာတယ်ပေါ့ ဟုတ်လား"

"အံမယ်. . . ကြည့်စမ်း၊ ကဗျာဆရာနဲ့ ပေါင်းပြီး စကား
တွေပါ တတ်လာပြီ"

စိုးချစ်ကတော့ အနေရ ခက်နေသည်။ တစ်ယောက်က
သူ ချစ်နေပါလျက် ဖွင့်ပြောလို့ မဖြစ်သော မိန်းကလေး။ တစ်
ယောက်ကတော့ သူ မချစ်ပါဘဲလျက် ဟန်ဆောင် ချစ်နေရသူ။





မေရီအောင်ကတော့ ဘာမှမသိ။ နောက်ပြောင်ပြောဆို
ကျိုးနောက် နှုတ်ဆက်၍ ပြန်သွားသည်။ မေရီအောင် မရှိတော့တာ
နှင့် တစ်ပြိုင်နက် စိုးချစ်သည် နှုတ်ဆိတ်ပြီး မထုံတက်သေး ပြန်
ဖြစ်သွားလေတော့သည်။

ခင်မေတင့် စိတ်ထဲမှာတော့ သံသယတွေက ပိုမိုတိုးပွား
ပြည့်နှက်လာသည်။ ပြီးခဲ့သော အပတ်က စိုးချစ်ဆီ သူ ရောက်ခဲ့
သေးသည်။ သူတ အင်းလျားကန်စပ်မှာ အကြော်သွားစားရအောင်
ပြောတော့ စိုးချစ်က 'နှစ်လည်မဂ္ဂဇင်း ကော်မတီ အစည်းအဝေး
ရှိတယ်၊ မအားဘူး' ဟု ပြောပြီး လမ်းခွဲထွက်သွားသည်။ ဒီနေ့
မေရီအောင်နှင့်ကျတော့ အအေးဆိုင်မှာ ထိုင်ဖို့ အချိန်ရသည်။
သူနှင့်ကျတော့ စကားတောင် ဟဟ မပြောတဲ့သူက မေရီအောင်
နှင့်ကျတော့ နှုတ်တွေလျှာတွေ သွက်လို့။ သူနှင့်ဆို မှုန်ကုပ်ကုပ်
ဖြစ်နေတတ်သူက မေရီအောင်နှင့်ကျတော့ ရယ်လို့မောလို့။

ဒီနေ့ တွေ့လိုက်ရသော မြင်ကွင်းကတော့ တကယ့်ကို
မခံရပ်နိုင်စရာပင် ဖြစ်၏။

အိမ်ပြန်လာသော လမ်းတစ်လျှောက်တွင် နှစ်ယောက်စ
လုံး နှုတ်ဆိတ်နေကြသည်။ စိုးချစ်က ဒါမျိုး ဖြစ်နေကျဆိုတော့
မသိသာလှ။

ခင်မေတင့်ကတော့ ခါတိုင်းဆိုလျှင် စကားတွေ ပြောနေ
ကျ။

"စိုးချစ်. . . နင် နေကောင်းရဲ့လား၊ နည်းနည်းပိန်သွားသ
လိုပဲ၊ ညဘက် အိပ်ပျက်ခံပြီး ကဗျာတွေ ရေးလို့လား၊ ဆံပင်ကြီးက
လည်း ရှည်လှပြီ၊ ညှပ်လိုက်ပါလား၊ အေးလေ. . . ကြည့်လို့တော့
ကောင်းပါတယ်၊ ဒါပေမယ့် ခေါင်းတော့ မှန်မှန်လျှော်ဦးနော်၊



www.burmeseclassic.com

www.burmeseclassic.com

တော်ကြာ ငါ ငယ်ငယ်ကလို အနာတွေ ပေါက်လို့ ကတုံး တုံးနေရဦးမယ်၊ ကျောင်းကော မှန်မှန်တက်ရဲ့လား"

စသည်ဖြင့်. . .

ဒီနေ့တော့ ခင်မေတင့်လည်း စကားမဟဘဲ ငြိမ်နေသည်။ သူ့ရင်ထဲမှာတော့ ပြောစရာ စကားတွေက တလိပ်လိပ် ဖြစ်နေ၏။

ဈေးရှေ့ မှတ်တိုင်မှာ ကားပေါ်က ဆင်းပြီး မြေနီလမ်းအတိုင်း သူတို့ရပ်ကွက်ဖက် လျှောက်လာခဲ့ကြသည်။ ခဏကြာမှ စိုးချစ်က စကားစပြောသည်။

"နင် နောက်ကို ငါတို့ကျောင်းကို သိပ်မလာနဲ့၊ ငါ့ဆီလာရင် နင့်အတန်းချိန် နောက်ဆုံးတစ်ချိန်နှစ်ချိန် ဖျက်လာရတာဆို၊ နင်တို့ဆီမှာက စာတွေလဲ ခက်တယ် မဟုတ်လား၊ တစ်ရပ်ကွက်တည်း နေနေကြတာ၊ အမြဲတွေ့လို့ရတာပဲ"

စိုးချစ်က ရိုးရိုးပြောခြင်း ဖြစ်၏။ သို့ရာတွင် ခင်မေတင့်က. . .

ကျောင်းမှာ တွေ့ခဲ့တဲ့ကိစ္စနှင့် ဆက်စပ် စဉ်းစားလိုက်သည်။ သူ့ကိုတော့ မလာနှင့်တဲ့၊ မေရီအောင်နှင့်ကျတော့၊

ဘာသဘောလဲ။ မေရီအောင်က စိုးချစ်ဆီ မကြာခဏ လာတတ်သလား။ သူတို့ လွတ်လွတ်လပ်လပ် တွေ့နိုင်အောင် တမင် ပထုတ်ချင်တဲ့ သဘောလား။ စိုးချစ်၏စကားက ခင်မေတင့်၏ သံသယကို အတည်ပြုပေးလိုက်သလို ဖြစ်သွား၏။

ရေတွင်းပျက်ကြီးနား ရောက်လာသည်။ ခင်မေတင့်က လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး. . .

"နင့်ကို ငါ ပြောစရာတစ်ခု ရှိတယ်"

စိုးချစ်က. . .





"ဟာ. . စောစောကတော့ မပြောဘူး၊ အိမ်မှပဲ ပြန်ရောက်တော့မယ်"

"ငါ အခုမှ ပြောချင်လာတာ"

စိုးချစ်က အလိုမကျဟန်ဖြင့် ခင်မေတင့်ကို ကြည့်လိုက်သည်။ ခင်မေတင့် မျက်နှာထားက ခါတိုင်းနှင့် မတူ၊ အရင်လို ချစ် တစ်ခွန်းပြောလိုက်တာနဲ့ ခေါင်းညိတ်ပြီးသား ဖြစ်မည့်ပုံစံ မဟုတ်တော့၊

"ကဲ. . . ဒါဆိုလဲ ပြော"

ခင်မေတင့်က နှုတ်ခမ်းကို ကိုက်ပြီး ခဏတွေနေသည်။

"ပြောမယ်ဆိုလဲ ပြောလေ"

စိုးချစ်က ခါတိုင်းလို ခပ်ငေါက်ငေါက် လေသံဖြင့် ပြောလိုက်၏။ ခင်မေတင့်ကတော့ မျက်လုံးလေး ကလယ်ကလယ် ဖြစ်မသွားတဲ့အပြင် စိုးချစ်ကို စေ့စေ့ပြန်ကြည့်လိုက်ပြီး. . .

"နင် ငါ့အပေါ် စိတ်ဝင်စားမှု မရှိတော့ဘူး မဟုတ်လား"

စိုးချစ် နည်းနည်း အံ့ဩသွားသည်၊ ခင်မေတင့်ဆီက ဒီလိုလေသံ ဒီလိုအကြည့်မျိုး အရင်က မရဖူးခဲ့၊

"ဟာ. . . မဟုတ်တာဘဲ"

"ဟုတ်ပါတယ်၊ ငါရိပ်မိနေတာ ကြာပါပြီ၊ နင့်ပုံစံက ငါနဲ့ စကားပြောတဲ့အခါမှာ စိတ်မပါသလိုလို၊ ငါနဲ့ တွဲသွားရတာကို စိတ်ကျဉ်းကျပ်သလိုလို ဖြစ်နေတယ်"

"မဟုတ်ပါဘူး"

ဟု ငြင်းလိုက်သော်လည်း စိုးချစ် လေသံက ဝန်ခံသလိုမျိုး ဖြစ်နေ၏။

"နင်. . . နင်. . . ငါ့ကို တကယ် မချစ်ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com


'ဘာတွေ လျှောက်ပြောနေတာလဲ' ဟု ဟောက်လိုက်မည်ပြုပြုလိုက်သည်။ စိတ်ကူးသော်လည်း မလုပ်ဖြစ်။ ခင်မေတင့်က ဆက်ပြောသည်

"နင် ချစ်တာက တခြားတစ်ယောက်ပါ"

စကားလမ်းကြောင်း ဦးတည်ရာက ပစ်မှတ်နှင့် တဖြည်းဖြည်း နီးလာပြီ။ စိုးချစ် စိုးရိမ်လာ၏။ တစ်ခုခု ပြောတော့မည်ဟု ပြင်လိုက်စဉ်မှာပင် ခင်မေတင့်က မြားတစ်စင်းနှင့် တည့်တည့်ကြီး ခွင်းလိုက်လေသည်။

"နင် တကယ်ချစ်တာက မေရီအောင်ပါ"

စိုးချစ် တုန်လှုပ်ချောက်ချားသွားသည်။

"နင်. . . နင်. . . ဘယ်လိုလုပ် သိလဲ"

ဟု လွှတ်ခနဲ ပြောလိုက်မိ၏။ စိုးချစ် စကားမှားသွားပြီ။ တကယ်တော့ ခင်မေတင့်က ဒီနေ့ စိုးချစ်နှင့် မေရီအောင်တို့ စကားပြောဆို ရယ်မောနေတာကို သဝန်တိုပြီး စွပ်စွဲလိုက်ခြင်းသာ ဖြစ်၏။ 'မဟုတ်ပါဘူး၊ နင့်ကိုပဲ ချစ်တာပါ' ဟု ပြန်ပြောလိုက်လျှင် ကျေနပ်ကောင်း ကျေနပ်သွားနိုင်သည်။

သို့ရာတွင် စိုးချစ်က သူ့ရင်ထဲမှာ ကာလကြာရှည်စွာ တအုံ့နွေးနွေး ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရသော လျှို့ဝှက်ချက်ကို ခင်မေတင့် သိသွားပြီဟု ရုတ်တရက် တွေးထင်မိပြီး ခုလို ပွင့်အန် ထွက်သွားခြင်း ဖြစ်၏။

"နင် ဝန်ခံတယ်ပေါ့"

ခင်မေတင့်က မေးသည်။ စိုးချစ် ဆုံးဖြတ်ချက် ချလိုက်သည်။ ခေါင်းတစ်ချက် ဆတ်ပြီး. . .

"ငါ ဝန်ခံပါတယ်၊ တကယ်တော့. . ."

ကံကော်ပန်း ပေးတဲ့ကိစ္စမှစပြီး စာများပေးခဲ့မိသည်အထိ

ခင်မေတင့်သည် နားထောင်နေရင်းက သူ့မျက်နှာပေါ် မှာ အရိပ်အသွင်တွေ အမျိုးမျိုး ထင်ဟပ် ပေါ်လွင်နေ၏။ စိုးချစ်၏ စကားများသည် ရုပ်ရှင်ဇာတ်ကားတစ်ကား၏ နောက်ကြောင်းပြန် ပြကွက်လို ဖြစ်နေ၏။ သို့ရာတွင် ဒီဇာတ်လမ်းထဲမှာ တကယ် ပါဝင်ခဲ့သူက သူကိုယ်တိုင် ဖြစ်ကြောင်း ခင်မေတင့် သိလာသော အခါ. . .

"ဘာ. . . ဒါဟာ တကယ်ပဲလားဟင်၊ တကယ်ပဲလား၊ ငါ ဘယ်လို ယုံရမှာလဲ. . . ငါ"

"ငါ တောင်းပန်ပါတယ်၊ တကယ်တော့ ငါ့အနေနဲ့ အစကြီးကတည်းက အမှန်အတိုင်း ပြောပြသင့်ပါတယ်၊ ဒါပေမဲ့ . . ."

"ဘာဖြစ်လဲ. . . ဖွင့်ပြောလိုက်ရင် ငါ သိက္ခာကျသွားမှာစိုးလို့ပေါ့ ဟုတ်လား၊ အခုကော သိက္ခာမကျတော့ဘူးလား၊ ရှက်စရာကောင်းလိုက်တာဟာ၊ နင်နဲ့ ချစ်ခွင့်ရခဲ့လို့ ငါ အရမ်းပျော်ခဲ့ရတယ်၊ ငါ့ဘဝမှာ အလိုချင်အတောင့်တဆုံးအရာကို ရခဲ့ပြီလို့ ထင်မိတယ်၊ တကယ်တော့ ငါဟာ အရှက်အိုးကြီးကို အချစ်မှတ်ပြီး ပွေ့ပွေ့ တပိုက်ပိုက်နဲ့ နေခဲ့တဲ့ ကောင်မပါလားဟယ်"

စိုးချစ် ဘာမှ ပြန်မပြော။ သူ့မှာ ပြောစရာ စကားလည်း မရှိ။ ခင်မေတင့် ယူကျုံးမရ ပြောသမျှ နာခံနေဖို့သာ ရှိ၏။

"နင့်ကို ငါ တဖက်သတ် ချစ်နေခဲ့တယ်ဆိုတာ လူတိုင်း သိပါတယ်၊ ဒီအတွက်တော့ ငါ မရှက်ပါဘူး၊ နင်က ငါ့ကို ချစ်တယ် ဆိုတာကို ယုံမိတာသာ ရှက်စရာ ကောင်းတာပါ၊ ငါက မလှလို့ နင်က မချစ်ဘူးဆိုရင် ငါကျေနပ်ပါတယ်၊ ငါ့ရဲ့ တစ်ဖက်သတ်



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကို ရင်ထဲမှာ သိမ်းထားလိုက်ရုံပေါ့၊ ဒါမှမဟုတ် မေရီအောင်ရဲ့ အချစ်ကို မရလို့ သူ့နေရာမှာ ငါ့ကို အစားထိုးခဲ့တာ ဆိုရင်တောင် ဖြေသာပါသေးတယ်၊ ခုတော့ လူမှားပြီး ချစ်မိတာတဲ့၊ မှားပြီး အချစ်ခံရတာတဲ့၊ ငါ ဘယ်လို ဖြေရမလဲဟင်"

ခင်မေတင့် အသံတွေ တုန်လာသည်။ မျက်ဝန်းထဲမှာတော့ မိုးသားတွေ ညို့လာပြီး ကုံကော်ပင်ကြီးဆီ ငေးကြည့်ရင်း သူ ဆက်ပြောသည်။

"ငါလေ ဗိသုကာဘွဲ့ရပြီးရင် နင်နဲ့ငါနဲ့ အတူနေဖို့ အိမ်လှလှလေးတစ်လုံးကို ပုံစံထုတ်ပြီး ဆောက်မယ်လို့ စိတ်ကူးယဉ်ခဲ့မိတယ်၊ အခုတော့. . . အခုတော့. . . ငါ့အိမ်ကလေးက ပုံကြမ်းအဆင့်မှာပဲ တစ်စစီ ပြိုကျပျက်စီးသွားပါပကောလား စိုးချစ်ရယ်"

ခင်မေတင့် ရှိုက်ကြီးတငင် ငိုနေပြီ။ စိုးချစ်သည် ငြိမ်သက်တိတ်ဆိတ်စွာ ရပ်နေသည်။ ငိုချင်လို့ ငိုသောသူ၊ မငိုရင် မဖြစ်လို့ ငိုသောသူကို ဘယ်သူကမှ တားမြစ်ပိုင်ခွင့် မရှိ။

. . . . . .





စားပွဲပေါ်မှာ ဖြန့်ချထားသော မြေပုံကို ကြည့်ပြီး ခင်မေတင့် ပြုံးလိုက်မိမလိုတောင် ဖြစ်သွား၏။ ဟိုတစ်ခါ မြေပုံကြမ်းထုတ်လာတုန်းက ရေတွင်းပျက်ကြီးနှင့် ကုံကော်ပင်ကြီးတို့ကို ထည့်မဆွဲဘဲ ချန်ထားခဲ့သဖြင့် အပြစ်တင်သည့်သဘော ပြောခဲ့ဖူးသည်။

ဒီတစ်ခါကျတော့ မောင်ကျော်က တကယ် အသေးစိတ်တိတိကျကျ ဆွဲလာခဲ့သည်။ တဲအိမ်စုများ၊ မြေနီလမ်း၊ မြောင်းကူးသစ်သားတံတားလေး၊ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်တို့ကို အရောင်တွေ ခွဲပြီး ဆွဲပြထားသည်။ သစ်ပင်တွေကို တစ်ပင်ချင်း အမှတ်စဉ် ထိုးပြီး အောက်ခြေမှာ အပင်အမျိုးအစားပါ ခွဲပြထားသည်။

ရေတွင်းပျက်ကြီးကို စက်ဝိုင်းနှစ်ထပ်နှင့် ပြပြီး အညိုရောင် ခြယ်ထားသည်။ ကုံကော်ပင်ကြီးကိုတော့ သစ်ပင်သင်္ကေတန်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်အောင် ရေးဆွဲပြီး အစိမ်းရင့်ရောင် ခြယ်ထား၏။

တကယ်တမ်းသာ တိတိကျကျ ဆွဲမည်ဆိုလျှင် ကဲ့ကော် ပင် အနီးမှာ တည်တည်ငြိမ်ငြိမ် ရပ်နေသော ကောင်လေး တစ် ယောက်နှင့် ရှိုက်ကြီးတငင် ငိုကြွေးနေသော ကောင်မလေး တစ် ယောက်တို့၏ ပုံများကိုပါ ထည့်ဆွဲမှ ပြည့်စုံပေလိမ့်မည်။

"စာချုပ်စာတမ်းကိစ္စ၊ ရုံးကိစ္စ၊ လျော်ကြေးပေးဖို့ကိစ္စ အားလုံး အဆင်ပြေပါတယ် မမ၊ တစ်ခုပဲ ကျွန်တော် တင်ပြစရာ ရှိ ပါတယ်"

မောင်ကျော်က ပြောသဖြင့် မြေပုံပေါ် ကြည့်နေရာမှ 'ဘာလဲ' ဟု ခင်မေတင့် ပြန်မေးလိုက်သည်။

"တဲအိမ်စုမှာ နေတဲ့လူတွေက အားလုံး ဆင်းရဲကြတဲ့လူ တွေချည်းပါပဲ၊ သူတို့မှာ ငွေပိုငွေလျှံလည်း ရှိကြတာ မဟုတ်ဘူး ခင်ဗျာ"

"အေးလေ. . . ဆင်းရဲလို့ တဲနဲ့ နေကြတာပေါ့၊ ငါတို့ဆီက ငွေထုတ်ပေးလိုက်ရင် လုပ်ကိုင်စားဖို့ အရင်းအနှီးတောင် ထွက်မှ လာဦးမယ်"

"ဟုတ်ပါတယ်၊ တစ်ခုရှိတာက သူတို့ကို အိမ်ဖျက်ပြီး ပြောင်းမယ့်နေ့ကျမှ ငွေထုတ်ပေးမယ်ဆိုရင် သူတို့အတွက် အခက် အခဲ ရှိနိုင်ပါတယ်၊ သူတို့အနေနဲ့ ပြောင်းဖို့ရွှေ့ဖို့ ကြိုတင်စီစဉ်နိုင် အောင် ငွေတချို့တဝက် ကြိုထုတ်ပေးရင် ကောင်းမလားလို့"

"အင်း. . . ဒါလဲ စဉ်းစားစရာပဲ"

"အဲဒီလူတွေက လူရိုးလူကောင်းတွေပါ၊ ကတိဖျက်မယ့်လူ မျိုးတွေ မဟုတ်ပါဘူး၊ ပြီးတော့ ငွေကိုလဲ ရပ်ကွက်လူကြီးတွေ ရှေ့မှာ သက်သေထားပြီး ပေးမှာပါ"





"ကောင်းပြီလေ၊ အဲဒီအတိုင်း ဆက်လုပ်ပေါ့"

"ဟုတ်ကဲ့၊ အဲဒီကိစ္စတွေနဲ့ တစ်ပြိုင်တည်း ခြံဝင်းခတ်ဖို့ကို စလုပ်ပါမယ်၊ ပြီးတော့. . . ဟို. . ."

မောင်ကျော်က မြေပုံပေါ်မှ တစ်နေရာကို ထောက်ပြ ယ် ပြုစဉ် စားပွဲပေါ်က ရုံးတွင်းပြော ဖုန်းသံသဲ့သဲ့ မြည်လာ ည်။ ခင်မေတင့်က တောက်ကိုင်ပြီး နားထောင်သည်။ တစ်ဖက် အတွင်းရေးမှူးမလေးက. . .

"မမဆီကို ဖုန်းလာပါတယ်"

"အရေးမကြီးရင် နောက်မှ ပြန်ဆက်ပါလို့ ပြောလိုက်"

"ကျွန်မလဲ အဲဒီအတိုင်း ပြောပါတယ်၊ ဒါပေမယ့် သူက နာမည်သာ ပြောလိုက်ပါလို့ ပြောနေတယ်"

"ဘယ်သူတဲ့လဲ"

"ဖရင်ကီတဲ့"

ခင်မေတင့်ကိုယ်က တောင့်ခနဲ ဖြစ်သွား၏။ ခဏတွေနေ. . .

"ကောင်းပြီ. . . ငါ့ဖုန်းနဲ့ ဆက်ပေးလိုက်"

ရုံးတွင်းပြော ဖုန်းကို ချပြီးနောက် ဖုန်းတစ်လုံးကို ကိုင် ခလုတ်တစ်ခုကို နှိပ်ပြီး သံပြတ်ဖြင့် . . .

"ပြောပါ"

"မေတင့်လား. . . ကိုယ်ပါ၊ ဖရင်ကီပါ၊ ကိုယ် အခု ရန် ကုန် ရောက်နေတယ်"

ခင်မေတင့်က ဘာမှမပြောဘဲ နားထောင်နေသည်။ တစ် ဆက်၍. . .

"ကိုယ် မေတင့်နဲ့ တွေ့ချင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"တွေ့စရာ အကြောင်းမှ မရှိတော့ဘဲ"

ခင်မေတင့် လေသံက မာသွားသည်။ တစ်ဖက်မှ ရယ်သံ သဲ့သဲ့လိုလို ကြားရပြီး. . .

"တကယ်ကို ပြတ်သားနေပါလား၊ ဒီလိုပါ၊ ကိုယ် ဒီမှာ သုံးပတ်လောက် နေမယ်၊ ရန်ကုန်မှာ ရှိနေတုန်း ကိုယ်တို့ နှ ယောက်ရဲ့ ကိစ္စကို ရှင်းရှင်းလင်းလင်း ဖြစ်အောင် လုပ်လိုက်ချ တယ်လေ"

ခင်မေတင့် ခဏဆိုင်းပြီး. . .

"ကောင်းပြီလေ၊ အဲဒီအတွက်ဆိုရင်တော့ ရပါတယ်"

"ဒါဆို ဒီညနေငါးနာရီ ကိုယ်တည်းတဲ့ ဒိုင်းမွန်းဟိုတယ်မှ ဆုံမယ်၊ ဟုတ်လား"

"ကောင်းပြီ"

ဖုန်းချလိုက်သည်။ သူ့မျက်နှာက တင်းမာမှု အရိပ် ယောင်တွေ ထင်ဟပ်နေဆဲ၊ ဒီဘက်ကို ပြန်လှည့်လိုက်တေ မောင်ကျော်သည် မြေပုံပေါ်မှာ လက်ညှိုးကို ထောက်ထားလျှ သား စောင့်နေတာ တွေ့ရ၏၊ သူ ထောက်ပြထားသောနေရာ ကံ့ကော်ပင်ကြီး၏ပုံ ဖြစ်၏၊ မောင်ကျော်က. . .

"ကျွန်တော် စိတ်ကူးတစ်ခု ရလို့ပါ၊ ပရောဂျက် လုပ်တဲ့ ခါ ဒီကံ့ကော်ပင်ကြီးကို ချန်ထားပြီးတော့ ဘေးပတ်ပတ်လည်မှာ

"ချန်မထားနဲ့၊ အဲဒီကံ့ကော်ပင်ကြီးကို ခုတ်ပစ်လိုက်"

"ခင်ဗျာ"

"ဟုတ်တယ်. . . ခုတ်ပစ်လိုက်၊ အမြစ်ပါ မကျန်အော ဒိုဇာနဲ့ ထိုးပြီး ရှင်းပစ်လိုက်၊ ရေတွင်းပျက်ကြီးကိုလဲ ဖြိုချ မြေဖို့ပစ်လိုက်"





"ဟို. . . ဟို. . . ကံ့ကော်ပင်ကြီးက သိပ်လှတယ် မမ၊ အဲဒါ"

"ဘာပြောတယ်"

ခင်မေတင့်အသံက ကျယ်သွားသည်။ မောင်ကျော်ကို စူး စူးစိုက်စိုက် ကြည့်လိုက်သည်။ မောင်ကျော် နှုတ်ဆိတ်သွား၏။

ခင်မေတင့်သည် ဆော့ပင်တစ်ချောင်းကို လှမ်းယူပြီး မြေ ပုံပေါ်ရှိ ကံ့ကော်ပင်နှင့် ရေတွင်းပျက်ကြီး နေရာပေါ်မှာ ကြက်ခြေ ခတ် ခြစ်ချလိုက်သည်။

. . . ၆၈၁၂ . . .



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်ကို သိပြီးနောက် ခင်မေတင့်သည် သူငယ်ချင်းတွေကို ရှောင်နေတော့သည်။ ဝိုင်းဝိုင်းတို့က နှစ်သိမ့်အားပေး ကြိုးစားသော်လည်း မရ။

နောက်ပိုင်းကျတော့ အိမ်မှာ မနေတော့ဘဲ စက်မှုတက္ကသိုလ်နားက အမျိုးသမီး အဆောင်တစ်ခုမှာ သွားနေသည်။ ဝိုင်းဝိုင်းတို့က သွားလည်ကြသေးသည်။ ခင်မေတင့်က. . .

"ဒီနေရာလေးဟာ ငါ့အတွက် အရမ်းအဆင်ပြေတယ် ကျောင်းနဲ့လည်း နီးတယ်၊ အေးချမ်းတိတ်ဆိတ်တယ်၊ ငါ့အတွက် ပတ်ဝန်းကျင်အသစ်ဆိုတော့ အတိတ်ကို တူးဖော်မယ့်သူလဲ မရှိဘူး ဘဝသစ်တစ်ခု စလို့ အကောင်းဆုံးပေါ့၊ ငါ့ကို ဒီနေရာက ထွက်ပြေးရအောင်တော့ ထပ်မလုပ်ကြပါနဲ့တော့"

ဟု ပြောလိုက်သည်။ သူသည် အတိတ်က အသိုင်းအဝိုင်းတော့။





ဖြစ်အပျက်အားလုံးနှင့် အဆက်အသွယ် ဖြတ်လိုသည့်သဘော ဖြစ်၏။ သူ့ဆန္ဒကို လိုက်လျောပေးကြရုံကလွဲပြီး ဘာမျှမတတ်င်။

ဖြစ်ပျက်ခဲ့သော ကိစ္စများနှင့် ပတ်သက်ပြီး စိုးချစ်ကို ပြစ်တင်လို့ မဖြစ်ကြောင်းကိုလည်း သူငယ်ချင်းတွေက နားလည် ကြသည်။ စိုးချစ်မှာ အပြစ်တစ်စုံတစ်ရာ ရှိသည်ဆိုလျှင် ထိမ် န်မှုကိုသာ ပြစ်ရာရှိ၏။ ဒါကလည်း ခင်မေတင့်၏ ဂုဏ်သိက္ခာ ငဲ့ကွက်ပြီး ဖွင့်မပြောရက်ခဲ့ခြင်းသာ ဖြစ်၏။ တကယ်လို့သာ ခုလို အခြေအနေမျိုး မကြုံခဲ့လျှင် စိုးချစ်သည် ထိုလျှို့ဝှက်ချက် တစ်သက်လုံး ဖွင့်ပြောမှာ မဟုတ်။ နောက်ဆုံးအချိန်အထိ ခံစားချက်တွေကို မျိုသိပ်ပြီး ခင်မေတင့်ကို လက်ထပ်ယူလိမ့် ည်ဟု ယုံကြည်သည်။

စိုးချစ်နှင့် ပတ်သက်ပြီး သူငယ်ချင်းတွေကြားမှာ သဘော ကွဲလွဲချက် တစ်ခုသာ ရှိ၏။ ကျော်ဇင်ဦးနှင့် မင်းသီဟတို့က ချစ်အနေဖြင့် စောစောကတည်းက အဖြစ်မှန်ကို ဖွင့်ပြောခဲ့သင့် ည်ဟု ယူဆပြီး ဝိုင်းဝိုင်းနှင့် နန်းမွှေးတို့ကတော့ စိုးချစ်အဖို့ လို မျိုသိပ်နေခဲ့တာ မှန်သည်ဟု သဘောထားကြခြင်းပင် ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းတစ်ခုကတော့ ကြေကွဲစွာ အ သတ်ခဲ့ပြီ။ ခုချိန်ကျမှ 'မထူးတော့ပါဘူးဟာ၊ ဆက်ချစ်လိုက်ကြ တော့' ဟု တိုက်တွန်းလို့ မဖြစ်။

ဒီပြဿနာကို စတင်ခဲ့သူ၊ မေရီအောင်အတွက် ရေးထား သော စာကို ခင်မေတင့်ဆီ မှားပို့ခဲ့သူ ကျော်ဇင်ဦးလည်း တော် တ် စိတ်မကောင်း ဖြစ်နေသည်။ သို့ရာတွင် ဘာမျှ မတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မေရီအောင်ကလည်း ကျောင်းမှာ စိုးချစ်ကို လာ
သည်။

"ဘယ်လို ဖြစ်ကြတာလဲဟယ်၊ ဒီလောက် ချစ်ခဲ့ကြတဲ့
တွေ"

သူက ဒီပြဿနာမှာ သူ့ကိစ္စက အဓိက ကျကြော
မသိရှာ။ တခြားအကြောင်းကြောင့် လမ်းခွဲကြတာလို့ပဲ ထင်
စုတ်တသပ်သပ် ဖြစ်နေ၏။ ငါ ဘာကူညီရမလဲဟု တတွတ်တွ
မေးသည်။ စိုးချစ်က ခေါင်းသာ ခါသည်။

မေရီအောင်သည် ခင်မေတင့်ဆီကိုလည်း သွားသည
ခင်မေတင့်က အကြောင်းစုံ ဖွင့်ပြောလိုက်လေမလားဟု အား
စိုးရိမ်ခဲ့ကြသေးသည်။ ခင်မေတင့်က မေရီအောင်ကိုလည်း
တွေ့မခံခဲ့။ မေရီအောင်က အတန်းရှေ့မှာ သွားစောင့်ပြီး တွေ့
ကြိုးစားသည်။ ခင်မေတင့်ဆီက စကားတစ်ခွန်းသာ ရခဲ့
နောက်နောင် သူငယ်ချင်းတွေ သူ့ကို လာတွေ့ဖို့ ကြိုးစားလ
ကျောင်းက ထွက်ပစ်လိုက်မည်ဆိုသော ခြိမ်းခြောက်မှုပင် ဖြစ်
ဒီလိုနှင့်ပင် ခင်မေတင့်နှင့် သူတို့ကြားမှာ စည်းခြားသွားခဲ့

အမှန်အားဖြင့် ခင်မေတင့်နှင့်ကိစ္စ ပြီးပြီးပြတ်ပြတ် ရှ
ရှင်းလင်းလင်း ဖြစ်သွားခဲ့သည့်အတွက် စိုးချစ် ဝမ်းသာသင့်သည
မေရီအောင့်ကိစ္စကို လွတ်လွတ်လပ်လပ် ဆက်လက်ဆောင်ရွက်
ပြီ။ မေရီအောင့်ကို အဖြစ်မှန်တွေ ရှင်းပြ၊ 'ငါ တကယ်ချစ်ခဲ့တ
နင့်ကိုပါပဲ' ဟု ဖွင့်ပြောလိုက်ရုံပင်။

ဒီလိုမဟုတ်။ စိတ်ထဲမှာ ပိုပြီး ရှုပ်ထွေးလေးလံနေသည
ခင်မေတင့်အပေါ် တရားမျှတမှုမှ ရှိရဲ့လားဆိုသော သံသယ
အစဉ်ဖိစီးနေသည်။ ထူးဆန်းတာ တစ်ခုကတော့ မေရီအောင်



ချစ်ကြည့်လို့ မရတော့ခြင်းပင် ဖြစ်၏။

မေရီအောင့်ကို မြင်လျှင် ခင်မေတင့်ကို ဖြတ်ခနဲ သတိရမိ
တ်၏။ တစ်ဆက်တည်းမှာပင် သူ့ကိုယ်သူ အပြစ်ရှိသူ တစ်
ာတ်လို မလုံမလဲ ဖြစ်လာတတ်သည်။ တစ်ခါတစ်လေ မေရီ
ာင်နှင့် ဆုံလို့ စကားပြောရတဲ့အခါ ကျောမလုံသလို၊ နောက်
ယောင်ယောင်ပြီး လှည့်ကြည့်မိမလို ဖြစ်ရတတ်၏။ ထို့နောက်
က်မှာ မရှင်းလင်းဘဲ နောက်ကျိမှုတို့ ခံစားရ၏။ ကြာတော့
ရီအောင့်ကို မတွေ့ရဲ မဆုံရဲလောက်အောင်ပင် ဖြစ်လာ၏။

ဒီလိုနှင့် နှစ်အတန် ကြာလာခဲ့ပြီးနောက် သတင်းတစ်ခုကို
ားရသည်။ ခင်မေတင့် လက်ထပ်တော့မည်တဲ့။ ထိုသတင်းကို
ားသောအခါ စိုးချစ် တုန်လှုပ်ချောက်ခြားသွားသည်။

အလွန်ထူးခြားသော ခံစားမှုတစ်မျိုးသည် သူ့ရင်မှာ ဖြစ်
လာသည်။ နှမြောတသသောစိတ်ပင် ဖြစ်၏။ ခင်မေတင့်ကို
ရမ်းသတိရ လွမ်းဆွတ်မိသည်။ ဆောက်တည်ရာ မရလောက်
ာင် ပူဆွေးမိသည်။ ဒီတော့မှ သူ့ကိုယ်သူ နားလည်သဘော
ါက်လာသည်။ သူသည် ခင်မေတင့်ကို တကယ်ချစ်နေခဲ့မိတာပါ
လား။ သို့ရာတွင် နောက်အကျကြီး ကျခဲ့ပြီ။

နောင်တဆိုသည်မှာ ဘယ်သောအခါမှာမှ ကြိုကြိုတင်
င် သိရတတ်သော အရာမျိုး မဟုတ်။

... ပြီးပါပြီ ...

www.burmeseclassic.com

နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ စိုးချစ်သည် သူ့ကိုယ်သူ ကျိန်စာသင့်နေသူတစ်ယောက်လို သဘောထားနေခဲ့သည်။ သူ ဘ၀ကို ကဗျာတွေစာတွေထဲမှာသာ နှစ်မြှုပ်ထားလိုက်တော့သည်။

သူ ညနေတိုင်း အရက်သောက်တယ်ဆိုတာတော့ မှန် သည်။ သို့ရာတွင် အသည်းကို အရက်နှင့် စိမ်ထားတယ် ဆိုတာမျိုး တော့ မဟုတ်။ သူ အရက်သောက်ရတာ ခင်မေတင့်ကို မေ့သွား အောင်လို့လည်း မဟုတ်။ အရက်သောက်ပြီးလျှင် ခင်မေတင့်ကို လွမ်းလို့ ပိုကောင်းသောကြောင့်သာ ဖြစ်၏။ အသည်းကို ကဗျာထဲ မှာ စိမ်ထားပြီး အလွမ်းကို အရက်ထဲမှာ စိမ်ထားခြင်း ဖြစ်သည်ဟု ဆိုလျှင် ပိုမှန်လိမ့်မည် ထင်၏။

ဒီနေ့တော့ ထူးထူးခြားခြား ခင်မေတင့်ကို ပို၍သတိရမိ ၏။ ထို့ကြောင့် ဒီနေ့ နည်းနည်း ပိုသောက်ဖြစ်လိမ့်မည် ထင်သည်။





ခါတိုင်းက ဘီအီးတစ်ပိုင်း ပုံမှန်သောက်နေကျ ဖြစ်၏။ ဒီနေ့တော့ တစ်စိတ်လောက် ထပ်ဆောင်းချင် ဆောင်းသွားနိုင်သည်။

သူ စာသင်ပေးနေသော ဆယ်တန်း ကလေးတွေ ပြန် သွားတော့ ညနေ လေးနာရီခွဲလောက်သာ ရှိသေးသည်။ သူက ညနေတော်တော်စောင်းမှ သောက်နေကျ။ ဒီနေ့တော့ စောစောပဲ စလိုက်ရ ကောင်းမလား စဉ်းစားနေတုန်း. . . အောက်ထပ်က ကောင်လေး တက်လာသည်။

“စာပို့သမား စာတစ်စောင် လာပေးသွားတယ်၊ စောစော က အစ်ကို စာသင်နေလို့ တက်မပေးဖြစ်တာ”

ဟု ပြောပြီး စာတစ်စောင် ပေးသည်။

စာအိတ်ပေါ်မှာ သူ့လိပ်စာကို အင်္ဂလိပ်လို ရေးထား သည်။ နိုင်ငံခြားက လာသောစာ ဖြစ်၏။ တံဆိပ်ခေါင်းနှင့် တံဆိပ် တုံးကို ကြည့်လိုက်တော့ ဩစတြေးလျမှ လာသောစာ ဖြစ်ကြောင်း သိရသည်။ ဩစတြေးလျမှာ သူ့အသိမိတ်ဆွေ မရှိ။ တစ်စုံတစ်ခု ကို ဖြတ်ခနဲ တွေးလိုက်မိပြီး စာအိတ်ကို အမြန်ဖောက်လိုက်မိ သည်။ စာကို ဆွဲထုတ်ပြီး ဖြန့်လိုက်သည်။ သူ့လက်တွေ တုန်နေ ၏။

လှပညီညာသော လက်ရေးကို မြင်လိုက်မှ သူထင်သလို မဟုတ်ကြောင်း သိရသည်။

စိုးချစ်

ဒီစာကိုဖတ်ရတာ ဖဲ့ဩမှာပဲ။ ဘယ်သူများပါလိမ့်လို့လဲ တွေးမိမှာပဲ၊ မေရီအောင်ဆိုရင်တော့ မမေ့လောက်သေးပါဘူးနော်။ ဟုတ်ပါတယ်၊ တို့ မေရီအောင်ပါ။ စာရေးချင်နေတာတော့ ကြာပါ

www.burmeseclassic.com

ပြီ၊ ခုမှပဲ အကြောင်းတိုက်ဆိုင်လို့ ရေးဖြစ်တော့တယ်။ တို့လဲ အော်ဇီကို ရောက်နေတာ တော်တော်ကြာပြီ။ အလုပ်အကိုင်လဲ အဆင်ပြေပါတယ်၊ မဆိုးပါဘူး။ ကိုယ်ပိုင် စားသောက်ဆိုင်လေး ဖွင့်ထားတယ်၊ တစ်ပြည်တစ်ရွာ ရောက်နေပေမယ့် သူငယ်ချင်းတွေကို အမြဲသတိရလျက်ပါ။ အထူးသဖြင့် ငယ်ငယ်က အကြောင်းတွေ စဉ်းစားမိရင် ပျော်လဲ ပျော်တယ်၊ လွမ်းလဲ လွမ်းတယ်၊ အခုလဲ ငယ်ငယ်က အကြောင်းတစ်ခုကို ပြောချင်လို့ စာရေးလိုက်တာပါ။ တခြားမဟုတ်ပါဘူး၊ ခင်မေတင့်အကြောင်းပေါ့။

ခင်မေတင့်တို့ လင်မယား စင်ကာပူကို ထွက်သွားတာတော့ စိုးချစ် သိမှာပေါ့၊ အဲဒီကတစ်ဆင့် မလေးရှားကို ရောက်သွားတယ်။ ခင်မေတင့်က မလေးမှာ လာအခြေစိုက်တဲ့ ဩစကြေးလျှန်း ကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ သူက တော်လဲ တော်၊ ကြိုးလဲ ကြိုးစားတော့ ကုမ္ပဏီကပဲ အော်ဇီကို လွှတ်လိုက်တာ။ နေရာကောင်းလဲ ရတယ်၊ လခလဲ ကောင်းတယ်။

သိတဲ့အတိုင်းပဲ၊ တစ်ပြည်တစ်ရွာမှာ ဆိုရင် အရင်က တစ်ခါမှ မသိခဲ့တဲ့ မြန်မာချင်းတောင် အချိန်တိုအတွင်းမှာ ဆွေမျိုးရင်းချာလို ဖြစ်တတ်တာ၊ ခုလို ငယ်သူငယ်ချင်းချင်း ဒီမှာ လာဆုံတော့ တို့နဲ့ ခင်မေတင့်တို့ဟာ ညီအစ်မအရင်းလို ဖြစ်သွားတော့တာပေါ့။ တို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ချက် ဆိုတာ မရှိတော့ဘူးလေ။

တစ်ခါတော့ တို့ သိပ်သိချင်နေတဲ့ ကိစ္စတစ်ခု သူ့ကို မေးကြည့်မိတယ်။ စိုးချစ်နဲ့သူနဲ့ ဘာကြောင့် လမ်းခွဲခဲ့ရတာလဲ ဆိုတာပဲပေါ့။ သူက အဖြစ်မှန်ကို ဒီတော့မှ ဖွင့်ပြောပြတာပါ။ တို့လဲ အရမ်း အံ့ဩတုန်လှုပ်သွားတယ်။ မျက်နှာလဲ ပူမိတယ်။





...ကယ်တော့ တို့က လှုလှုပပ ဝတ်စားပြင်ဆင်ချင်တယ်၊ လွတ်...တ်လပ်လပ် ပျော်ပျော်ပါးပါး နေချင်တယ်၊ ဒါပဲ။ ရည်းစားတွေ...ာတွေ ထားချင်စိတ်လဲ မရှိဘူး၊ အိမ်ထောင်ရေးလဲ စိတ်မဝင်စား...။ ဒါကြောင့် ခုထိ အပျိုကြီးပဲ လုပ်နေတာပါ။

ခင်မေတင့်က ဖရင်ကီကို မချစ်ခဲ့ပါဘူး။ မိဘတွေ စီစဉ်...ဂက တစ်ကြောင်း၊ သူ့အနေနဲ့ ဘဝသစ်တစ်ခုကို ထူထောင်ချင်...ဂက တစ်ကြောင်းကြောင့် လက်ထပ်ခဲ့တာ၊ သူ တကယ်ချစ်တာ...လောကကြီးမှာ တစ်ယောက်တည်းပဲ ရှိတယ် ဆိုတာ စိုးချစ်...မှာပါ။

ခင်မေတင့်ဟာ အချစ်ရေးမှာသာ မဟုတ်ဘူး၊ အိမ်...တင်ရေးမှာလဲ ကံမကောင်းရှာပါဘူး။ ဖရင်ကီကလဲ သူ့ကို...ကယ်ချစ်တာ မဟုတ်ဘူး။ သူတို့ဖက်က ငွေပဲ ရှိတယ်၊ ပညာ...ဘူး။ ဒါကြောင့် ဗိသုကာဘွဲ့ရတဲ့ ခင်မေတင့်ကို လိုချင်တာ။

ဖရင်ကီက လက်ကြောလဲ မတင်းဘူး၊ မိဘက ငွေရှိတယ်...ပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စားလာခဲ့တာ။ အဆိုးဆုံးကတော့ မိန်းမ...စွ ရှုပ်ချင်တာပဲ၊ ဘယ်လောက်ထိအောင် ရှုပ်သလဲဆိုတော့...ကိုတောင် လာပြီး ချဉ်းကပ်တဲ့အထိပါပဲ။

စဉ်းစားကြည့်ပါဦးဟယ်၊ ခင်မေတင့်နဲ့ ပတ်သက်တဲ့...ဟတ်ျားတွေဟာ တို့နဲ့ချည်း လာလာပြီး ဘာကြောင့် ဆက်နွယ်...ရတာလဲ။ တို့ရဲ့ ကုသိုလ်ကံကိုက ဒီလိုပဲ ဖန်တီးလာတာလား။ ...များချစ်သူတွေ၊ လင်မယားတွေကြားမှာ ပြဿနာဖြစ်စေတဲ့ ...ဝရှင်မျိုးလား။ ငါလဲ ဘာမှ မလုပ်ရပါဘဲနဲ့ဟယ်။ ဒါလဲ ဝဋ်ကြွေး...စ်မျိုး ထင်ပါရဲ့။ တို့လေ ခင်မေတင့်နဲ့ မျက်နှာချင်းဆိုင်ရမှာ...ာင် ရှက်စရာ ကောင်းသလို ထင်မိတယ်။ ခင်မေတင့်ကတော့


www.burmeseclassic.com

www.burmeseclassic.com

သဘောထား ကြီးရှာပါတယ်။ တို့အပြစ် မဟုတ်ဘူးဆိုတာလဲ သူ
သိပါတယ်။

ဒါပေမယ့် သူတို့ရဲ့ အိမ်ထောင်ရေးကတော့ ပြိုကွဲဖို့ကို
ဦးတည်သွားပြီ။ ငါနဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုတည်းကြောင့်တော့
မဟုတ်ပါဘူး။ ဟိုအရင်ကတည်းက ရှိခဲ့တဲ့ ပြဿနာတွေ စုပြီး
ခုမှ ပေါက်ကွဲတဲ့သဘောပါ။

ခင်မေတင့်က မြန်မာပြည်ကို ပြန်သွားခဲ့တယ်။ အဲဒါတွေ
ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖြစ်ခဲ့တာပါ။ ရန်ကုန်မှာ ခင်မေ
တင့်နဲ့ ဆုံမိသေးလား၊ ထင်တော့ သိပ်မထင်ဘူး။ ခင်မေတင့်က
သူငယ်ချင်းတွေနဲ့ ပြန်ဆက်သွယ်လိမ့်မယ် မထင်ဘူး။ တို့ဆီကို
တော့ စာလှမ်းရေးပါတယ်။

ဒီလိုနဲ့ တလောတုန်းကတော့ ခင်မေတင့်ယောက်ျား ဖ
ရင်ကီ ငါ့ဆီ ရောက်လာပြန်တယ်။ မကြာခင် သူ ရန်ကုန်သွားမယ့်
အကြောင်း၊ ခင်မေတင့်နဲ့ ကွာရှင်းပြတ်စဲဖို့ကိစ္စ အပြီးသတ် လုပ်ခဲ့
မယ့် အကြောင်း၊ သူ ပြန်လာတဲ့အခါ တို့ကို လက်ထပ်ချင်တဲ့
အကြောင်း လာပြောတယ်၊ ဒီတစ်ခါတော့ တို့လဲ ဘယ်လိုမှ သည်း
မခံနိုင်တော့လို့ ဖရင်ကီကို ပါးပိတ်ရိုက်မိတယ်။

အဲဒါပါပဲဟာ။ ဒီအကြောင်းတွေ စိုးချစ်ကို တို့ ဘာဖြစ်လို့
ပြောပြနေရတာလဲဆိုတာတော့ ကိုယ့်ဘာသာပဲ စဉ်းစားကြည့်ပါ
တော့။ စိုးချစ်က မြန်မာစာနဲ့ ဘွဲ့ရထားတဲ့ ကဗျာဆရာ တစ်
ယောက်ပဲလေ။ ဝက်ဝုတ္တိ အလင်္ကာကို တို့ထက် ပိုပြီး နားလည်မှာ
ပါနော်။

ခင်တဲ့ သူငယ်ချင်း
မေရီအောင်



ကျော်ဇင်ဦးက ရေတွင်းဘောင်ပေါ်မှာ ထိုင်ပြီး မေရီ
အောင်၏ စာကို ဖတ်နေသည်။ မင်းသီဟကပါ ဘေးက ဝင်ဖတ်
သည်။ ပထမ တစ်မျက်နှာ ဖတ်ပြီး စာရွက်ကို လှန်မည်အပြု
မင်းသီဟက. . .

"ငါ ဖတ်လို့မပြီးသေးဘူးကွ"

ဟု ပြောသည်။ ကျော်ဇင်ဦးက. . .

"မင်းက ခုထိ စာဖတ်နှေးတုန်းပဲ"

"မင်းလို ငယ်ငယ်က စာခိုးချနေကျ ကောင်မျိုး မဟုတ်
တော့ ဘယ်မြန်မြန်ဖတ်နိုင်မလဲကွ"

ဟု မင်းသီဟက ပြန်ပြောသည်။

"ဒါဆိုလဲ မင်းဘာသာ ဖတ်တော့"

ပထမ စာမျက်နှာကို မင်းသီဟဆီ လှမ်းပေးပြီး သူက
ဒုတိယ မျက်နှာကို ဆက်ဖတ်သည်။

စိုးချစ်ကတော့ စတင်ဖြိုဖျက်နေသော တဲအိမ်စုဆီ ငေး
ကြည့်နေ၏။ တဲအိမ်စုထဲတွင် သွပ်မိုး ထရံကာ အိမ်က နှစ်လုံး
သုံးလုံးလောက်သာ ရှိ၏၊ အများစုကတော့ ဓနိမိုး ဝါးထရံကာများ
သာ ဖြစ်၏၊ ဖျက်နေတာကမှ ပင်ပန်းတာ အဖတ်တင်ဦးမည်၊
ဒီအတိုင်း ထားခဲ့လည်း ဘာမှ တန်ဖိုးရှိမှာ မဟုတ်၊ သို့ရာတွင်
သူတို့အဖို့တော့ ဝါးလုံးတစ်လုံး ထရံတစ်ပိုင်းလောက် အကောင်း
ပြန်ရလည်း မနည်းဘူးဟု ယူဆကြဟန် တူသည်။

ခပ်လှမ်းလှမ်းမှာတော့ အလုပ်သမားတစ်သိုက်သည် ခြံ
ဝင်းခတ်ဖို့ တိုင်စိုက်ရန်အတွက် ကျင်းများ တူးနေကြသည်။

ကျော်ဇင်ဦးနှင့် မင်းသီဟတို့ စာဖတ်လို့ ပြီးသွားသည်

"အေးကွ. . . ခင်မေတင့် ပြန်ရောက်နေတာ သုံးနှစ်

www.burmeseclassic.com


လောက် ရှိပြီ–ဒါပေမယ့် သူက အားလုံးကို အဆက်ဖြတ်ထားတော့ ဘယ်သိကြမလဲ၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ ရုံးတစ်ရုံးမှာ သူ့ကို တွေ့ခဲ့တဲ့လူက ပြန်ပြောပြလို့ သိကြရတာ၊ ဝိုင်းဝိုင်းက သွားတွေ့မယ်လို့ စိတ်ကူးသေးတယ်၊ ဒါပေမယ့် ခင်မေတင့် ကိုယ်တိုင်က မတွေ့ချင်လို့ အဆက်အသွယ် ပြန်မလုပ်တာ မဟုတ်လား၊ ဒါကြောင့် မသွားဖြစ်တော့ဘူး၊ မင်းကိုလဲ ပြောပြမလို့ပဲ၊ အဟောင်းတွေ အသစ်ဖြစ်တာပဲ အဖတ်တင်မယ်ဆိုပြီး မပြောဖြစ်ခဲ့တာ"

ဟု ကျော်ဇင်ဦးက ပြောသည်။ မင်းသိဟကလည်း. . .

"ခင်မေတင့်က အခု ချမ်းသာနေပြီကွ၊ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု ထောင်ထားတယ်၊ အဲ. . . မင်းကို ပြောပြရဦးမယ်ကွ၊ အခု ဒီမြေကွက်ကြီးကို ဝယ်လိုက်တဲ့ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်က တခြားလူ မဟုတ်ဘူးကွ၊ ခင်မေတင့်ပဲ"

"ဘာ"

စိုးချစ် တွေသွားသည်။ 'ဒီလောက်တောင် တိုက်ဆိုင်သလား' ဟု ရေရွတ်သည်။

"တိုက်ဆိုင်တာ သက်သက်ပဲလား၊ တခြားအကြောင်း ရှိသေးသလားဆိုတာတော့ သူကိုယ်တိုင်မှ သိမှာပဲ၊ ငါတို့အားလုံးကို အဆက်အသွယ် ဖြတ်ထားတယ် ဆိုပေမယ့် ဒီနေရာကို သူ မမေ့နိုင်သေးဘူးဆိုတာတော့ သေချာတယ်၊ ဘာပဲဖြစ်ဖြစ် မေရီအောင့်စာထဲမှာ ရေးထားပုံအရဆိုရင်"

ကျော်ဇင်ဦး၏ စကားမဆုံးခင်မှာပင် ကျင်းတူးနေသော အလုပ်သမားအဖွဲ့ခေါင်းဆောင် ဖြစ်ပုံရသူသည် သူတို့ဆီ လျှောက်လာသည်။

"မီးခြစ်ကလေးများ မပါဘူးလား"



စိုးချစ်က အိတ်ထဲက မီးခြစ်ကို ထုတ်ပေးလိုက်သည်။ ထိုသူက ဆေးပေါ့လိပ်ကို မီးညှိသည်။ မီးခြစ် ပြန်ပေးရင်း. . .

"ကျေးဇူးပဲ"

ဟု ပြောပြီး လှည့်ထွက်မည် ပြုပြီးမှ တုံ့ခနဲ ရပ်သွားသည်။ ကုံကော်ပင်ကြီးဆီ လှမ်းကြည့်ပြီး. . .

"ဟာ. . . ဒီအပင်ကြီးက ထူးခြားလှချည်လား၊ ဆောင်းတွင်းတောင် မကုန်တတ်သေးဘူး၊ အဖူးတွေ ဖူးနေပြီ၊ အင်း. . . နွေမြောစရာ ကောင်းလိုက်တာဗျာ"

စိုးချစ်သည် ကုံကော်ပင်ကြီးဆီ လှမ်းကြည့်မိ၏။ ဒီနှစ်ကျမှ အဖူးတွေက ခါတိုင်းထက် ပိုများနေသလားပဲ။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မနက်ပိုင်း လုပ်ရသောအလုပ်သည် ပျော်ရွှင်တက်ကြွဖွယ် မဟုတ်။ အထူးသဖြင့် မိန်းမတစ်ယောက်အတွက် မလုပ်သင့်သော၊ မလုပ်ချင်သော ကိစ္စတစ်ခု။

ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးရခြင်းပင် ဖြစ်၏။ နှစ်ဖက်ရှေ့နေများ ဆွေးနွေးခဲ့ကြစဉ်တုန်းက ဖရင်ကီ တောင်းဆိုသမျှ အချက်အလက် တော်တော်များများကို ခင်မေတင့် လိုက်လျောခဲ့သည်၊ နှစ်ဦးပိုင် ငွေကြေးနှင့် ပစ္စည်းများ ခွဲဝေမှုနှင့် ပတ်သက်ပြီး ဖရင်တီ တောင်းဆိုသော အချက်အချို့သည် တော်တော် တရားလွန်သည်၊ သူ့ဘက်က မှားနေပါလျက် သူကပဲ လျော်ကြေး ပြန်တောင်းသလို သဘောမျိုး ဖြစ်နေ၏၊

ခင်မေတင့် ရှေ့နေက အတော် စိတ်ဆိုးသွားပြီး လုံးဝမလိုက်လျောနိုင်ဟု ဆိုသည်။ ဖရင်ကီ၏ ရှေ့နေကတောင် ဥပဒေ





ကြောင်းအရ ဒါမျိုး တောင်းဆိုလို့ မရနိုင်ကြောင်း သတိပေးသေးသည်။ ခင်မေတင့်ကတော့ ဒီလိုလူမျိုးနှင့် ကွာရှင်းပြတ်စဲရမည်ဆိုလျှင် ရှိသမျှအားလုံး ပေးလိုက်ရလျှင်တောင် တန်သည်ဟု သဘောထားပြီး တောင်းသမျှ ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ပြန်ထွက်လာတော့ စားမှုနှစ်မျိုးကို တစ်ပြိုင်နက်တည်း ရရှိလိုက်၏။ တစ်မျိုးကအိမ်ထောင်တစ်ခု ပြိုကွဲခြင်းသည် ဘယ်သူ့အပြစ်ကြောင့်ပဲဖြစ်ဖြစ်၊ န်းမတို့အတွက် အရှက်ရစရာ အကြောင်းတစ်ခု ဖြစ်၏။ ထို့ကြောင့် ငါ တစ်ခုလပ် ဖြစ်သွားပါပကောလားဟု တွေးမိခြင်းနှင့်။

နောက်တစ်ခုကတော့ ဒဏ်ပေးခံရခြင်းမှ လွတ်လပ်ခွင့်ရသွားသော ကျောင်းသားငယ်တစ်ယောက်လို စိတ်မှာ ပေါ့ပါးလန်းဆန်းသွားရ၏၊ သူ့ကို ဒဏ်ပေးခဲ့သူကတော့ ကံကြမ္မာဆိုသောကျောင်းအုပ်ဆရာကြီးပင် ဖြစ်၏။

ကားပေါ် ရောက်တော့ ရုံးခန်းကို ဖုန်းလှမ်းဆက်ဖို့ သတိရသည်၊ ကွာရှင်းစာချုပ်ကိစ္စကို အနှောင့်အယှက်ကင်းကင်း လုပ်ချင်သောကြောင့် လက်ကိုင်ဖုန်းကို တစ်မနက်လုံး ပိတ်ထားခဲ့သည်။ ထို့ကြောင့် လက်ကိုင်အိတ်ထဲက ဖုန်းကို ထုတ်ပြီး ခလုတ်ဖွင့်လိုက်၏၊ ထိုစဉ်မှာပင် ဖုန်းခေါ်သံ မြည်လာသည်။ အရေးကြီးသော အလုပ်ကိစ္စ ရှိသဖြင့် တစ်စုံတစ်ယောက်က သူ့ဆီကို အဆက်မပြတ် ဖုန်းခေါ်နေပုံ ရသည်။ ဖုန်းကို နားထောင်လိုက်ပြီး

"ပြောပါ"

"မမလား၊ ကျွန်တော် မောင်ကျော်ပါ၊ ကျွန်တော် ဖုန်းဆက်နေတာ ကြာပြီ၊ ရုံးကိုလဲ ဆက်သေးတယ်"

မောင်ကျော် ခုလို အဆက်မပြတ် ဖုန်းခေါ်သံ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အရေးကြီးသော ကိစ္စတစ်ခု ဖြစ်နိုင်၏၊ ထို့ကြောင့်. . .တော့"

"ဘာပြဿနာ ပေါ်လို့လဲ"

ဟု မေးလိုက်သည်။

"ဒီလိုပါ မမ၊ ဒီမနက် ကျွန်တော် ဆိုက်ထဲ သွားပြီး ဂ
ကော်ပင်ကြီး ခုတ်ဖို့နဲ့ ရေတွင်းကို ဖြိုပြီး ဖို့ပစ်ဖို့ စီစဉ်ပါတယ်
သစ်ပင်ခုတ်တဲ့ အဖွဲ့တွေရော၊ ဒိုဇာရော အားလုံး အဆင်သ
ဖြစ်နေပါပြီ၊ ဒါပေမယ့် လူတစ်ချို့က အရင်ရောက်နှင့်နေပြီး ဂ
ကော်ပင်ကြီးကို မခုတ်ရဘူးလို့ လာတားနေပါတယ်"

"စည်ပင်ကလား၊ ငါတို့ ခွင့်ပြုချက် ယူပြီးပြီပဲ"

"မဟုတ်ဘူး ခင်ဗျ၊ ရပ်ကွက်ထဲက လူတွေပါ"

"ငွေလိုချင်လို့ ထင်တယ်"

"အဲဒါလည်း မဟုတ်ဘူး မမ"

"သက်သက် လာနှောင့်ယှက်တာဆိုရင်တော့ ရပ်ကွက်လ
ကြီးတွေကို တိုင်ပေါ့၊ မရရင် ရဲစခန်းကို အကြောင်းကြားလိုက်

"ဒီလိုလဲ မဖြစ်သေးဘူး မမ၊ သူတို့ကို ကြည့်ရတာ လူကြ
လူကောင်းတွေနဲ့ တူတယ်"

"လူကြီးလူကောင်း"

"ဟုတ်ကဲ့. . . အရွယ်က မမတို့လောက် ရှိပြီ၊ ပြီးတော့
အမျိုးသမီးနှစ်ယောက်လဲ ပါတယ်"

"ဘာ. . . အမျိုးသမီးနှစ်ယောက်"

ခင်မေတင့် ခေါင်းထဲမှာ စဉ်းစားစရာတွေ တဖျပ်ဖျပ်
ပေါ်လာသည်။

"ကျွန်တော်တို့က ဒီမှာ အတော်ကြာကြာ အလုပ်လုပ်ရဦး
မှာ၊ ရပ်ကွက်နဲ့ အဆင်ပြေဖို့ လိုပါတယ်၊ ကျွန်တော့်သဘောက





မောင်ကျော်က ဆက်ပြောနေသည်၊ ခင်မေတင့်က ကြား
ဖြတ်ပြီး မေးလိုက်၏။

"နေဦး၊ ကံ့ကော်ပင်ကြီးကို မခုတ်ရဘူးလို့ လာတားတဲ့လူ
တွေထဲမှာ ယောကျ်ားက သုံးယောက် ပါတယ် မဟုတ်လား"

"ဗျာ. . . မမ ဘယ်လိုလုပ် သိလဲ"

"ငါ အခု လာခဲ့မယ်"

◈ ◈ ◈

ခင်မေတင့်က 'မြန်မြန်မောင်း' ဟု အမိန့်ပေးထားသဖြင့်
ဒရိုင်ဘာသည် အရှိန်သိပ်မလျှော့ရဲဘဲ မြေနီလမ်းအတိုင်း မောင်း
လာခဲ့သည်။ ဖုန်တွေ တလိပ်လိပ် ထနေတဲ့ကြားက မောင်းလာ
သော အိဆူဇူ ထရှပါကားသည် ရုပ်မြင်သံကြား ကြော်ငြာထဲက
မြင်ကွင်းနှင့် တူနေ၏။

ရေတွင်းပျက်ကြီးနားမှာ ကားကို ရပ်နိုင်းလိုက်သည်။ အ
သင့် စောင့်နေသော မောင်ကျော်သည် ပြေးလာပြီး ကားတံခါး
ဖွင့်ပေးသည်၊ ခင်မေတင့် ကားပေါ်မှ ဆင်းသည်။

သူသည် ရေတွင်းပျက်ကြီးထဲမှာ နဂါးရှိတယ်ဆိုတာကို
ယုံတတ်သော၊ ကံ့ကော်ပင်ကြီးပေါ်က သရဲကို ကြောက်တတ်သော၊
ကံ့ကော်ပန်းကလေးတစ်ပွင့်ကို မြင်ရုံနဲ့ ရင်တထိတ်ထိတ် ခုန်တတ်
သော ကောင်မလေး မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြေကွက်ကြီးရဲ့ အရှင်သခင်၊ မြေပေါ်ရှိ အရာအား
တို့၏ ပိုင်ရှင် ဒေါ်ခင်မေတင့် လာပြီ။

သူသည် ရေတွင်းပျက်ကြီးနားသို့ လျှောက်သွားသ
ပြီးတော့ ခန့်ညားစွာ ရပ်လိုက်ပြီး ကံ့ကော်ပင်ကြီးဆီ မျက်လုံး
ကြည့်လိုက်၏။

ထင်ထားတဲ့အတိုင်းပါပဲ။ ကံ့ကော်ပင်အောက်မှာ လူ
ယောက် ရပ်နေသည်။ ကျော်ဇင်ဦး၊ မင်းသီဟ၊ ဝိုင်းဝိုင်း၊ နန်း
ပြီးတော့ သူ မှန်းဆ ထင်မြင်ထားတာနှင့် တခြားစီ ဖြစ်နေသ
သူတစ်ယောက်။

BURMESE CLASSIC .com

အကျီအဖြူလက်တိုနှင့် နက်ပြာရောင် ပုဆိုးကို သပ်
စွာ ဝတ်ထားတတ်သော၊ ရုပ်ရည် ပြေပြစ်သန့်စင်သော စိုးချစ်
မတွေ့ရ။ ဆံပင်စုတ်ဖွား၊ နွမ်းဖတ်စုတ်ချာသော အဝတ်အစား
ဝတ်ထားသော၊ ရှိရင်းစွဲ အသက်ထက် ပိုကြီးနေသည်ဟု ထ
သော လူတစ်ယောက်ကိုသာ တွေ့ရ၏။ ဒါ စိုးချစ်ပဲ ဆိုတာ
သိနေ၏။ စိုးချစ်က သူရှိရာသို့ ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး မျ
နှာ ပြန်လွှဲသွားသည်။

စတင်လှုပ်ရှားသူက ဝိုင်းဝိုင်း ဖြစ်၏။ ခင်မေတင့်ဆီ
ခပ်သုတ်သုတ် လျှောက်လာသည်။ သူ့နောက်က နန်းမွေ။
တော့ ကျော်ဇင်ဦးနှင့် မင်းသီဟ၊ စိုးချစ်ကတော့ လိုက်မလ
ကံ့ကော်ပင်အောက်မှာပင် ငိုင်တွေတွေ ရပ်ရင်း ကျန်ရစ်သ

"ဟယ်. . . ခင်မေတင့်. . . သူငယ်ချင်း၊ နင် လာမယ်
တာ ငါတို့ သိတယ်၊ ကြည့်ပါဦး၊ နင်က အရမ်းချောလာတာ

ဝိုင်းဝိုင်းက ဝမ်းသာအားရ နှုတ်ဆက်သည်။ ခင်မေ
က လေသံမှန်မှန်ဖြင့်. . .





"ငါ ရှေးဟောင်းနှောင်းဖြစ် ပြောဖို့ လာတာ မဟုတ်ဘူး၊
ယ်သူ့ကိုမှ သတိရလို့ လာတာလဲ မဟုတ်ဘူး၊ အလုပ်ကိစ္စ အ
က် ဖြေရှင်းစရာရှိလို့ လာတာ"

ဝိုင်းဝိုင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ခင်မေတင့်
မျက်နှာထား တည်တည်နှင့် ဆက်ပြောသည်။

"ငါရဲ့လုပ်ငန်းမှာ လာပြီး မနှောင့်ယှက်ကြဖို့ မေတ္တာရပ်ခံ
တယ်"

"နင့်စကားက စိမ်းကားလှချည်လား၊ သူငယ်ချင်းတွေပေါ်
နင် ဒီလို မဆက်ဆံသင့်ပါဘူး"

နန်းမွေက ဝင်ပြောသည်။ ခင်မေတင့်က. . .

"ငါ့မှာ သူငယ်ချင်းလဲ မရှိဘူး၊ ရန်သူလဲ မရှိဘူး၊ သံယော
ဉ်လဲ မရှိဘူး"

"ခင်မေတင့်. . . နင်က ဒီကံ့ကော်ပင်ကြီးကို ခုတ်လှဲပစ်
တာမလို့ဆို"

ကျော်ဇင်ဦးက မေးသဖြင့်. . .

"ဟုတ်တယ်"

"ဘယ်လို ဖြစ်တာလဲဟာ၊ ကံ့ကော်ပန်းဟာ နင် အနှစ်
က်ဆုံးပန်း မဟုတ်လား"

မင်းသီဟ ပြောသည်။

"ငါ့မှာ ကံ့ကော်ပန်းလဲ မရှိတော့ဘူး"

"ဒါပေမယ့် နှလုံးသားတော့ ရှိသေးတယ် မဟုတ်လား"

ဝိုင်းဝိုင်းက ဖြတ်မေးလိုက်၏။

"အေး. . . ရှိတယ်၊ အသက်ရှင်နေဖို့အတွက်တော့ နှလုံး
သား ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခင်မေတင့်က ဖြေသည်။ ခပ်လှမ်းလှမ်းက နားစွင့်နေမိ သော မောင်ကျော်သည် သူတို့ ပြောတဲ့စကားတွေကို ဘာမျှ နားမလည်၊ သို့ရာတွင် သူတို့သည် တစ်ချိန်က အကြီးအကျယ် ဆက်နွယ် ပတ်သက်ခဲ့ကြကြောင်းကိုတော့ ရိပ်စားမိလိုက်၏။

"ကဲ... ငါ့မှာ အချိန်မရှိဘူး၊ နင်တို့ ဒီနေရာက ဖယ်ပေး ပါ"

ခင်မေတင့်က ထပ်ပြောသည်။ ကျော်ဇင်ဦးက...

"နင်... ကံ့ကော်ပင်ကြီးကို တကယ် ခုတ်ပစ်တော့မှာ လား"

"ဟုတ်တယ်"

"ငါတို့ ခွင့်မပြုနိုင်ဘူး"

"နင်တို့နဲ့ ဘာဆိုင်လဲ၊ ဒီမြေကွက်ကို ငါ ဝယ်လိုက်ပြီ၊ ဒီမြေကြီးဟာ ငါ့မြေ"

"ဒီမြေကွက်ကိုသာ နင် ဝယ်လို့ရမယ်၊ ကံ့ကော်ပင်ကြီးကို တော့ ဝယ်လို့မရဘူး၊ ဒါ ငါတို့အားလုံး ပိုင်တဲ့အပင်"

ခင်မေတင့်က မခန့်လေးစား ဖြုံးလိုက်ပြီး...

"နင်တို့ ပိုင်တဲ့အပင်ဆိုရင် အမြစ်ကနေ တူးပြီးယူသွားကြ လေ"

နန်းမွှေးသည် ရှေ့ကို တစ်လှမ်းတိုးလိုက်၏။ ခင်မေတင့် ကို စေ့စေ့ကြည့်ပြီး...

"ဒီမှာ ခင်မေတင့်... နင်က ဟိုအရင်က ကိစ္စတွေကို စိတ်နာပြီး လက်စားချေတဲ့အနေနဲ့ ဒီကံ့ကော်ပင်ကြီးကို ခုတ်ပစ်ဖို့ ကြံစည်တာ မဟုတ်လားဟင်"

ခင်မေတင့် ဆတ်ခနဲ ခါသွား၏၊ ချက်ချင်း ပြန်ထိန်းလိုက်





ပြီးမှ...

"ဒါတွေ ငါ နားမလည်ဘူး၊ နောက်ဆုံးအနေနဲ့ ငါပြော ယ်၊ နင်တို့ ဆယ်မိနစ်အတွင်း ဒီနေရာက ထွက်သွားပါ၊ ဒါမှ ဟုတ်ရင်တော့ ငါ လုပ်စရာရှိတာ ဆက်လုပ်ရလိမ့်မယ်၊ ဒါပဲ"

စိုးချစ် ရှိရာကို တစ်ချက် လှမ်းကြည့်သည်။ စိုးချစ်က မြေပြင်ကိုသာ စူးစိုက်ကြည့်နေ၏။ ခင်မေတင့် နှုတ်ခမ်းကို ကိုက် သည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွား၏။

ထိုစဉ်မှာပင် ဘယ်သူမှ မျှော်လင့်မထားသော အသံတစ် သံကို ကြားရသည်။ စိုးချစ်က ခင်မေတင့်ကို လှမ်းခေါ်လိုက်ခြင်း ပင် ဖြစ်၏။

"ကတုံးမ"

ခင်မေတင့် ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။ သူ့တစ်ကိုယ်လုံး အားစက် တောင့်တင်းသွားသည်။ ထိုအသံသည် သူ့ကို ကြိုးကွင်း နှင့် ပစ်ပြီး ဖမ်းလိုက်သလို ရစ်ပတ်ချုပ်နှောင်ထားသည်။ ခြေတစ် လှမ်းမျှပင် ရွေ့လျားနိုင်စွမ်း မရှိတော့။

စိုးချစ်သည် ခင်မေတင့်ဆီသို့ လျှောက်သွား၏။ မျက်နှာ ချင်းဆိုင် ရပ်လိုက်သည်။ သူ့လက်ထဲမှာ ကံ့ကော်ပန်းတစ်ပွင့်။ ခင်မေတင့်ဆီသို့ ကမ်းပေးလိုက်သည်။ ခင်မေတင့်က ပန်းပွင့်ကို ကြည့်နေသည်။ စိုးချစ် ပြောသည်။

"ကံ့ကော်ပင်ကြီးကို အမြစ်ကနေ တူးဖော်ခုတ်လှဲလိုက်ရုံနဲ့ အတိတ်က အဖြစ်အပျက်တွေဟာ ပျောက်ကွယ်သွားမယ်လို့ နင် ပင်နေသလားဟင်၊ ကံ့ကော်ပွင့်တွေ မပွင့်နိုင်တော့တာနဲ့ပဲ အချစ် တွေ ပြန်လည် မရှင်သန်နိုင်တော့ဘူးလို့ နင် ယူဆနေသလားဟင်"

ပန်းကို ကိုင်ထားသော စိုးချစ်၏လက်သည် တဆတ်ဆတ်


www.burmeseclassic.com

www.burmeseclassic.com

တုန်နေ၏။

"ယူပါ ခင်မေတင့်၊ ဒီပန်းဟာ ဟိုအရင်က ငါ နင့်အပေါ် စိမ်းကားခဲ့မိတဲ့ မှားယွင်းမိုက်မဲမှုတွေအတွက် တောင်းပန်တဲ့ အထိမ်းအမှတ်ပါ။ ဒီပန်းကလေးထဲမှာ ငါ့ရဲ့ နှလုံးသွေးတွေ အသက်ဝိညာဉ်တွေ စီးဝင်ရှင်သန်နေတာပါ"

ခင်မေတင့်သည် စိုးချစ်ကို ဖျတ်ခနဲ မော့ကြည့်လိုက်၏။ စိုးချစ်၏ မျက်လုံးထဲမှာ အလွမ်းရောင် သမ်းနေသည်။ ပြီးတော့ ဟိုယခင်အခါဆီကပင် ခင်မေတင့် ပြင်းပြင်းပြပြ လိုချင်တောင့်တခဲ့သော အရာကိုလည်း ထင်ထင်ရှားရှား မြင်လိုက်ရသည်။

ခင်မေတင့်သည် ကံ့ကော်ပန်းဆီသို့ လက်လှမ်းလိုက်၏။ သူ့လက်ထဲကို ရောက်လာသည့်တိုင် ထိုပန်းကလေးသည် တဆတ်ဆတ် တုန်ခနဲဆဲပင် ဖြစ်၏။ တကယ့် ကံ့ကော်ပန်း အစစ်ပါပဲလား။

မောင်ကျော်သည် စိုးချစ်နှင့် ခင်မေတင့်တို့ကို ငေးကြည့်နေမိ၏။ သူ့စိတ်ထဲမှာတော့ ထိုသူနှစ်ယောက်တို့သည် ငယ်ရာမှ ကြီးလာကြတာလား၊ ကြီးလာရာမှ ပြန်ငယ်သွားကြတာလား၊ ဝေခွဲမရ ဖြစ်နေလေသည်။

◈ ◈ ◈





ခင်မေတင့်၏ စားပွဲပေါ်က ပန်းအိုးထဲမှာ ကံ့ကော်ပန်းတွေ ဝေနေအောင် ထိုးထားတာ မြင်ရသောအခါ အတွင်းရေးမှူးမလေး အံ့ဩသွားရ၏။

ကံ့ကော်ပင်ကြီးနှင့် ရေတွင်းပျက်ကြီးကို မည်သူမျှ မတို့မထိရ။ ထိုအရာများကို ပျက်စီးအောင် ပြုလုပ်သူကို ပြင်းထန်စွာ အရေးယူမည်ဆိုသော အမိန့်ညွှန်ကြားချက် ထွက်ပေါ်လာသောကြောင့် ကုမ္ပဏီဝန်ထမ်းတွေလည်း အံ့ဩကြရသည်။

ထို့အပြင်. . .

ကဗျာတစ်ပုဒ် ရေးမှ ငွေငါးရာသာ ရသည်ဆိုသော၊ ဘီအီး အရက်ဖြူကိုသာ ကြိုက်တတ်သော၊ ဆံပင်စုတ်ဖွား နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ကြိုးတိုးကြဲတဲနှင့် ကဗျာဆရာကြီးကို သူတို့၏ သူဌေးမကြီးက လက်ထပ်လိုက်သောအခါ အကြီးအကျယ် အံ့ဩကုန်ကြရ၏။

သို့ရာတွင် အောက်ပါ အကြောင်းများကြောင့် သူတို့အားလုံး ကျေနပ်ဝမ်းမြောက်ကြလေသည်။

လက်ထပ်မင်္ဂလာ အထိမ်းအမှတ်အဖြစ် အထူးဆုကြေးငွေငါးထောင်စီ ရရှိကြခြင်း။

ကဗျာဆရာကြီးနှင့် လက်ထပ်ပြီးသည့်အချိန်မှစ၍ သူတို့သူဌေးမကြီး၏ မျက်နှာသည် အစဉ်အမြဲ ပြုံးရွှင်ကြည်လင်နေပြီး သဘောလည်း အလွန်ကောင်းလာခြင်း။

မင်းလူ

၂၅-၇-၂၀၀၂(နံနက် ၄း၂၀)


www.burmeseclassic.com